မာတာပိတု ဥပဋ္ဌာန် ဧတံ မင်္ဂလ မုတ္တမံ၊ အမိအဖတို့ကို ကောင်းစွာလုပ်ကျွေးမွေးမြူခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်၊ ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၁၇)

မကြာမီဖွင့်လှစ်မည့် ချောင်းမနက်ရေလှောင်တမံ ရေထုတ်ပြွန်ကို အပြီးသတ်ရာနှုန်းပြည့် တည်ဆောက်ပြီးစီးလျက်ရှိသည်ကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံ - မိုးအောင်)

ချောင်းမနက်ရေလှောင်တမံမကြာမီဖွင့်လှစ်မည်

တံတားဦးမြို့နယ်အတွင်းစိုက်ပျိုးရေအလုံအလောက်ပေးဝေနိုင်

ကွင်းဆင်းလေ့လာရေးသားသူ - ကျော်စိန်၊ ဓာတ်ပုံ - မိုးအောင်

ရန်ကုန် ဇန်နဝါရီ ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာပြီး နိုင်ငံတကာနှင့်ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်(၁၂)ရပ်ချမှတ်ဆောင်ရွက်လျက်ရှိရာ စီးပွားရေးဦးတည်ချက်လေးရပ်အနက် စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေးစီမံချက်တစ်ရပ်ကို ထည့်သွင်းချမှတ်အကောင်အထည်ဖော် ကြိုးပမ်းလျက်ရှိသည်။

စိုက်ပျိုးရေးကဏ္ဍအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများကို နိုင်ငံတော်က ချမှတ်အကောင်အထည်ဖော်လျက်ရှိရာတွင် အထူးသဖြင့် မိုးရေတစ်ခုတည်းကိုသာ အားထားစိုက်ပျိုးနေရသည့် မိုးခေါင်ရေရှားရပ်ဝန်းဒေသများ စိုက်ပျိုးရေရရှိရေးအတွက် နည်းလမ်းအသွယ်သွယ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။

မန္တလေးတိုင်းတွင် ချောင်းမနက်ကဲ့သို့ ဆည်ကို မလို ရေကိုသာလိုသည့် မြေပြန့်လွင်ပြင်များရှိသော နေရာဒေသများရှိရာ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏လက်တွဲပူးပေါင်း ဆောင်ရွက်မှုများကြောင့် မန္တလေးတိုင်းအတွင်းရှိ မြို့နယ်ပေါင်း ၁၇ မြို့နယ်တွင် ဆည်နှင့်ရေလှောင်တမံပေါင်း ၃၉ ခုကို တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။

ယင်းသို့ ဆည်များတည်ဆောက်ပေးနိုင်ခြင်းကြောင့် နိုင်ငံတော်က ငွေကျပ်သန်းပေါင်း ၈၈၅၃ သန်းကျော်အကုန်အကျခံ တည်ဆောက်ပေးခဲ့ပြီး ဆည်ရေသောက်နှင့် သောက်သုံးရေ ဧရိယာ ဧကပေါင်း ၃၃၂၃၅၃ ဧကကို စိုက်ပျိုးရေးအတွက် ရေများ၊ သောက်သုံးရေများ ဖြန့်ဝေပေးနိုင်ခဲ့ပြီဖြစ်သည်။

မိမိတို့သည် မန္တလေးတိုင်း ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် ကျောက်တန်းရွာ၏ အထက်ဘက် ကပ်လျက်ရှိသော ချောင်းမနက်ရေလှောင်တမံတည်ဆောက်ရာ လုပ်ငန်းခွင်သို့ ခရီးဆန့်ခဲ့ကြသည်။ ရန်ကုန်မှ မန္တလေးသို့ မြန်မာ့ မီးရထားဖြင့် ညနေ ၆ နာရီ မိနစ် ၃၀ တွင် ထွက်သော အထူးအမြန်ရထားဖြင့် ထွက်ခဲ့ကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ❁

မန္တလေးတိုင်း ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ်တွင် တည်ဆောက်ပြီးစီး၍ မကြာမီ ဖွင့်လှစ်တော့မည်ဖြစ်သော ချောင်းမနက်ရေလှောင်တမံကို ပတ်ဝန်းကျင်ရှုခင်းနှင့်ယှဉ်တွဲ၍ ဤသို့ခံ့ခံ့ထည်ထည်တွေ့ရသည်။

(ဓာတ်ပုံ - မိုးအောင်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်)

နိုင်ငံတော်၏စီးပွားရေးကဏ္ဍ အရှိန်အဟုန်ဖြင့် တိုးတက် ပိုမိုအောင်မြင်မှုရရှိစေရန် ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးဟူသော အမျိုးသားရေးပန်းတိုင်ကိုချမှတ်၍ နေ့မအားညမနား အရှိန်အဟုန်ဖြင့် ကြိုးပမ်း အကောင်အထည်ဖော်နေသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ပေါ်လာရေး ကြိုးပမ်းဆောင်ရွက်ရာတွင် စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် ပဓာနကျသည်။ နိုင်ငံတော်က စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ပုဂ္ဂလိက စက်မှုလုပ်ငန်းများကို စုစည်း၍ စက်မှုဇုန်များတည်ထောင်ပေးခဲ့သည်။ ယခုအခါ စက်မှုဇုန်၁၈ဇုန်နှင့် စက်မှုဇုန်ခွဲများ သီးသီးသန့်သန့် ဖြစ်ထွန်းလာပြီး စက်မှုဇုန်များတွင် ပုဂ္ဂလိကစက်မှုလက်မှု လုပ်ငန်းရှင်ပေါင်း ၇၀၀၀ခန့်သည် လုပ်ငန်းကဏ္ဍအလိုက် စက်မှုထုတ်ကုန်အမည်(အမယ်)မျိုးစုံကို ကြိုးကြိုးစားစား ထုတ်လုပ်နေကြသည်။ စက်မှုဇုန်များအပါအဝင် တစ်ပြည်လုံး၌ ပုဂ္ဂလိကစက်မှုလက်မှု လုပ်ငန်းပေါင်း တစ်သိန်းကျော်ရှိသည်။

စက်မှုလုပ်ငန်းများကို ထူထောင်လုပ်ကိုင်ရာ၌ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည်နှင့်အညီ လယ်ယာလုပ်ငန်းသုံး စက်ပစ္စည်းကိရိယာထုတ်လုပ်သည့် လုပ်ငန်းများကို ထူထောင်နိုင်ရန် အရေးကြီးပေသည်။ ထို့အပြင် နိုင်ငံတော်က လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင် မွေးထုတ်ပေးမှုကြောင့် ပညာရေးကဏ္ဍ အရှိန်အဟုန်ဖြင့် တိုးတက်လာသည်။ ကျေးလက်ပြည်သူတို့၏ သားသမီးများသည် ပညာဆက်လက်ဆည်းပူးနေကြသဖြင့် လယ်ယာလုပ်သားအင်အား လျော့နည်းလာသည်။ ထို့ကြောင့် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ မဖြစ်မနေ ကူးပြောင်းနိုင်ရေး ကြိုးပမ်းသွားကြရမည်ဖြစ်သည်။ လက်မှုလယ်ယာမှစက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက် အမှတ်(၂)စက်မှုဝန်ကြီးဌာန လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနရှိ စက်ရုံများနှင့် ပုဂ္ဂလိကစက်မှုဇုန်များက လက်တွန်းထွန်စက်၊ ကောက်ရိတ်စက်၊ မျိုးစေ့ချစက်၊ ခြွေလှေ့စက်၊ ရေတင်စက်၊ ကြံခုတ်စက်၊ ဒိုက်ဖြတ်စက်၊ ထွန်စက်အခြေခံမြေထိုးစက်စသည့် လယ်ယာလုပ်ငန်းခွင်သုံး စက်ကိရိယာပစ္စည်းများကို ထုတ်လုပ်လျက်ရှိသည်။

နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍနှင့် လူမှုရေးကဏ္ဍများဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရာတွင် လျှပ်စစ်စွမ်းအားသည် အရေးပါသည့် ကဏ္ဍဖြစ်သည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် လျှပ်စစ်စွမ်းအား ကဏ္ဍက ထိထိရောက်ရောက် အထောက်အကူပြုနိုင်ရန် လိုအပ်ပေသည်။ ထို့အပြင် တိုးတက်မြင့်မားလာသည့် လူနေမှု အဆင့်အတန်းနှင့်အညီ ပြည်သူလူထု၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို လုံလောက်စွာ ဖြည့်ဆည်းပေးနိုင်ရေး ကြိုးပမ်းလျက်ရှိသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ၂၀၀၁-၂၀၀၂ခုမှ စတင် အကောင်အထည်ဖော်လျက်ရှိသည့် တတိယ ကာလတိုငါးနှစ်စီမံကိန်းကာလအတွင်း လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ်၂၀၀၀ ထုတ်လုပ်နိုင်ရေးအတွက် အလတ်စားနှင့် အကြီးစား လျှပ်စစ်စီမံကိန်းများကို ချမှတ်တည်ဆောက်ခဲ့သည်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ်၂၈၀ ထုတ်လုပ်ပေးနိုင်မည့် ပေါင်းလောင်းစီမံကိန်း၊ ၇၅ မဂ္ဂါဝပ်ဓာတ်အားထုတ်လုပ်နိုင်စွမ်းရှိသည့် မုန်းချောင်းစီမံကိန်း၊ ၇၉၀ မဂ္ဂါဝပ်ထုတ်လုပ်နိုင်သည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်း၊ ၆၀မဂ္ဂါဝပ်ထုတ်လုပ်နိုင်မည့် ကွန်းချောင်း ရေအားလျှပ်စစ်စီမံကိန်း၊ ၄၀၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည့် ရွှေလီ ရေအားလျှပ်စစ် စီမံကိန်းများနှင့် ရွှေကျင်၊ ရဲနွယ်၊ ဖြူး၊ ခပေါင်းစသည့် စစ်တောင်းမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများကို တည်ဆောက်လျက်ရှိသည်။

နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ရေးသည် ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံဖြစ်သည်။ ထို့ကြောင့် ဒေသဖွံ့ဖြိုးရေး၏ အခြေခံဖြစ်သော လမ်း၊ တံတားများကို အထူးဦးစားပေးဆောင်ရွက်ပေးခဲ့သည်။ နိုင်ငံတော်က နယ်စပ်ဒေသများ၌ လမ်း၊ တံတားများကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ဘဏ္ဍာငွေကျပ် ၂၇၂၄စသန်းကျော် အကုန်အကျခံပြီး မြေလမ်း ၂၈၁၂မိုင်၊ ကျောက်ခင်းလမ်း ၁၆၈၃မိုင်၊ ကတ္တရာလမ်း ၃၀၉မိုင် ဖောက်လုပ်ပေးနိုင်ခဲ့သည်။ တံတားကြီး ၄၃ စင်း၊ တံတားငယ် ၆၆၁ စင်း၊ ကြိုးတံတား၁၆စင်းတို့ကိုလည်း တည်ဆောက်ပေးနိုင်ခဲ့သည်။

သို့ဖြစ်ရာ မိဘက သားသမီးအပေါ် စေတနာထားသကဲ့သို့ နိုင်ငံတော်အစိုးရက တိုင်းရင်းသားပြည်သူများအပေါ် စေတနာထားရှိကာ နိုင်ငံတော်၏စီးပွားရေးကဏ္ဍတွင် ပါဝင်သော စက်မှုလက်မှု၊ စက်မှုလယ်ယာ၊ လျှပ်စစ်နှင့်နယ်စပ်ဒေသ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်စေရန် ကြိုးပမ်းဆောင်ရွက်ပေးမှုများကို ကြည့်ပါက အရှိန်အဟုန်ဖြင့် အောင်မြင်မှုများ ရရှိနေသည်ကို တွေ့မြင်နေရသည်။ ထိုအောင်မြင်မှုများကို တိုင်းရင်းသားပြည်သူများအားလုံးက ပိုမိုတိုးတက် အောင်မြင်မှုရရှိစေရန် နိုင်ငံချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစု အကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန်(၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မဆုတ်မနစ် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

မဟာဝိဇယစေတီ ဗုဒ္ဓပူဇနိယပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၄

မဟာဝိဇယစေတီတော်မြတ်ကြီး၏ (၁၉)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃပူဇာ ပူဇော်ပွဲများဖြင့် တပို့တွဲလဆန်း၁၄ရက်မှ တပို့တွဲလပြည့်ကျော် ၁ ရက် (ဖေဖော်ဝါရီ ၄ရက်မှ ဖေဖော်ဝါရီ ၆ ရက်) အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်သည်။

ဗုဒ္ဓပူဇာအနေဖြင့် တပို့တွဲလပြည့် (ဖေဖော်ဝါရီ၅ ရက်)နံနက်၅နာရီခွဲတွင် ဗုဒ္ဓမြတ်စွာဘုရားကို ဆွမ်းတော်ကြီးကပ်လှူပြီး တပို့တွဲလပြည့်ကျော် ၁ရက် (ဖေဖော်ဝါရီ ၆ ရက်) နံနက်၅နာရီခွဲတွင် စေတီတော်မြတ်ကြီးကို ဆွမ်းတော်ကြီး ကပ်လှူပူဇော်မည်ဖြစ်သည်။

တပို့တွဲလဆန်း ၁၄ရက်မှ တပို့တွဲလပြည့်ကျော်၁ရက် (ဖေဖော်ဝါရီ၄ရက်မှ ဖေဖော်ဝါရီ ၆ ရက်)အထိ ညစဉ် ညနေ၆နာရီခွဲတွင် စေတီတော်ကြီးကို ဆီမီးငါးထောင် ဆက်ကပ်ပူဇော်မည်ဖြစ်ပြီး တပို့တွဲလပြည့်ကျော် ၁ ရက် (ဖေဖော်ဝါရီ၆ရက်) နံနက်၅နာရီခွဲတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများနှင့် စေတီတော်ကြီး၏ ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများက စေတီတော်ကြီးကို ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲ ကျင်းပမည်ဖြစ်သည်။

အရဏ်ဆွမ်းကပ်

ဓမ္မပူဇာအနေဖြင့် တပို့တွဲလဆန်း ၁၄ ရက်မှ တပို့တွဲလပြည့်ကျော် ၁ ရက် (ဖေဖော်ဝါရီ ၄ ရက်မှ ဖေဖော်ဝါရီ ၆ ရက်)အထိ နေ့စဉ် နံနက်၆နာရီမှ ညနေ၆ နာရီထိ ဝတ်အသင်းများက ပရိတ်တရားတော်များနှင့် ဗုဒ္ဓဒေသနာတော်များကို ရွတ်ဖတ်ပူဇော်မည်။ တပို့တွဲလဆန်း ၁၄ ရက် (ဖေဖော်ဝါရီ၄ရက်) ည၇နာရီတွင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝါယမိန္ဒာဘိဝံသ မဟာဂန္ဓဝင်ကျောင်း၊ ကျန်စစ်သားလမ်း (၁၃)ရပ်ကွက်၊ ဒဂုံမြို့သစ်မြို့နယ် (အရှေ့ပိုင်း)ကလည်းကောင်း၊ တပို့တွဲလပြည့်(ဖေဖော်ဝါရီ ၅ ရက်) ည ၇နာရီတွင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ (ယောဆရာတော်) မဟာဝိသုဒ္ဓါရုံတိုက်သစ် ဗဟန်းမြို့နယ်ကလည်းကောင်း၊ တပို့တွဲလပြည့်ကျော် ၁ ရက် (ဖေဖော်ဝါရီ ၆ရက်) ည ၇ နာရီတွင် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဉာဏိဿရ(သီတဂူဆရာတော်) သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ၊ စစ်ကိုင်းတောင်ရိုး စစ်ကိုင်းတိုင်းကလည်းကောင်း တရားတော်များ ဟောကြားကြမည်ဖြစ်သည်။ သံဃပူဇာအနေဖြင့် တပို့တွဲလပြည့်ကျော် ၁ရက်(ဖေဖော်ဝါရီ ၆ရက်)နံနက်တွင် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများက ဗုဒ္ဓါဘိသေက အနေကဇာတင်ပြီး ဆရာတော် သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကာ ပရိတ်တရားတော်များ နာယူကြမည်ဖြစ်သည်။

ယှဉ်ပြိုင်ကြမည်

ထို့ပြင် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို တပို့တွဲလဆန်း ၁၄ ရက်(ဖေဖော်ဝါရီ ၄ ရက်)ညနေ ၄နာရီတွင် ကျင်းပမည်ဖြစ်သည်။ အဆိုပါ ထမနဲထိုးပြိုင်ပွဲသို့ ရန်ကုန်အနောက်ပိုင်းခရိုင်မှ ၁၂မြို့နယ်၊ ရန်ကုန် အရှေ့ပိုင်းခရိုင်မှ ၁၁ မြို့နယ်၊ ရန်ကုန်မြောက်ပိုင်းခရိုင်မှ နှစ်မြို့နယ်၊ ရန်ကုန်တောင်ပိုင်းခရိုင်မှ နှစ်မြို့နယ်၊ မော်တော်ယာဉ်လိုင်းများမှ ယာဉ်လိုင်း ၁၂လိုင်းနှင့် ဒဂုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အပါအဝင် အသင်းပေါင်း ၄၀ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမာရွတ် ဒေါ်သာထက် အထက်တန်းကျောင်း အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၄

ကမာရွတ် ဒေါ်သာထက် အထက်တန်းကျောင်း ကျောင်းသားကျောင်းသူဟောင်းများ၏ ၂၀၀၄ခုနှစ် အာစရိယပူဇော်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃၁ရက်(စနေနေ့) နံနက် ၉နာရီတွင် ဗဟန်းမြို့နယ် ဗဟန်း ၃လမ်းထိပ် ကန်တော်ကြီး (စက်သုံးဆီဆိုင်ရှေ့)ရှိ စွမ်းအင်ဝန်ကြီးဌာန ဓမ္မာရုံကြီးတွင် ကျင်းပမည်ဖြစ်သည်။

ဖိတ်ကြား

ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ပူဇော်ကန်တော့ကြရန် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့က ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဟိုပင်ရှေ့ အ-မ-က ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

ရန်ကုန် ဇန်နဝါရီ ၂၄

ကချင်ပြည်နယ်၏ ဟိုပင်ရှေ့ အမက ကျောင်းဆောင်သစ်ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းက အဆိုပါ ကျောင်းအဆောက်အအုံ၌ ကျင်းပသည်။

အဆိုပါကျောင်းဆောင်သစ်မှာ နိုင်ငံတော်က ထည့်ဝင်ငွေနှင့် ကျောင်းသားမိဘများထည့်ဝင်ငွေ ကျပ်၆၂သိန်းကျော် အကုန်အကျခံကာ ဆောက်လုပ်ခြင်းဖြစ်သည်။ ထို့နောက် ကျောင်း ဆောင်သစ်နှင့်ပတ်သက်သည့် စာအုပ်စာတမ်းများကို ကျောင်းအုပ် ဆရာမကြီး ဒေါ်မိမိထံ လွှဲပြောင်းပေးအပ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့
အမျိုးသားရေးဦးတည်ချက်များ

☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။

☆ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန် ထွန်းကားရေး။

☆ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး။

☆ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး။

☆ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

မိုးကုတ်ဝိပဿနာတရားပွဲ

ရန်ကုန် ဇန်နဝါရီ ၂၄

ဒဂုံမြို့နယ် ဦးဝိစာရရပ်ကွက် ဗုဒ္ဓဓမ္မဗိမာန်တော်ကြီးတွင် မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏ ဓမ္မကထိကနှင့် ကမ္မဋ္ဌာနာစရိယ ဒွိပိဋကဓရ ဘဒ္ဒန္တ ပဏ္ဍိတ(ပိဋကတ်နှစ်ပုံဆောင်) ဆရာတော်သည် ဖေဖော်ဝါရီ၁ရက်မှ ၇ရက်အထိ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာလေးပါး တရားတော်များကို နေ့စဉ်ညနေ၅နာရီခွဲမှ ၆နာရီခွဲအထိ ဟောကြားမည်ဟုသိရသည်။**(က-ပ)**

ကိုးထပ်ကြီးဘုရား ဗုဒ္ဓပူဇနီယပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၄

စမ်းချောင်းမြို့နယ်အတွင်း တည်ထားကိုးကွယ်လျက်ရှိသည့် ကိုးထပ်ကြီးဘုရား (၉၉)နှစ်ပြည့် ရွှေရတုအကြိုနှင့် (၃၁)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၂ရက် မွန်းလွဲပိုင်းက သန္တိသုခနှစ်ထပ်ဓမ္မာရုံသစ်ကြီးတွင် ပြုလုပ်သည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးလင်းက ဗုဒ္ဓပူဇနီယပွဲတော်ကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဖွဲ့စည်းထားသည့် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများ၊ အသင်းအဖွဲ့များ၊ ရပ်ကွက်ဥက္ကဋ္ဌများ၊ ဝတ်အသင်းများ၊ အလှူရှင်များ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် ဆွေးနွေးသည်။

ပွဲတော်ကြီးတွင် ဓမ္မပူဇာတရားပွဲများကို ဖေဖော်ဝါရီ ၃ ရက်မှ ၅ ရက်အထိ မွန်းလွဲ ၂ နာရီမှစ၍ အာရုံခံတန်ဆောင်းကြီးတွင် ဟောကြားမည်ဖြစ်ပြီး အသံမစဲမဟာပဋ္ဌာန်းပူဇော်ပွဲကို ဩဝါဒါစရိယဆရာတော်ကြီးများကြီးမှူး၍ ဖေဖော်ဝါရီ၇ရက်မှ ၁၃ရက်အထိ ရွတ်ဖတ်ပူဇော်ကြပြီး သံဃပူဇာအောင်ပွဲသိမ်းဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဖေဖော်ဝါရီ ၁၅ရက် ညနေ၃နာရီတွင် ဘုရားအမှူးပြု၍ သံဃာတော်အပါး ၉၀ တို့အား ရင်ပြင်တော်ပေါ်တွင် လောင်းလှူကြမည်ဖြစ်ရာ ကြိုတင်လှူဒါန်းလိုသူစေတနာရှင်များ ဂေါပကအဖွဲ့ရုံးသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၁၂၉)

ခရမ်းရေထိန်းတံခါးနှင့် ငမိုးရိပ်ရေထိန်းတံခါး တည်ဆောက်မှုလုပ်ငန်းများ ဝန်ကြီးဗိုလ်ချုပ်ညွှန့်တင်ကြည့်ရှုစစ်ဆေး

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွှန့်တင် ခရမ်းရေထိန်းတံခါး၏ အုတ်မြစ်မြေကြီးတူးဖော်မှုနှင့်ကွန်ကရစ်လောင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။
(လယ်ယာ/ဆည်မြောင်း)

ရန်ကုန် ဇန်နဝါရီ ၂၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ညွှန့်တင်သည် ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ ရန်ကုန်တိုင်း စိုက်ပျိုးရေးလုပ်ငန်းညှိနှိုင်းမှုကော်မတီဝင်များ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ချောင်းဝရွာဟောင်းအနီး၌ ဆည်မြောင်းဦးစီးဌာနက တည်ဆောက်လျက်ရှိသော ခရမ်းရေထိန်းတံခါးတည်ဆောက်ရေးစီမံကိန်းသို့ ပဲခူးမြစ်မှ စက်လှေဖြင့်သွားရောက်ပြီး ပဲခူးမြစ် ရေစီးရေလာနှင့် ခရမ်းရေထိန်းတံခါး တည်ဆောက်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆) ညွှန်ကြားရေးမှူး ဦးခင်မောင်မြင့်က ရေတံခါးတည်ဆောက်မှု၊ ရေခေါ်ရေထုတ်မြောင်း တူးဖော်မှုအတွက် ဆောင်ရွက်နေသော လုပ်ငန်းများနှင့် ရေထိန်းတံခါး၏ ဒီဇိုင်းပုံစံနှင့် တည်ဆောက်မှု လုပ်ငန်းပိုင်းတို့ကို ရှင်းလင်းတင်ပြရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်းဝင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆွေးနွေးမှာကြား

ထို့နောက်ဝန်ကြီးသည် ဌာနဆိုင်ရာများနှင့် ခရမ်းရေထိန်းတံခါး စီမံကိန်း တည်ဆောက်ရေးနှင့် ရန်ကုန်မြို့တော် မိုင်၃၀ ဝန်းကျင်(အရှေ့ခြမ်း) စိမ်းလန်းစိုပြည်ရေးလုပ်ငန်း ရေရရှိရေးနှင့် ရေထိန်းတံခါးများအခြေအနေ၊ စိုက်ပျိုးရေ ပေးဝေနိုင်မှု၊ မင်းရွာရေထိန်းတံခါး၊ ပုဂံညောင်ပင်ရေထိန်းတံခါး၊ ကျိုက်ပဒိုင် ရေထိန်းတံခါး၊ တာဝရေထိန်းတံခါး၊ ရွှေလှေရေထိန်းတံခါးတို့၏ ဆက်စပ်ရေ ပေးဝေရေးကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ယင်းနောက်ဝန်ကြီးသည် ခရမ်းရေထိန်းတံခါး တည်ဆောက်ရန် အုတ်မြစ်မြေကြီး တူးဖော်မှုလုပ်ငန်း ကွန်ကရစ်လောင်းနေမှုလုပ်ငန်းများ ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ သေသပ်ခိုင်ခံ့မှုရှိရေး၊ အချိန်မီပြီးစီးရေး၊ အရည်အသွေး၊ စံချိန်စံညွှန်းပြည့်မီရေး မှာကြားသည်။

ခရမ်းရေထိန်းတံခါးသည် ပဲခူးမြစ်နှင့် ခရမ်းချောင်းတို့ဆုံရာ၌ တည်ဆောက်လျက်ရှိရာ ရေထိန်းတံခါး တည်ဆောက်ခြင်းဖြင့် ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်း၊ သုံးခွနှင့် သန်လျင်မြို့နယ်များ၌ ရေတော်မိုးတော် လယ်ယာမြေများရရှိပြီး နွေစပါးနှင့် သီးထပ်သီးနှံများ စိုက်ပျိုးရာ၌ ရေငန်တားဆီးမှု၊ ရေချိုရရှိနိုင်မှုအပြင် ဒေသဖွံ့ဖြိုးတိုးတက်မှုများကို များစွာ အကျိုးပြုမည်ဖြစ်သည်။

ဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်နှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်အစပ်၌ ငမိုးရိပ်ချောင်းပေါ်၌ ငမိုးရိပ်ရေထိန်းတံခါးတည်ဆောက်နေမှု၊ ငမိုးရိပ်ချောင်း ဝဲယာကျေးရွာကြီး/ရှောင်ကျေးရွာ ...

ချောင်း ဝဲယာကေခြောက်ထောင်ခန့် စိုက်ပျိုးရေ ရရှိရေး၊ နွေစပါး စိုက်ပျိုးရေးအတွက် ယာယီမြေသားတမံ ပိတ်၍ ရေချိုထိန်းထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

အကျိုးရှိရှိ

ရှင်းလင်းဆောင်၌ ရန်ကုန်တိုင်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်သိန်းက ရေထိန်းတံခါး စတင်တည်ဆောက်မှုလုပ်ငန်း၊ ငမိုးရိပ်ရေလှောင်တမံ၏ ရေပိုလွှဲမှ စီးဆင်းသော ရေပိုရေလျှံများကို အကျိုးရှိရှိ ထိန်းသိမ်း၍ လှည်းကူးမြို့နယ်၌ ကျေးရွာအုပ်စု ခြောက်အုပ်စုတွင် စပါးအခြေခံ သီးထပ် နှစ်သီး၊ သုံးသီး စိုက်ပျိုးနိုင်ရေး၊ လက်ရှိဧက လေးထောင် နွေစပါးစိုက်ပျိုးမှု တို့ကို ရှင်းလင်းတင်ပြသည်။

လုပ်ငန်းပြီးစီးရေး

ဝန်ကြီးသည် ရေတံခါး တည်ဆောက်သည့် နေရာဝန်းကျင်၌ ရေရရှိရေး၊ သီးနှံစိုက်ပျိုးရေးတို့ကို မြေပုံနှင့်ကြည့်ရှုစစ်ဆေးပြီး အစေ့ချ နွေစပါးစိုက်ခင်းများ၊ အချိန်မီ စိုက်ပျိုးရေး၊ အောင်ရေရရှိရေး၊ သီးထပ်သီးနှံ ပုံစံချမှတ်စိုက်ပျိုးရေး၊ ရေထိန်းတံခါး တည်ဆောက်မှု၊ ခိုင်ခံ့သေသပ်မှုရှိရေး၊ အချိန်နှင့်တစ်ပြေးညီ လုပ်ငန်းများပြီးစီးရေး ဆွေးနွေးမှာကြားသည်။

စစ်ဆေး

ထို့နောက်ဝန်ကြီးသည် လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မင်္ဂလာတောင်ညွန့်မြို့နယ် အထက(၅) ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃ ရက်က ကျောင်းခန်းမတွင်ပြုလုပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းရီက ၂၀၀၃ခုနှစ် တက္ကသိုလ် ဝင်တန်းစာမေးပွဲ သုံးဘာသာ ဂုဏ်ထူးရှင် ကျောင်းသူမခင်အေးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၂၅-၁-၂၀၀၄
(တနင်္ဂနွေနေ့)
နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှောဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **“သင်္ခတမှ အသင်္ခတသို့”**
၉:၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား
၉:၁၁ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
၄:၃၀ ၅။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က)ပထမနှစ်(အင်္ဂလိပ်စာ) (ခ)ပထမနှစ် (ရုပ်စာပေအရေးအသား)
၅:၀၀ ၆။ အမေးကမ္ဘာတွေးစရာ
၆:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၈။ နိုင်ငံတကာသတင်း
၆:၂၀ ၉။ မိုးလေဝသသတင်း
၆:၂၅ ၁၀။ မြန်မာ့ရှုခင်း
၆:၄၀ ၁၁။ လျှပ်တစ်ပြက်
၇:၀၀ ၁၂။ ရုပ်စုံလင်ရုပ်မြင်ဇာတ်လမ်း **“အချစ်လေပြည်”** (အပိုင်း-၉)
၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၅။ လျှပ်တစ်ပြက်
၁၆။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၁၇။ ရုပ်စုံလင်ရုပ်မြင်ဇာတ်လမ်း **“သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး”** (အပိုင်း-၂၁)

ဖေဖော်ဝါရီလထုတ် ရုပ်ရှင်မဂ္ဂဇင်း

ရန်ကုန် ဇန်နဝါရီ ၂၄

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ထုတ်ဝေ၍ လာဘ်မိုးဇွေစာပေ ၃၃ လမ်း ရန်ကုန်က ဖြန့်ချိသော ရုပ်ရှင်မဂ္ဂဇင်း ဖေဖော်ဝါရီလထုတ် ထွက်ရှိလာသည်။မြန်မာရုပ်ရှင်နှင့် ဗီဒီယိုသတင်းဆောင်းပါးများ စုံလင်စွာ ဖော်ပြထားသည်။ **(အပေါ်ပုံ)**

(က-ပ)

ဗိုလ်တထောင်မြို့နယ် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကြီးက ကြီးမှူးကျင်းပသော ကလေးပြိုင်ပွဲနှင့် သားကောင်းမိခင်ပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၄ရက်က အထက (၆) အောင်ကျော်ခန်းမဆောင်တွင်ကျင်းပရာ (ခ)အုပ်စု သုံးလမှ ခြောက်လအထိ ပထမဆုရ (၁၀)ရပ်ကွက်မှ ကလေးငယ်တစ်ဦးအား မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ကြည်ကြည်သန်းက ဆုချီးမြှင့်စဉ်။(၄၀၀)

အီရတ်မြောက်ပိုင်း ကာယာရာမြို့အနီး ရဟတ်ယာဉ်ပျက်ကျ၍ ကန်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး

ဘဂ္ဂဒက် ဇန်နဝါရီ ၂၄

အီရတ်နိုင်ငံမြောက်ပိုင်းရှိ ကာယာရာမြို့အနီးတွင် အမေရိကန် ရဟတ်ယာဉ်တစ်စင်း သောကြာနေ့က ပျက်ကျသဖြင့် တပ်ဖွဲ့ဝင် ရဟတ်ယာဉ်မောင်းနှစ်ဦး သေဆုံးသွားကြောင်း စစ်ဘက်ကပြောကြားသည်။

ကီအိုဝါရဟတ်ယာဉ်သည် ကာယာရာမြို့ အနောက်မြောက်ဘက်တွင် ည ၈ နာရီခွဲခန့်၌ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း၊ ပျက်ကျရသည့် အကြောင်းရင်းကိုမသိရကြောင်း အတူပါရှိသည့် ရဟတ်ယာဉ်ကလည်း ရန်သူလှုပ်ရှားမှုကို သတိမထားမိကြောင်း စစ်တပ်က ပြောဆိုသည်။

ကာယာရာသည် အီရတ်မြောက်ပိုင်းရှိ မိုဆူးလ်နှင့် ကယ်ကွတ်ကြား၌ တည်ရှိသည်။ ကီအိုဝါရဟတ်ယာဉ်သည် လက်နက်တပ်ဆင်ထားသော ထောက်လှမ်းရေး ရဟတ်ယာဉ်ဖြစ်သည်။

အမေရိကန်တပ်များသည် ဆက်ဒမ်ဟူစိန် သစ္စာခံလက်နက်ကိုင် ခုခံရေးသမားများ၏ မကြာခဏ တိုက်ခိုက်ခြင်းကိုခံနေရရာ အထူးသဖြင့် ဘဂ္ဂဒက်မြောက်ဘက်နှင့် အနောက်ဘက်တွင် အတိုက်ခံနေရသည်။ **(အင်တာနက်)**

ဇန်နဝါရီ ၂၃ရက်က မိုဆူးလ်မြို့တောင်ဘက် ကာယာရာမြို့အနီးတွင် ကင်းလှည့် ပျံသန်းသော ကီအိုဝါအမျိုးအစား အမေရိကန် စစ်ရဟတ်ယာဉ်ကို တွေ့ရစဉ်။ (ထိုနေ့က အဆိုပါ ကီအိုဝါ အမျိုးအစား အမေရိကန်စစ်ရဟတ်ယာဉ်တစ်စင်း ၎င်းနေရာ၌ ပျက်ကျခဲ့သည်။)

(ဓာတ်ပုံ-အင်တာနက်)

ဗြိတိသျှစစ်ရဲခြောက်ဦး အီရတ်၌သေဆုံးခဲ့ရမှု စုံစမ်းစစ်ဆေးပေးရန် သေသူတစ်ဦး၏အစ်ကိုက တောင်းဆို

လန်ဒန် ဇန်နဝါရီ ၂၃

အီရတ်တွင်ဖြစ်ပွားခဲ့သော ရုန်းရင်းဆန်ခတ်မှု၌ သေဆုံးခဲ့ရသည့် ဗြိတိသျှစစ်ရဲခြောက်ဦးအနက် တစ်ဦး၏ အစ်ကိုဖြစ်သူက ၎င်းတို့သေဆုံးခဲ့ရမှုအတွက် စုံစမ်းစစ်ဆေးပေးရန် ဗြိတိသျှကာကွယ်ရေးဝန်ကြီး ဂျော့ဖ်ဟွန်းကို တောင်းဆိုလိုက်သည်။

ပြောကြား

ယင်းသည် ဟွန်း၏အခွင့်အလမ်းဖြစ်သည်ဟု တိုက်ခိုက်မှု၌ သေဆုံးခဲ့ရသော ဆီမွန် (၄၁)နှစ်၏ အစ်ကိုဖြစ်သူ တိုနီဟာမင်တွန်ဂျူဝဲလ်(၅၇)နှစ်က ကာကွယ်ရေးဝန်ကြီးဌာန အရာရှိများနှင့် ဆွေးနွေးအပြီး၌ ပြောကြားသည်။

ယင်းသို့ စစ်ဆေးခြင်းသည် မိသားစုများကို နှစ်သိမ့်ပေးနိုင်သော တစ်ခုတည်းသော နည်းလမ်းဖြစ်သည်ဟု တိုနီဟာမင်တွန်ဂျူဝဲလ်ကပြောကြားသည်။

တွေ့ဆုံ

သေဆုံးသူများ၏ မိသားစုများသည် ဖေဖော်ဝါရီ ၅ရက်၌ မစ္စတာဟွန်းနှင့်တွေ့ဆုံပြီး လူထုစုံစမ်းစစ်ဆေးမှုလုပ်ပေးရန် တောင်းဆိုကြမည်ဖြစ်သော်လည်း ဟာမင်တွန် ဂျူဝဲလ်က ထိုသို့အမိန့်ပေးရန် ကာကွယ်ရေးဝန်ကြီး၌ သတ္တိရှိ မရှိ မေးခွန်းထုတ်ထားသည်။

ဆီမွန်အလက်ဇန္ဒာဟာမင်တွန် (၄၁)နှစ်သည် အခြားစစ်ရဲတပ်ဖွဲ့ဝင်ငါးဦးနှင့်အတူ လွန်ခဲ့သည့်နှစ်က အီရတ်တောင်ပိုင်းရှိ အယ်လ်မဂျာအယ်လ်က ဘီယာ၌ ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုတွင် သေဆုံးခဲ့ရသည်။

(အင်တာနက်)

မြန်မာ့အလင်း

နိုင်ငံတကာ သတင်းများ

ဘဂ္ဂဒက်မြို့တောင်ဘက်၌ စပိန်ရဲတပ်ဖွဲ့မှူး သေနတ်ပစ်ခံရ

မက်ဒရစ် ဇန်နဝါရီ ၂၃

အီရတ်တွင် အကြမ်းဖက်မှုနှိမ်နင်းရေး ကြာသပတေးနေ့က ပြုလုပ်စဉ် စပိန်ပြည်သူ့စောင့်ကြပ်ရေး ရဲတပ်ဖွဲ့ တပ်မှူးတစ်ဦး သေနတ်ပစ်ခံရကြောင်း စပိန် ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ဘဂ္ဂဒက်တောင်ဘက် ၁၁၂မိုင်အကွာရှိ ဒါဝါနီယာအနီးတွင် စစ်ဆင်ရေးလုပ်စဉ် ကားတစ်စီးမှနေ၍ စပိန်တပ်မလုံခြုံရေး အကြီးအကဲ ဟွန်ဇာလိုပီရတ်ဇ်ဂါစီယာသည် ကြာသပတေးနေ့ နံနက်ပိုင်းက သေနတ်ပစ်ခံရခြင်းဖြစ်သည်။ ထိုပစ်ခတ်မှုတွင်အီရတ်ရဲအရာရှိတစ်ဦးလည်း ဒဏ်ရာရရှိခဲ့ကြောင်း ကာကွယ်ရေး ဝန်ကြီးဌာနက ပြောဆိုသည်။

ပီရတ်ဇ်အား ဘဂ္ဂဒက်ရှိ အမေရိကန်ဆေးရုံတစ်ရုံသို့ သယ်ဆောင်သွားခဲ့ပြီး ခွဲစိတ်ကုသပေးမည်ဖြစ်သည်။ ပီရတ်ဇ်ဂါစီယာသည် ဒါဝါနီယာတောင်ဘက် ၂၅မိုင်ရှိ ဟမ်ဆာ၌ အကြမ်းဖက်အုပ်စုဝင်များကို အီရတ်ရဲအဖွဲ့နှင့်အတူ နှိမ်နင်းစဉ် သေနတ်ထိမှန်ခံခဲ့ရသည်။

ပီရတ်ဇ်ဂါစီယာမှာ စပိန်ရဲအရာရှိနှစ်ဦးအနက် တစ်ဦးဖြစ်ပြီး စပိန်တပ်မှူးကို လုံခြုံရေးနှင့်အကြံပေးလုပ်ကိုင်နေသူဖြစ်သည်။

နိုဝင်ဘာလထဲတွင် စပိန်ထောက်လှမ်းရေးအဖွဲ့ဝင် ခုနစ်ဦး၏ ကားကို ပြောက်ကျားတို့က ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ပထမဆုံး တိုက်ခိုက်ခံရခြင်းဖြစ်ကာ သေဆုံးခဲ့ကြရသည်။ နောက်ထပ် စပိန်တစ်ဦးမှာလည်း အောက်တိုဘာလထဲ၌ ဘဂ္ဂဒက်ရှိ သူ့အိမ်အပြင်ဘက်၌ အသတ်ခံခဲ့ရသည်။

အမ်အင်အေ၊ရိုက်တာ

အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၅၀၅ဦးရှိပြီ

ဝါရှင်တန် ဇန်နဝါရီ ၂၄

အီရတ်တွင် စစ်ပွဲစသည်မှ ဇန်နဝါရီ ၂၃ရက် သောကြာနေ့ရောက်ချိန်တွင် သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ဦးရေမှာ ၅၀၅ဦး ရှိသွားပြီဖြစ်ရာ ယင်းအနက် ၃၄၉ ဦးမှာ တိုက်ပွဲ၌ သေဆုံးခြင်းဖြစ်ပြီး ၁၅၆ ဦးမှာ တိုက်ပွဲ၌မဟုတ်ဘဲ သေဆုံးခြင်းဖြစ်သည်။

သေဆုံး

စစ်ပွဲပြီးပြီဆိုသည့် မေ ၁ရက်မှစပြီး သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၃၆၇ဦး ဖြစ်သည်။ ယင်းအနက် ၂၃၄ ဦးမှာ တိုက်ပွဲ၌ သေဆုံးခြင်းဖြစ်ပြီး ၁၃၃ဦးမှာ တိုက်ပွဲ၌မဟုတ်ဘဲ သေဆုံးခြင်းဖြစ်သည်။

ဒဏ်ရာရ

စစ်ပွဲစသည်မှ တိုက်ပွဲ၌ အမေရိကန်တပ်ဖွဲ့ဝင် ၂၅၁၉ဦး ဒဏ်ရာရရှိခဲ့ပြီး ၃၉၇ဦးမှာ တိုက်ပွဲ၌ မဟုတ်ဘဲ ဒဏ်ရာရရှိခဲ့သည်။ ထို့ပြင် အီရတ်၌ ဗြိတိသျှတပ်ဖွဲ့ဝင် ၅၅ဦး၊ အီတလီ ၁၇ဦး၊ စပိန်ရှစ်ဦး၊ ဘူဂေးရီးယား ငါးဦး၊ အခြားတပ်ဖွဲ့ဝင်နှစ်ဦး၊ ဒိန်းမတ်၊ ယူကရိန်းနှင့် ပိုလန်တစ်ဦးစီ သေဆုံးခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

ဇန်နဝါရီ ၂၃ရက်က အီရတ်နိုင်ငံမြောက်ပိုင်း ရှီရာဝါရေနံမြေ၌ ဝန်ထမ်းတစ်ဦးက ရေနံပိုက်လိုင်းတစ်ခုကို ပြင်ဆင်နေစဉ်။

(အီရတ်ရှိ ရေနံပိုက်လိုင်းများ မကြာခဏဖောက်ခွဲ တိုက်ခိုက်ခြင်းခံရသဖြင့် ရေနံတင်ပို့မှုများနှောင့်နှေးကြန့်ကြာလျက်ရှိရာ ပြန်လည်တင်ပို့နိုင်ရန် ကြိုးစားနေရသည်။)

(ဓာတ်ပုံ-အင်တာနက်)

ဓာတ်ပုံနှင့်သိပ္ပံပညာရပ်များ စပရစ်မပေးပို့ နာဆာအဖွဲ့က အဆက်အသွယ် ပြန်ရအောင်ကြိုးစားနေ

ဝါရှင်တန် ဇန်နဝါရီ ၂၃

အင်္ဂါဂြိုဟ်မျက်နှာပြင်သို့ ၁၇ရက်ကြာ စူးစမ်းလေ့လာရေးလုပ်ဆောင်ပြီးနောက် နာဆာအဖွဲ့မှ အင်္ဂါဂြိုဟ်စူးစမ်းလေ့လာရေးယာဉ် စပရစ်သည် ဓာတ်ပုံများ၊ သိပ္ပံပညာရပ်ဆိုင်ရာ အချက်အလက်များ ပေးပို့ရမည့်အစား အချက်ပြအသံကိုသာ ပေးပို့လျက်ရှိခြင်းကြောင့် နာဆာအဖွဲ့သည် စပရစ်နှင့် အဆက်အသွယ် ပြန်လည်ရရှိနိုင်ရန် ကြိုးစားလျက်ရှိသည်။

ရိုးရိုးအချက်ပြသံများကိုသာ ပေးပို့နေခြင်းကြောင့် စပရစ်သည် ပြဿနာကြီးတစ်ရပ်နှင့်ရင်ဆိုင်နေရပြီး ထိုပြဿနာသည် ဘာဖြစ်သည်ကို မသိရှိရသေးဟု ဆိုသည်။

အပူချိန်မြင့်မားမှုကြောင့် ဆော့ဖ်ဝဲများ အရည်ပျော်သွားသည် သို့မဟုတ် လျှပ်စစ်ဓာတ်အား ပြတ်တောက်သွားသည်ဆိုသည်ကို နာဆာအဖွဲ့က သေသေချာချာ သိရှိနိုင်ရန် အသုံးဝင်သော အဆက်အသွယ်ရရှိခြင်း မရှိသေးဟု ဆိုသည်။ စပရစ်သည် အင်္ဂါဂြိုဟ်ကို လှည့်ပတ်နေသော ဂြိုဟ်တုနှင့် အဆက်အသွယ်ပြုလိမ့်မည်ဟု နာဆာအဖွဲ့က မျှော်လင့်ထားကြောင်း သိရသည်။

(စီအင်န်အင်န်)

အီရတ်နိုင်ငံ၏မိသားစုဆိုင်ရာဥပဒေပြောင်းလဲမှု အီရတ်အမျိုးသမီးထု ဒေါသတကြီးတုံ့ပြန်

ဘဂ္ဂဒက် ဇန်နဝါရီ ၂၃

အီရတ်နိုင်ငံမှ ရှီးယားများက တိုက်ရိုက်ရွေးကောက်ပွဲကျင်းပရန် တောင်းဆိုနေလင့်ကစား အမေရိကန်ဦးဆောင်သော နိုင်ငံများမှ တာဝန်ရှိသူများက ၎င်းတို့သတ်မှတ်ထားသည့် အစီအစဉ်အတိုင်း ဆောင်ရွက်ရန်အားသန်လျက်ရှိနေကြောင်း သိရသည်။

ထိုအတောအတွင်း အမေရိကန်တို့ ခန့်အပ်ထားသော အီရတ်အုပ်ချုပ်မှုကောင်စီကတင်ပြသည့် မိသားစုဆိုင်ရာ ဥပဒေပြောင်းလဲမှုအတွက် အီရတ်အမျိုးသမီးများ ဒေါသထွက်ကာ စိုးရိမ်မကင်းဖြစ်နေကြသည်။ အီရတ်အမျိုးသမီးများသည် ဆက်ဒမ်ဟူစိန်လက်ထက်အပါအဝင် နှစ်ပေါင်း ၅၀ ကျော် အမျိုးသားများနှင့် တန်းတူအခွင့်ရေး ရရှိခဲ့ကြသည်။ အမျိုးသမီးထု၏ ဒေါသတကြီးတုံ့ပြန်မှုကြောင့် အဆိုပါကိစ္စနှင့် ပတ်သက်ပြီး အီရတ်အုပ်ချုပ်မှုကောင်စီသည် ပြန်လည်ဆွေးနွေးလျက်ရှိကြောင်း သိရသည်။ **(စီအင်န်အင်န်)**

အုပ်ချုပ်ရေးလွှဲပြောင်းမှု အီရတ်တို့မေးခွန်းထုတ်

ဖော်လူဂျာ ဇန်နဝါရီ ၂၃

အမေရိကန်တပ်ဖွဲ့ဝင်များ ပစ်ခတ်မှုကြောင့် အရပ်သားနှစ်ဦး သေဆုံးခဲ့ပြီး ကျည်ဆန်ထိမှန်ရာများနှင့် မှန်များကွဲခြင်းတို့သည်အုပ်ချုပ်ရေးကိုအမေရိကန်တို့ လွှဲပြောင်းလိုစိတ်ရှိမရှိအီရတ်တို့က ဖော်လူဂျာမြို့၌ မေးမြန်းခဲ့ကြသည်။

အမေရိကန်တွေ လုပ်ပုံကြည့်ပါဦး၊ ကျည်ပေါက်များအားလုံးကိုကြည့်ပါ၊ ဒါတွေအားလုံးဟာ ရွေးကောက်ပွဲနှင့် တည်ငြိမ်မှုအတွက် ဘာမျှ မရှိတာကို ပြောနေပါတယ်ဟူ၍ ဖော်လူဂျာမြို့နေ မူဆာအလီက ပြောဆိုသည်။

ဇူလိုင် ၁ရက်၌ အီရတ်တို့ကို အုပ်ချုပ်ရေးလွှဲမပေးမီ လုံခြုံရေးကို အမေရိကန်တပ်ဖွဲ့ဝင်များက တိုးမြှင့်လုပ်ဆောင်နေရာ အရပ်သားများသေဆုံးမှုများနှင့်စပ်လျဉ်း၍ ဒေါသဖြစ်မှုသည် တိုးလာနေသည်။ **အမ်အင်အေ၊ရိုက်တာ**

အီရတ်နိုင်ငံ၌ ခုခံတိုက်ခိုက်မှုများဖြစ်ပွားလျက်ရှိသည်။ (ပုံမှာ အီရတ်နိုင်ငံ၌ ဇန်နဝါရီ ၂၂ ရက်တွင် ပြောက်ကျားများက ပစ်ခတ်တိုက်ခိုက်ခဲ့သည့် နေရာပြမြေပုံဖြစ်သည်။ ယင်းမြေပုံအရ ဘာကူဘာမြို့တိုက်ပွဲ၌ အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး၊ ဖော်လူဂျာမြို့တိုက်ပွဲ၌ အီရတ်လေးဦး၊ အီရတ်ရဲတပ်ဖွဲ့ဝင်နှစ်ဦးနှင့် အရပ်သားတစ်ဦးသေဆုံး သွားပြီး ဒီဝါနီရပ်၌ စပိန်တပ်ဖွဲ့ဝင်တစ်ဦးဒဏ်ရာရရှိသွားသည်။) (ဓာတ်ပုံ-အင်တာနက်)

အီရတ်သို့ စေလွှတ်ခြင်းခံရသည့် ဗြိတိသျှတပ်ဖွဲ့ဝင်များ စစ်ပစ္စည်းအလုံအလောက်မရရှိသဖြင့် မကျေနပ်မှုများ ပေါ်ပေါက်

လန်ဒန် ဇန်နဝါရီ ၂၃

အီရတ်တွင် ဖြစ်နိုင်ခြေရှိသော ဇီဝနှင့်ဓာတုစစ်မြေပြင်သို့ ဗြိတိသျှတပ်ဖွဲ့ဝင်များကို သင့်တော်သော စစ်ပစ္စည်းကိရိယာအလုံအလောက် မရှိဘဲ စေလွှတ်ခဲ့သည်ဆိုသည့် မကျေမနပ်တိုင်ကြားမှုအသစ်များ ပေါ်ပေါက်လာခဲ့သည်။

နျူကလီးယား၊ ဇီဝနှင့်ဓာတု (အင်ဘီစီ)ကာကွယ်ရေးဝတ်စုံများနှင့် စစ်လက်နက်ပစ္စည်းများ အလုံအလောက်မရှိမှုအတွက် ဗိုလ်မှူး ဘရိုင်ယင်ကူးပါးဆိုသူက ပြစ်တင်ရှုတ်ချခဲ့သည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီနှင့် ပါလီမန်တွင် အီရတ်အား စစ်ပွဲဆင်နွှဲရေးကိစ္စကို အကြိတ်အနယ် ဆက်လက်ဆွေးနွေးနေခိုက်တွင် စစ်ဘက်ပစ္စည်းများဝယ်ယူခြင်းဖြင့် စစ်ပွဲအတွက် ပြင်ဆင်နေသည်ဆိုခြင်းကို ဗြိတိသျှအစိုးရက အမြင်မခံလိုခြင်းကြောင့် ယင်းသို့ပစ္စည်းကိရိယာ မလုံမလောက်သည့်ကိစ္စ ပေါ်ပေါက်လာရခြင်းဖြစ်သည်ဟု ဒုတိယဗိုလ်မှူးကြီး ဂျိမ်းစ်ကိုဝမ်က ပြောကြားသည်။ **(အင်တာနက်)**

အီရတ်သို့လေ့လာသူများအဖွဲ့ စေလွှတ်ရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်အား တိုက်တွန်း

ဘဂ္ဂဒက် ဇန်နဝါရီ ၂၁

အီရတ်နိုင်ငံတွင် ရွေးကောက်ပွဲများ ကျင်းပနိုင်ဖွယ်ရှိမှုနှင့် ပတ်သက်၍ ကျွမ်းကျင်သူများပါဝင်သည့် အဖွဲ့တစ်ဖွဲ့ စေလွှတ်ပေးရန် အမေရိကန်နှင့် အီရတ်တာဝန်ရှိသူများက ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်ကို ဇန်နဝါရီ ၁၉ ရက်က တိုက်တွန်းလိုက်သည်။ အီရတ်နိုင်ငံတွင် ရွေးကောက်ပွဲများကျင်းပရေးကိစ္စသည် အီရတ်ရှိ ရှီးယားခေါင်းဆောင်နှင့် အမေရိကန်အစိုးရအဖွဲ့တို့အကြား အဓိကပေါ်ပေါက်နေသည့် အငြင်းပွားမှု တစ်ရပ်ဖြစ်သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်သည် အီရတ်ဆိုင်ရာ အမေရိကန်အုပ်ချုပ်ရေးမှူး ပေါလ်ဘရီမာ၊ အီရတ်အုပ်ချုပ်ရေးကောင်စီမှ အဖွဲ့ဝင်များနှင့် နယူးယောက်မြို့တွင် တွေ့ဆုံရာ၌ အထက်ပါအတိုင်း တိုက်တွန်းလိုက်ခြင်းဖြစ်သည်။ အီရတ်နိုင်ငံသို့ ကုလသမဂ္ဂလေ့လာရေးမစ်ရှင်အဖွဲ့ စေလွှတ်ရေးဆိုင်ရာ အသေးစိတ် အချက်အလက်များကို ပိုမိုသိရှိလိုသည်ဟု အာနန်က ပြောကြားသည်။

အီရတ်ဆိုင်ရာ ကုလသမဂ္ဂ အနာဂတ်အခန်းကဏ္ဍနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြရာတွင် အမေရိကန်နှင့် ဗြိတိသျှတာဝန်ရှိသူများလည်း တက်ရောက်ခဲ့ကြသည်။ တံခါးပိတ် ဆွေးနွေးပွဲမှာ နှစ်နာရီကျော် ကြာမြင့်ခဲ့သည်။ အီရတ်နိုင်ငံသို့ ကုလသမဂ္ဂ လေ့လာရေးအဖွဲ့တစ်ဖွဲ့ စေလွှတ်ရေးနှင့် သက်ဆိုင်သော လုံခြုံရေးနှင့် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များကို အသေးစိတ်ဆက်လက်ညှိနှိုင်းရန် လိုအပ်လိမ့်မည်ဟု အာနန်က ဆွေးနွေးပွဲအပြီးတွင် ပြောကြားသည်။

ဇွန် ၃၀ ရက်နောက်ဆုံးသတ်မှတ်ရပ်အမီ ရွေးကောက်ပွဲများကို ကျင်းပနိုင်မည် မဟုတ်ကြောင်း၊ ယင်းမှာအီရတ်နိုင်ငံတွင် ခုခံတိုက်ခိုက်မှုများ ဆက်လက် ဖြစ်ပေါ်နေခြင်းနှင့် မဲဆန္ဒရှင်စာရင်းကောက်ယူရန် မလွယ်ကူခြင်းတို့ကြောင့် ဖြစ်ကြောင်း ပေါလ်ဘရီမာက ပြောကြားရာ ယင်းအချက်ကို မိမိထောက်ခံသည်ဟု အာနန်က ပြောကြားသည်။ သို့ရာတွင် အီရတ်နိုင်ငံ၌ ကြားဖြတ်လွှတ်တော်တစ်ရပ် ရွေးချယ်တင်မြှောက်ရန် လုပ်ဆောင်သင့်ကြောင်း၊ သို့မှသာ အီရတ်လူ့ဘောင်ရှိ လူမျိုးစုအသီးသီး၏ ကိုယ်စားလှယ်များက နိုင်ငံရေးလုပ်ငန်းစဉ်တွင် ပါဝင်နိုင်မည်ဖြစ်ပြီး နိုင်ငံရေးအရ ပွင့်လင်းမှု ရှိမည်ဖြစ်ကြောင်း အာနန်က ပြောကြားသည်။ **(အင်တာနက်)**

ဒေးဗစ်ကယ်လီသေဆုံးမှု တရားရုံးအစီရင်ခံစာရှေ့အပတ်၌ ထုတ်ပြန်မည် အီရတ်စစ်ပွဲ၌ ဗြိတိသျှအစိုးရပါဝင်သည့်ကိစ္စ အစီရင်ခံစာ၌ရှောင်ရှားထားဟုဆို

လန်ဒန် ဇန်နဝါရီ ၂၂

ဗြိတိသျှလက်နက် စစ်ဆေးရေးမှူးဟောင်း ဒေါက်တာဒေးဗစ်ကယ်လီ မကွယ်လွန်မီက ဘီဘီစီအသံလွှင့်ဌာနမှ သတင်းထောက်နှင့် တွေ့ဆုံမေးမြန်းခန်းတစ်ခုပြုလုပ်ခဲ့ရာတွင် ဆက်ဒမ်ဟူစိန်အနေဖြင့် ၎င်း၏အဖျက်စွမ်းအား ကြီးမားသောလက်နက်များကို အသုံးချရန်ရက်ပေါင်းများစွာ၊ သီတင်းပတ်ပေါင်းများစွာ အချိန်ယူရဦးမည်ဖြစ်သည်ဟု ဒေါက်တာကယ်လီက ပြောကြားခဲ့ကြောင်းသိရသည်။

အီရတ်နိုင်ငံ၏ အစွမ်းထက် လက်နက်များထိရောက်မှုကို ဗြိတိသျှအစိုးရက ပုံကြီးချဲ့သည်ဆိုသော စွပ်စွဲပြောကြားသည့် ဒေါက်တာကယ်လီကြောင့်ဆိုသည့် အကြောင်းပြချက် ထွက်ပေါ်လာပြီးနောက်ပိုင်း၌ ဒေါက်တာကယ်လီသည် သူ့ကိုယ်သူသတ်သေသွားခြင်းဖြစ်သည်။

ဒေါက်တာကယ်လီ ယခုလို သေဆုံးခဲ့ခြင်းသည် မည်သူ့၌တာဝန်ရှိသည်ဆိုခြင်းကို တရားသူကြီးလော့ဒ်ဟတ်တန်က ထည့်သွင်းစဉ်းစားလိမ့်မည်ဟုယူဆရကြောင်း၊ အမှုနှင့်ပတ်သတ်သည့် အစီရင်ခံစာကို လာမည့်သီတင်းပတ်၌ ထုတ်ပြန်မည်ဖြစ်ကြောင်း၊ ၎င်းအမှုကိစ္စနှင့်ပတ်သက်သော မှတ်တမ်းတစ်ခုကို ဘီဘီစီ၏ ပင်နိုရာမာအစီအစဉ်မှ ယမန်နေ့က ထုတ်လွှင့်ပြခဲ့ကြောင်း သိရသည်။ ယင်းသို့ ထုတ်လွှင့်ရာတွင် ဗြိတိသျှအစိုးရနှင့် ဘီဘီစီတို့ မသင့်မြတ်သော အကြောင်းရင်းကို ဖော်ပြခဲ့သည်။ သို့ရာတွင် ထုတ်လွှင့်ရေးမှူးက ဘီဘီစီကိုရော အစိုးရဘက်ကိုပါ တစ်စုံတစ်ရာဝေဖန်ပြောကြားခြင်းမရှိကြောင်းသိရသည်။ ယင်းမှတ်တမ်းကို ပြသရာ၌ ဒေါက်တာကယ်လီနှင့် ဘီဘီစီသတင်းထောက် တွေ့ဆုံမေးမြန်းခန်းပြကွက်များကို ပြသသွားသည်။

ဒေါက်တာကယ်လီ သတ်သေသည့် အမှုအခင်းနှင့်ပတ်သက်သော တရားရုံးအစီရင်ခံစာကို ရှေ့လာမည့်သီတင်းပတ်၌ ထုတ်ပြန်မည်ဖြစ်ကြောင်း အစီရင်ခံစာထဲတွင် ထိမိသောမေးခွန်းများကို အနည်းငယ်မျှသာ ထည့်သွင်းဖြေဆိုထားကြောင်း တရားရေးဆိုင်ရာ ကျွမ်းကျင်သူများက ပြောကြားလျက်ရှိသည်။ အထူးသဖြင့် ဗြိတိသျှအစိုးရက အီရတ်စစ်ပွဲ၌ ပါဝင်ခဲ့သည့်ကိစ္စကိုရှောင်ရှားထားကြောင်း တရားရေးဆိုင်ရာ ဝေဖန်သူများက ပြောကြားလျက်ရှိသည်။ **(စီအင်န်အင်န်)**

ကုလသမဂ္ဂ၊ အမေရိကန်နှင့် အီရတ်အုပ်ချုပ်ရေးကောင်စီတို့ ဆွေးနွေး

ကုလသမဂ္ဂအီရတ်သို့ပြန်လာရေး လုံခြုံရေးအာမခံချက်မပေးနိုင်

ကုလသမဂ္ဂ ဇန်နဝါရီ ၂၂

ကုလသမဂ္ဂအဖွဲ့ အီရတ်ရှိ အမေရိကန်အရပ်ဘက်အုပ်ချုပ်ရေးအဖွဲ့နှင့် အီရတ်အာဏာပိုင်များသည် အီရတ်သို့ ကုလသမဂ္ဂအဖွဲ့ပြန်လည်လာရောက်ပြီး တာဝန်ထမ်းဆောင်ရေးကို ဆွေးနွေးခဲ့ကြသည်။ သို့သော် အမေရိကန်နှင့် အီရတ်အာဏာပိုင်များက ထိုသို့ဆောင်ရွက်ရာ၌ ကုလသမဂ္ဂအဖွဲ့အတွက် လုံခြုံရေးဆိုင်ရာ အာမခံချက်နှင့် မည်သည့်လုပ်ငန်းများ ထမ်းဆောင်ရမည်ကို ရှင်းရှင်းလင်းလင်းဖော်ပြပေးနိုင်ခြင်းမရှိဘဲ ဖြစ်ခဲ့ရသည်ဟု သတင်းများက ဆိုသည်။

ထိုဆွေးနွေးပွဲသို့ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်၊ အီရတ်အုပ်ချုပ်ရေးကောင်စီမှ ကိုယ်စားလှယ်နှင့် အီရတ်ရှိ အမေရိကန်ထိပ်သီးအုပ်ချုပ်ရေးမှူးတို့ တက်ရောက်ခဲ့ကြသည်။

ကုလသမဂ္ဂနှင့် သုံးဦးသုံးဖလှယ်တို့ ဆွေးနွေးကြရာတွင် အမေရိကန်နှင့် အီရတ်အာဏာပိုင်များက လုံခြုံရေး အာမခံချက်မပေးနိုင်သကဲ့သို့ ကုလသမဂ္ဂအနေဖြင့် မည်သည့်လုပ်ငန်းများကို ဆောင်ရွက်ရမည်ဆိုသော လိုလားချက်များကိုလည်း ပြတ်ပြတ်သားသား အသိပေးနိုင်ခြင်းမရှိခဲ့ဟုဆိုသည်။

အတွင်းရေးမှူးချုပ် ကိုဖီအာနန်က အီရတ်နိုင်ငံပြန်လည်ထူထောင်ရေးဆောင်ရွက်ရာ၌ ကုလသမဂ္ဂအနေဖြင့် လူသားချင်းစာနာသော အကူအညီများပေးရေး၊ ရွေးကောက်ပွဲကျင်းပရေးနှင့် ကြားဖြတ်အစိုးရဖွဲ့စည်းရေးကိစ္စများတွင် ပါဝင်ကူညီဆောင်ရွက်လိုကြောင်း ထပ်မံအသိပေးဖော်ပြခဲ့သည်ဟု သိရသည်။

သို့ရာတွင် ထိုသို့ တာဝန်ပြန်လည် ထမ်းဆောင်နိုင်ရေးကိစ္စမှာ လုံခြုံရေးကိစ္စအာမခံချက်ရရှိရေးနှင့် အဖွဲ့က ဆောင်ရွက်ရမည့်လုပ်ငန်းများ ရှင်းလင်းစွာသိရှိရရေးဆိုသော အချက်များပေါ်တွင် မူတည်နေသည်ဟု ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးကပြောကြားခဲ့သည်။ ကုလသမဂ္ဂ အီရတ်သို့ပြန်လည်ဝင်ရောက်ရေးမှာ အမေရိကန်နှင့် ဗြိတိသျှတို့က သာမဟုတ်ဘဲ ကမ္ဘာ့အသိုင်းအဝိုင်းက လိုလားသောကိစ္စဖြစ်သည်ဟု လေ့လာအကဲခတ်သူများက ဆိုသည်။ **(အင်တာနက်)**

ဇန်နဝါရီ ၂၂ ရက်က ဘဂ္ဂဒက်မြို့တွင် လုံခြုံရေးအတွက် ကင်းလှည့်ရန်ထွက်ခွာမည့် စစ်ယာဉ်တစ်စီးနှင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဝမ်းနည်းကြေကွဲ

ဇန်နဝါရီ ၂၃ ရက်က ဖော်လူဂျာမြို့နှင့် ရာမာဒီမြို့အကြား စစ်ဆေးရေးစခန်းတစ်ခု၌ ပစ်ခတ်မှုဖြစ်ပွားစဉ် မိသားစုဝင်တစ်ဦး သေဆုံးခဲ့ရသဖြင့် ဝမ်းနည်းကြေကွဲနေသော အီရတ်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘာကူဘာအနီးရှိ အမေရိကန်စစ်အခြေစိုက်စခန်း စိန်ပြောင်း၊ ဒုံးကျည်ဖြင့်ပစ်ခတ်ခံရ၍ ကန်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး

ဘာကူဘာ ဇန်နဝါရီ ၂၃

ဘဂ္ဂဒက်အနောက်ဘက်ရှိ ဒေသနှစ်ခုကြားတွင် တိုက်ခိုက်မှု ကြာသပတေးနေ့တွင်ဖြစ်ခဲ့ရာ သေဆုံးသူ အရေအတွက်များ များပြားကြောင်း ရဲအရာရှိတစ်ဦးက ပြောကြားသည်။

တိုက်ခိုက်မှုမှာ ဖော်လူဂျာနှင့် ရာမာဒီကြား၌ ဖြစ်ပွားခြင်းဖြစ်သည်ဟု ၎င်းရဲအရာရှိက ပြောကြားသည်။

ဒုံးကျည်များအသုံးပြု၍ ယင်းသို့ တိုက်ခိုက်ခဲ့သဖြင့် အခြားတပ်ဖွဲ့ဝင်အချို့လည်း ဒဏ်ရာအနည်းငယ်ရခဲ့သည်ဟု အမှတ်(၄) ခြေမြန်တပ်မ ပြောရေးဆိုခွင့်ရှိသူက ပြောဆိုသည်။

ယခုနောက်ဆုံး သေဆုံးမှုအရ စစ်ပွဲစတင်သည်မှ တိုက်ပွဲ၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၃၄၉ ဦး ရှိပြီဖြစ်သည်။

(အင်တာနက်)

ဒဏ်ရာရ

ထိုအတောအတွင်း ဘာကူဘာအနီးရှိ အမေရိကန်စစ်အခြေစိုက်စခန်းကို ဒုံးကျည်နှင့် စိန်ပြောင်းတို့ဖြင့် တိုက်ခိုက်ခဲ့သဖြင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးသေပြီး တစ်ဦး အကြီးအကျယ် ဒဏ်ရာရခဲ့သည်။

ဘဂ္ဂဒက်အနောက်ဘက် ဖော်လူဂျာမြို့အနီး အမျိုးသမီးများပါသော ဘတ်စ်ကား ပစ်ခတ်ခံရ

ဖော်လူဂျာ ဇန်နဝါရီ ၂၃

ဘဂ္ဂဒက်အနောက်ဘက်ရှိ အမေရိကန်အခြေစိုက်စခန်း၌ အလုပ် လုပ်သော အီရတ်အမျိုးသမီးများပါရှိသည့် ဘတ်စ်ကားကို ပြောက်ကျားတို့က ပစ်ခတ်သဖြင့် လေးဦးသေပြီး ခြောက်ဦးဒဏ်ရာရကြောင်း ရဲအဖွဲ့နှင့် ဆေးရုံမှ တာဝန်ရှိသူတို့က ကြာသပတေးနေ့၌ ပြောကြားသည်။

အီရတ်အမျိုးသမီးများပါလာသော ကားကို ဗုဒ္ဓဟူးနေ့ ညနေ ၄ နာရီ၌ ဘဂ္ဂဒက်အနောက်ဘက် ဖော်လူဂျာအနီးအရှေ့ဘက်တွင် ပြောက်ကျားတို့က ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ၎င်းတို့က ပြောဆိုသည်။

ယခုတိုက်ခိုက်မှုသည် အမေရိကန်အခြေစိုက်စခန်း၌ အလုပ်လုပ်သော အီရတ်လူမျိုးများကို တိုက်ခိုက်သည့် ပထမဆုံးအကြိမ် မဟုတ်ကြောင်း ရဲက ပြောဆိုသည်။

အမေရိကန်ဦးဆောင်သော သိမ်းပိုက်တပ်များကို တိုက်ခိုက်သည့် ပြောက်ကျားများသည် သိမ်းပိုက်တပ်များနှင့်အတူ အလုပ်လုပ်ကိုင်နေကြသော အီရတ်ရဲအဖွဲ့ စကားပြန်နှင့် အခြားအီရတ်တို့ကို မကြာခဏ တိုက်ခိုက်ခဲ့ကြသည်။

အမ်အင်အေ၊ရိုက်တာ

ကမ္ဘာ့စီးပွားရေးဖိုရမ်၌ အီရတ်အရေး ဆွေးနွေး

ဒါဗို့ ဇန်နဝါရီ ၂၃

ကမ္ဘာ့စီးပွားရေးရာ ဖိုရမ်ကို ဆွစ်ဇာလန်နိုင်ငံ ဒါဗို့မြို့၌ ကျင်းပရာတွင် အီရတ်အရေးကိစ္စကိုလည်း အကြောင်းအရာတစ်ရပ်အဖြစ် ထည့်သွင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ ဗြိတိန် နိုင်ငံခြားရေးဝန်ကြီး ဂျက်စထရောက အီရတ်နိုင်ငံ၏ အနာဂတ်လုံခြုံရေးနှင့် ပတ်သက်ပြီး ၎င်းတို့၏ ပါတီစွဲမရှိသော တပ်ဖွဲ့နှင့် လက်နက်ကိုင်တပ်ဖွဲ့များ၏ စောင့်ရှောက်မှု လိုအပ်ကြောင်း အကယ်၍ အီရတ်အစိုးရကလည်း တောင်းခံပြီး ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်နှင့် ခွင့်ပြုမည်ဆိုလျှင် နိုင်ငံတကာလုံခြုံရေးတပ်ဖွဲ့ ထားရှိမည်ဖြစ်ကြောင်း ဗြိတိန်တပ်ဖွဲ့ဝင်များကလည်း အဆိုပါလုပ်ငန်းတွင် ပါဝင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ အဆိုပါဖိုရမ်သို့ အီရတ်ဆိုင်ရာ အမေရိကန် အုပ်ချုပ်ရေးမှူး ပေါဘရီမာလည်း တက်ရောက်ရန်ရှိကြောင်း သိရသည်။

(စီအင်န်အင်န်)

အခက်အခဲကိုကုလသမဂ္ဂဖြေရှင်းပေးရန်အီရတ်တို့လိုလား အီရတ်ပြည်သူတို့တောင်းဆိုချက်ကုလကသာဖြည့်ဆည်းပေးနိုင်

ဘဂ္ဂဒက် ဇန်နဝါရီ ၂၂

အီရတ်အကြီးအကဲတစ်ဦးဖြစ်သူ အယာတိုလာစစ္စတာနီအနေဖြင့် တိုက်ရိုက်ရွေးကောက်ပွဲကျင်းပရေး တောင်းဆိုချက်နှင့်ပတ်သက်ပြီး ကုလသမဂ္ဂကမဖြစ်နိုင်ကြောင်း ပြောဆိုပါမှ ၎င်း၏တောင်းဆိုချက်ကို အလျှော့ပေးဖွယ်ရှိကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားလိုက်သည်။

အနောက်တိုင်း တာဝန်ရှိသူများက ကုလသမဂ္ဂ၏ထောက်ခံချက် အတိုင်း အမေရိကန်နှင့်အပေါင်းအပါများကလည်း လိုက်နာဖွယ်ရှိကြောင်း ပြောကြားခဲ့သည်။ အမေရိကန်တို့၏ ကျူးကျော်မှုကို အဆုံးသတ်စေမည့် အီရတ်ကြားဖြတ် အစိုးရဖွဲ့ထံသို့ အီရတ် အချုပ်အခြာ အာဏာလွှဲအပ်ရေးတွင် အမေရိကန်တို့ ကျင့်သုံးမည့် အစီအစဉ်ကို အယ်လ်စစ္စတာနီက ကန့်ကွက်နေသည့်အတွက် အဆိုပါ အစီအစဉ်မှာ အခက်တွေ့နေ ရသည်။

အီရတ်အရေးကိစ္စနှင့် ပတ်သက်ပြီး ကုလသမဂ္ဂကို တစ်နှစ်ခန့်ဘေးဖယ်ထားရာမှ အဆိုပါ အခက်အခဲကို ဖြေရှင်းရန် အမေရိကန်တို့က ကုလသမဂ္ဂပြန်လည်ပါဝင်လာစေရေး လိုလားလျက်ရှိသကဲ့သို့ အီရတ်ပြည်သူများကလည်း မျှော်လင့်လျက်ရှိသည်။

ကုလသမဂ္ဂကသာ အီရတ်ပြည်သူများ၏ လိုလားချက်နှင့်တောင်းဆိုချက်ကို ဖြည့်ဆည်းနိုင်မည်ဖြစ်ကြောင်း အမေရိကန်တို့ကို မပေးအပ်ခဲ့သည့် ၎င်းတို့၏ ယုံကြည်မှုကို ကုလသမဂ္ဂအဖွဲ့ကြီး၏ စွမ်းဆောင်နိုင်မှုဖြင့် ရိုးဖြောင့်မှုတို့အပေါ် ပေးအပ်နိုင်ကြောင်း အီရတ်တို့က ပြောကြားခဲ့သည်။ ဩဂုတ်လ ၁၉ ရက်နေ့ ဗုံးကွဲမှုဖြစ်ပွားပြီးနောက်ပိုင်း အီရတ်မှ ကုလသမဂ္ဂအဖွဲ့ထွက်ခွာသွားပြီး နောက်ပိုင်း ကလေးများ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်း၊ ဘာသာစကား သင်ကြားမှုလုပ်ငန်း၊ ရေနှင့်ရေဆိုး သန့်စင်မှုလုပ်ငန်းနှင့် လူမှုရေးလုပ်ငန်းများ ရပ်ဆိုင်းသွားပြီး တိုးတက်မှု တစ်စုံတစ်ရာမျှ မရရှိခဲ့ကြောင်း သိရသည်။

(အင်တာနက်)

အီရတ်ကြွေးမြီလျှော့ချရေး ဆော်ဒီနှင့်ကူဝိတ်ဆွေးနွေးလို

ရီယာ့ဒ် ဇန်နဝါရီ ၂၂

အီရတ်ကြွေးမြီလျှော့ချရေးကို ဆွေးနွေးလိုကြောင်း၊ သို့ရာတွင် သဘောတူချက် တစ်စုံတစ်ရာမရသေးခင် အချုပ်အခြာအာဏာပိုင်သော အစိုးရကို မြင်လိုကြောင်း ဆော်ဒီအာရေဗျနှင့်ကူဝိတ်နိုင်ငံတို့က ဗုဒ္ဓဟူးနေ့တွင် ပြောကြားကြသည်။

သို့ရာတွင် ကြွေးမြီ မည်ရွေ့မည်မျှကို လျှော်ပစ်မည်ကိုလည်းကောင်း၊ အီရတ်ရှိ အမေရိကန်အာဏာပိုင်အဖွဲ့နှင့် သဘောတူချက်ရလိုကြောင်းကိုလည်းကောင်း ဆော်ဒီအာရေဗျနှင့် ကူဝိတ် မည်သည့်နိုင်ငံကမျှ ပြောဆိုခြင်း မပြုဟု သိရသည်။

ဆော်ဒီအာရေဗျနှင့် ကူဝိတ်တို့သည် အာရပ်စော်ဘွားများနိုင်ငံနှင့် ကာတာတို့က ၎င်းတို့ရရန်ရှိသော ကြွေးမြီ အမေရိကန်ဒေါ်လာ ခုနှစ်ဘီလီယံ၏ အများစုကို လျှော်ပစ်ရန် ကတိပေးခဲ့ကြပြီးနောက် ကြေညာချက်များ ထုတ်ပြန်ခဲ့ကြခြင်း ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

အိုင်အေအီးအေနှင့် အီရန်ပူးပေါင်းဆောင်ရွက် ဖုံးကွယ်ထားရန် မည်သည့်အချက်မျှမရှိဟု အီရန်သမ္မတပြောကြား

ဒါဗို့ ဇန်နဝါရီ ၂၃

ဆွစ်ဇာလန်နိုင်ငံ ဒါဗို့မြို့တွင်ကျင်းပသော ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ အီရတ်ဆိုင်ရာ အမေရိကန် အရပ်ဘက် အုပ်ချုပ်ရေးမှူး ပေါလ်ဘရီမာ တက်ရောက်ခြင်းမရှိကြောင်း သိရသည်။

ပြောကြား

အဆိုပါ ဖိုရမ်မှာ အီရတ်နှင့် အီရန်တို့၏အရေးကိစ္စကို အဓိကထား ဆွေးနွေးကြခြင်းဖြစ်ကာ ဗြိတိန်တို့က အီရတ်စစ်ပွဲဆင်နွှဲရခြင်းအပေါ် ကာကွယ်ပြောကြားခဲ့သည်။

ငြင်းဆို

အီရန်သမ္မတ ခါတာမီသည် ဆွေးနွေးပွဲသို့ တက်ရောက်လျက်ရှိပြီး အမေရိကန်တို့စွပ်စွဲထားသကဲ့သို့ အီရန်နိုင်ငံအနေဖြင့် အစွမ်းထက်လက်နက်များ ပိုင်ဆိုင်ရန် ကြိုးပမ်းမှုမရှိခဲ့ကြောင်း အတိအလင်းငြင်းဆိုခဲ့သည်။

ပူးပေါင်း

အီရန်နိုင်ငံအနေဖြင့် နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီနှင့် ကျယ်ကျယ်ပြန့်ပြန့် ရိုးသားစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ အီရန်နိုင်ငံအနေဖြင့် ဖုံးကွယ်ထားရန် မည်သည့်အချက်မျှ မရှိကြောင်း အီရန်သမ္မတက ပြောကြားခဲ့သည်။

(စီအက်ဖ်ဆိုင်)

ဇန်နဝါရီ ၂၂ ရက်က တရုတ်နိုင်ငံတောင်ပိုင်း ကွမ်ကျိုးရှိ ပုလဲမြစ်ပေါ်တွင် တရုတ်နှစ်သစ်ကူးအထိမ်းအမှတ်အဖြစ် မီးရှူးမီးပန်းများ ပစ်လွှတ်ကာ ရောင်စုံမီးများ လှပစွာထွန်းထားသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

သုခရိပ်သာကျောင်း အသံမစဲပဋ္ဌာန်းပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၂၄

ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် ငါးထပ်ကြီးမြောက်ရပ်ကွက် လိပ်ပြာကန်တိုက် သုခရိပ်သာကျောင်း ဆရာတော်ဦးခေမာသရကြီးမှူး၍ (၁၈)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းပူဇော်ပွဲကို ယင်းကျောင်းတိုက်၌ ဇန်နဝါရီ ၃၁ ရက်မှ ဖေဖော်ဝါရီ၄ ရက်ထိ ငါးရက်တိုင်တိုင်ကျင်းပမည်ဖြစ်သည်။**(က-ပ)**

စက်မှုစွမ်းအား ခေတ်ကျော်လွှား ၂၀

အောင်စည်းခုံစေတီတော်ကြီးပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း ယဉ်ကျေးမှုဝန်ကြီး ပိုလ်ချုပ်ကြည်အောင်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၄

ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်သည် ရှေးဟောင်းသုတေသနဦးစီးဌာန(အထက်မြန်မာပြည်) မန္တလေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကြိုင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းတွင် မန္တလေးတိုင်း ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် စကားအင်းကျေးရွာရှိ မင်းကြီးစွာစော်ကဲ သက္ကရာဇ် ၇၃၆ ခုနှစ်တွင်တည်ထားခဲ့သော အောင်စည်းခုံရှေးဟောင်းစေတီတော်ကြီး ပြန်လည်ပြုပြင်ထိန်းသိမ်းရေးနှင့် ပစ္စယာအဆင့်များ၊ ကျန်ရှိနေသေးသော အင်းဝခေတ်လက်ရာ စဉ့်ကွင်းများနှင့် ဖောင်းစည်းများ မပျောက်ပျက်စေရေး၊ စနစ်တကျတူးဖော်မှုပြုနေသော လုပ်ငန်းခွင်သို့ရောက်ရှိပြီး တူးဖော်ရရှိထားသော ရှေးဟောင်းအင်းဝခေတ်လက်ရာ ဆင်းတုတော်များကို ကြည့်ရှုစစ်ဆေးသည်။ ဝန်ကြီးက ရှေးဟောင်းစေတီတော်ကြီး၏ ကြွင်းကျန်ရစ်သော ပစ္စယာအဆင့်များ မပြိုပျက်စေရန်နှင့် စဉ့်ကွင်းများကို စနစ်တကျထိန်းသိမ်းရန်၊ တွေ့ရှိထားသော ရှေးဟောင်းဆင်းတုတော်များကို လုံခြုံစွာထိန်းသိမ်းထားကြရန် တာဝန်ရှိသူများအား မှာကြားသည်။

မှာကြား

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် သတိုးမင်းဖျား၏ ခမည်းတော် တကောင်းမင်းတည်ထားခဲ့သော တကောင်းကူသိမ်တော်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး အနီးပတ်ဝန်းကျင်နေရာတစ်ဝိုက်၌ အထောက်အထားကျောက်စာများကို စူးစမ်းရှာဖွေဖော်ထုတ်ကြရန် တာဝန်ရှိသူများအား မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်လုံးချမ်းသာလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်တည်ထားရန် လှူဒါန်းနိုင်

ရန်ကုန် ဇန်နဝါရီ ၂၄

ရခိုင်ပြည်နယ် ဂွမြို့နယ် ကြွေချိုင်ကျေးရွာနှင့် တိုင်ကျိုးကျေးရွာကြားရှိ သရက်တောင် (ခေါ်)ရတနာအောင်မြေသာသနာ့ကုန်းမြေပေါ်၌ ဉာဏ်တော်အမြင့် ၁၉ပေ၊ ၁၉လက်မရှိ ပြည်လုံးချမ်းသာ လာဘမုနိဗုဒ္ဓရုပ်ပွားတော် တည်ထားကိုးကွယ်ပူဇော်နိုင်ရန်နှင့် ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ရန်အတွက် စေတနာရှင်များသည် အရှင်ပညိန္ဒြိယ သရက်တောင်တောရကမ္မဋ္ဌာန်းကျောင်း ကြွေချိုင်ကျေးရွာ ဂွမြို့နယ်၊ ဦးအောင်နိုင်ဝင်း အမှတ် ၂၈ စိတ္တသုခလမ်း ကျောက်မြောင်း တာမွေ ဖုန်း-၅၄၉၈၂၅ နှင့် ဦးဘဝင်း အမှတ် ၂၆/၄ သုမင်္ဂလာအိမ်ရာ လေးထောင့်ကန် လမ်းမကြီး သင်္ဃန်းကျွန်း ဖုန်း-၅၆၁၄၂၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

မိုးကုတ်ဝိပဿနာ တရားစခန်းနှင့်တရားပွဲ

ရန်ကုန် ဇန်နဝါရီ ၂၄

တိုက်ကြီးမြို့နယ်ကန်ကုန်းကျေးရွာ ဓမ္မရိပ်သာ၌ ဇန်နဝါရီ ၂၅ ရက်မှ ၃၀ ရက်အထိ ဇလွန်မြို့နယ် ကျုံယုကျေးရွာ ကျောင်းကြီးဓမ္မရိပ်သာ၌ ဖေဖော်ဝါရီ ၂ ရက်မှ ၈ ရက်အထိ၊ မြောက်ဥက္ကလာပ (က)ရပ်ကွက် နွယ်သာဂီ ၄ လမ်း၌ ဖေဖော်ဝါရီ ၉ ရက်မှ ၁၁ ရက်အထိ၊ ပုညာရာမ မိုးကုတ် ဝိပဿနာကျောင်းတိုက်၌ ဖေဖော်ဝါရီ ၁၁ ရက်မှ ၂၀ ရက်အထိတရားပွဲများကို သာကေတမြို့ ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက် ပဓာနနာယက ဆရာတော် အရှင်ပုညာနန္ဒ(နယ်လှည့်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ)က ခန္ဓာဉာဏ်ရောက် သစ္စာလေးပါး မြတ်တရားကို ဟောကြားပြသမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

✡ **တိုင်းမှူးမှ**

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် မွန်းလွဲ၁နာရီတွင် မင်္ဂလာဒုံမြို့နယ်နှင့်လှည်းကူးမြို့နယ်အစပ် ခရေပင်လမ်းအား မင်္ဂလာဒုံဥယျာဉ်မြို့တော်ကိုဖြတ်၍ အမှတ်(၇)မြို့ပတ် လမ်းမကြီးအထိ ဆက်သွယ်ဖောက်လုပ်လျက်ရှိသည့် လမ်းပေါ်ရှိ ဆင်ဖုံတံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ဆင်ဖုံတံတား တည်ဆောက်နေမှုအခြေအနေနှင့်လှည်းကူးမြို့နယ်ဆင်ဖုံနှင့် ဘားလားဒေသ၌ နွေစပါး စိုက်ပျိုးထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ဆင်ဖုံချောင်းကူးတံတား တည်ဆောက်နေမှုအခြေအနေများကိုလည်းကောင်း၊ လှည်းကူးမြို့နယ် ဘားလားနှင့်ဆင်ဖုံဒေသ၌ နွေစပါးစိုက်ပျိုးထားရှိမှု၊ စိုက်ပျိုးရေးရရှိမှုအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက တာဝန်ရှိသူများအား ခရေပင်လမ်းနှင့်အမှတ်(၇)မြို့ပတ်လမ်းမကြီးဖောက်လုပ်ခြင်းလုပ်ငန်းနှင့် လမ်းမကြီးပေါ်ရှိတံတားတည်ဆောက်ခြင်းလုပ်ငန်းများ အမြန်ပြီးစီးရေး ဆောင်ရွက်ကြရန်နှင့်ဘားလားနှင့်ဆင်ဖုံဒေသရှိနွေစပါးခင်းများ အောင်ရေရရှိစေရေး တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်ကြရန် မှာကြားသည်။

ရေစီးရေလာကောင်းရန်တူးဖော်

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် မင်္ဂလာဒုံဥယျာဉ်မြို့တော်အတွင်း၌ မင်္ဂလာဒုံမြို့နယ်စမ်းကြီးဝရှိ နွေစပါးစိုက်ခင်းများ စိုက်ပျိုးရေလုံလောက်စွာရရှိစေရေးအတွက် ရှမ်းရိုးအားစက်ယန္တရားကြီးများဖြင့် ရေစီးရေလာကောင်းမွန်စေရန် တူးဖော်နေမှုအခြေအနေများကိုလည်းကောင်း၊ စမ်းကြီးဝကွင်း၌ ရန်ကုန်တိုင်း စစ်ဌာနချုပ်နှင့်ကွပ်ကဲမှုအောက်ရှိ တပ်ရင်းတပ်ဖွဲ့များ၏ နွေစပါးစိုက်ပျိုးဖြစ်ထွန်းနေမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြပြီး စိုက်ပျိုးရေလုံလောက်စွာရရှိရေး ဆောင်ရွက်ကြရန်မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် လှည်းကူးမြို့နယ် ဘားလားကျေးရွာအနီး ဘားလားဖြတ်မြောင်းမကြီးမှ အမှတ်(၈)လက်သွယ်မြောင်းသို့ရောက်ရှိပြီး အမှတ်(၈)လက်သွယ်မြောင်း၌ စိုက်ပျိုးရေရရှိနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးရာ ရန်ကုန်တိုင်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်သိန်းက ဘားလားကျေးရွာအနီး နွေစပါးစိုက်ပျိုးနိုင်ရေး ဆည်မြောင်းဦးစီးဌာနက မြောင်းများ တူးဖော်ပြီး စိုက်ပျိုးရေပေးသွင်းနေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကွက်လပ်မကျန်စိုက်

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ဒေသခံတောင်သူလယ်သမားကြီးများအား နွေစပါးစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေးနည်းပညာများ ပံ့ပိုးကူညီပေးထားပြီးဖြစ်သဖြင့် နွေစပါး အပြည့်အဝ စိုက်ပျိုးကြရေးနှင့် ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ဟင်းသီးဟင်းရွက်နှင့် စီးပွားဖြစ်သီးနှံများ သီးထပ်စွမ်းအားမြင့်တင်ကြပြီး ကွက်လပ်မကျန် စိုက်ပျိုးကြရေး မှာကြားသည်။

ငမိုးရိပ်ချောင်း

ထို့နောက် ငမိုးရိပ်ချောင်း ရေထိန်းတံခါး တည်ဆောက်ရေးလုပ်ငန်း ရှင်းလင်းဆောင်၌ ရန်ကုန်တိုင်း ဆည်မြောင်းဦးစီးဌာနညွှန်ကြားရေးမှူး ဦးကျော်သိန်းက စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ တိုင်းစိုက်ပျိုးရေးမန်နေဂျာဦးအောင်ဆန်းနှင့် တိုင်းမြေစာရင်းဦးစီးဌာနမှူး ဦးကျင်ထွန်းတို့က နွေစပါးတိုးချဲ့စိုက်ပျိုးနိုင်မည့် အခြေအနေများနှင့် ရန်ကုန်တိုင်းအတွင်း နွေစပါးစိုက်ပျိုးထားရှိမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်ပတ်သက်၍ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက မှာကြားရာတွင် ငမိုးရိပ်ချောင်းရေထိန်းတံခါး တည်ဆောက်ရေးစီမံကိန်းသည် နွေစပါးဧက ၅၀၀၀ အကျိုးပြုနိုင်မည်ဖြစ်သည့်အပြင် မိုးစပါးစိုက်ပျိုးရာသီတွင် ငမိုးရိပ်ချောင်းဘေးရှိ လယ်မြေများရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်မည်ဖြစ်သဖြင့် စီမံကိန်းအမြန်ပြီးစီးရေး၊ တမံပိတ်ထားသည့် စိုက်ပျိုးရေများကို အကျိုးရှိစွာဖြင့် နွေစပါးစိုက်ပျိုးကြရေးနှင့် ဤဒေသသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေယာဉ် တက်ဆင်းလမ်းကြောင်းအောက်တွင် တည်ရှိသဖြင့် နွေစပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ဟင်းသီးဟင်းရွက်နှင့် စီးပွားဖြစ်သီးနှံများ အပြည့်အဝစိုက်ပျိုးကြရေး ဆောင်ရွက်ကြရန်မှာကြားသည်။

ငမိုးရိပ်ချောင်းရေထိန်းတံခါးတည်ဆောက်ရေးစီမံကိန်းသည် အကျယ် ရှစ်ပေ၊ အမြင့်၁၂ပေရှိ တံခါးပေါက် ၂၅ပေါက်ပါရှိမည်ဖြစ်ပြီး နွေစပါး ဧက ၅၀၀၀အကျိုးပြုစိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘာကြီးမောဟိုက်ခြင်း ဂလိုဘယ်လိုက်ဇေးရှင်းနှင့် ဗုဒ္ဓတရားစာအုပ်ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၄

ယနေ့ကမ္ဘာတွင်ရေပန်းစားနေသော ဂလိုဘယ်လိုက်ဇေးရှင်းအကြောင်းကို ဖော်ပြထားသည့် ရွှေဘို ဦးသန်းထွန်း ရေးသားသည့်စာအုပ်အား ခင်မြတ်သူစာပေ အမှတ် ၁၁ ဒဂုဏ်သီရိလမ်း ကျောက်မြောင်းကြီးရပ်ကွက် တာမွေမြို့နယ်က ဖြန့်ချိလိုက်ကြောင်း သိရသည်။ **(အပေါ်ပုံ)(က-ပ)**

မြန်မာနိုင်ငံကုန်သည်/ စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ကိုရီးယားသမ္မတနိုင်ငံမှဧည့်သည်အဖွဲ့တွေ့ဆုံဆွေးနွေး

ရန်ကုန် ဇန်နဝါရီ ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဝင်းအောင်၊ ဦးဇော်မင်းဝင်း၊ ဦးအောင်လွင်၊ အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်နှင့် မြန်မာနိုင်ငံ ပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်းဥက္ကဋ္ဌ ဦးထွန်းအောင်တို့အား ဇန်နဝါရီ၂၂ရက် မွန်းလွဲပိုင်းတွင်ကိုရီးယားသမ္မတနိုင်ငံ The Korea Chamber of Commerce and Industry(KCCI) ဥက္ကဋ္ဌ Mr. Hyo-Sung KIMခေါင်းဆောင်၍ အဖွဲ့ဝင်ခုနစ်ဦးပါ ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သို့ လာရောက်တွေ့ဆုံပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်ရေး၊ စီးပွားရေးလုပ်ငန်းများ ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံမှ ပဲမျိုးစုံ၊ သစ်နှင့်သစ်အခြေခံကုန်ပစ္စည်း၊ ရော်ဘာပစ္စည်းများတင်ပို့ရောင်းချရေး၊ မြန်မာစီးပွားရေး ကိုယ်စားလှယ်အဖွဲ့ ကိုရီးယားသမ္မတနိုင်ငံသို့လာရောက်၍ စီးပွားရေးလုပ်ငန်းကိစ္စများ တွေ့ဆုံဆွေးနွေးရေးတို့ကို ရင်းနှီးစွာဆွေးနွေးကြသည်။ **(က-ပ)**

မင်္ဂလာတောင်ညွန့်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲကို ဇန်နဝါရီ ၂၃ ရက်က လွတ်လပ်ရေးရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးတွင်ပြုလုပ်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်ကိုကိုနှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်မြမြတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ **(မြို့နယ် ပြန်/ဆက်)**

ဆုချီးမြှင့်

ဇန်နဝါရီ၂၄ရက်က မင်္ဂလာဒုံမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့်ပညာရည်ချွန်ဆုနှင်းသဘင် အခမ်းအနားကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စိန်စိန်က ငါးဘာသာ ဂုဏ်ထူးရှင် မောင်ဉာဏ်ထက်လွင်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က-ပ)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

■ *အနာဂတ်မှ*

သွားရောက်ယှဉ်ပြိုင်သူငါးဦးမှာ The Second Myanmar National ICT Award တွင် ဆုရရှိဖူးကြသူများဖြစ်သည်။ ယခုလည်း CICC Scholarship in Information Technology Fiacl 2004 အတွက် ပညာသင်စေလွှတ်ရန် လူရွေးချယ်ပွဲကို ဇန်နဝါရီ ၆ ရက်က ကျင်းပခဲ့သည်။ ရွေးချယ်ခံရသူများမှာ C1 Open Source Software Standard System Development Course(OSD) တွင် အောင်ညီညီဝင်း၊ သန့်ဇင်ကျော်နှင့် C2 Open Source Software Solution Intergration Course(OSI) တွင် ထက်ကျော်သိန်း၊ စောတင်နောင်ထွန်းတို့ဖြစ်သည်။ ယခုပဏာမရွေးချယ်ခံရသူများမှာ အခြားနိုင်ငံများမှ ရွေးချယ်ခံရသူများနှင့် ထပ်မံယှဉ်ပြိုင်ရဦးမည်ဖြစ်သည်။ ၁၇ နိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်ကြသူများအနက်မှ ကိုးဦးကို ထပ်မံရွေးချယ်ပြီး ဂျပန်နိုင်ငံသို့စေလွှတ်ကာ ပညာသင်ကြားစေမည်ဖြစ်သည်။

ဉာဏ်ရည်ဉာဏ်သွေး

မြန်မာလူငယ်များထဲမှ နိုင်ငံတကာအဆင့်မီ နည်းပညာရပ်များကို နိုင်ငံတကာနှင့်ယှဉ်ပြိုင်ပြီး လေ့လာဆည်းပူးနိုင်သည်မှာ မြန်မာ့ဉာဏ်ရည်ဉာဏ်သွေး မနိမ့်ကြောင်း ထင်ထင်ရှားရှားပြသလိုက်သည့် သက်သေသာဓက ဖြစ်သည်။

ယခုလည်း နိုင်ငံတကာအဆင့်မီသူလေးတစ်ဦး ထပ်မံပေါ်ထွက်လာပြန်သည်။ ပြီးခဲ့သည့်ဇန်နဝါရီ ၂၀ ရက်က မြန်မာကွန်ပျူတာကုမ္ပဏီ လီမိတက်(MCC) နှင့် အင်္ဂလန်နိုင်ငံ NCCတို့ပူးပေါင်းကျင်းပသော BCIS,IADCSနှင့် IDCSသင်တန်းများ၏ ၂၀၀၃ ခု စာသင်နှစ်အတွက် ဒီပလိုမာအပ်နှင်းပွဲတွင် အာရှဒေသအတွင်း အမြင့်ဆုံးထူးချွန်ဆုကို MCCမှ မသန္တာဖြိုးက ရရှိသည်။

အလားအလာ

မသန္တာဖြိုးမှာ သာကေတမြို့နယ် အခန်း ၁၀၂ ပတ္တမြားတိုက် မြခွာညို့ အိမ်ရာနေ ဖခင်ဦးမောင်မောင်လေး၊ မိခင်ဒေါ်ခင်မာအေးတို့၏ ရင်နှစ်သည်းချာ သမီးရတနာလေးဖြစ်သည်။ မသန္တာဖြိုးသည် Second Year Computer ကျောင်းသူတစ်ဦးဖြစ်ပြီး MCC တွင် IDCS က စတက်ပြီး IADCS တွင် အာရှအဆင့်ဖြင့် အောင်မြင်သူဖြစ်သည်။ မသန္တာဖြိုးသည် MCCတွင် BCIS ဆက်တက်ရန်ကျန်သေးသည်။ BCIS သင်တန်းမှာ MCCတွင် အမြင့်ဆုံးဖြစ်သည်။ ယင်းသင်တန်းတွင်လည်း အဆင့်မြင့်မြင့်ဖြင့် အောင်မြင်နိုင်ရေး ကြိုးစားပါမည်ဟု မသန္တာဖြိုးက ပြောပြသွားသည်။ အနာဂတ်အတွက် အလားအလာကောင်းသော ကျောင်းသူလေးတစ်ဦးဖြစ်သည်။

ကွန်ပျူတာဒီပလိုမာသင်တန်းများနှင့်ပတ်သက်၍ British Councilမှ စာမေးပွဲကြီးကြပ်မှုအရာရှိ ဆရာဦးကျော်ထင်က ရှင်းပြရာတွင် "မြန်မာနိုင်ငံမှာ IDCS ဒီပလိုမာရရင် အင်္ဂလန်မှာ ဒုတိယနှစ်အနေနဲ့ သွားတက်ခွင့်ရှိတယ်။ အဲဒါကို 1+2လို့ခေါ်တယ်။ 2+1ကတော့ ဒီမှာ ပထမနှစ် IDCS ဒီပလိုမာ ပြီးရင် IADCS တက်ရမယ်။ IADCS ပြီးရင် အင်္ဂလန်မှာ Final Yearကို တိုက်ရိုက်သွားတက်နိုင်တယ်။ ဒီလိုမဟုတ်ရင်လည်း 3+0 ဆိုတာ Final Yearကို အင်္ဂလန်မှာသွားမတက်ဘဲ ကိုယ့်နိုင်ငံမှာပဲတက်မယ်။ ဒီမှာ B.Sc (Hons.)ရပြီးမှ အင်္ဂလန်မှာဖြစ်ဖြစ်၊ အမေရိကန်နဲ့သြစတြေးလျမှာဖြစ်ဖြစ် M.Sc သွားတက်မယ်ဆိုရင်လည်းဖြစ်တယ်။ ဒီမှာတက်တာ အခွင့်အရေး ပိုရတယ်။ ဒီမှာက By Language နဲ့ သင်တာဆိုတော့ ပိုနားလည်တယ်။ အင်္ဂလန်မှာသွားတက်ရင် First Class,Second Class ရဖို့နေနေသာသာ Upper Classရအောင် မနည်းလုပ်ရတယ်။ အခု ဒီမှာတက်တဲ့ လူတွေထဲမှာ First Classရတဲ့သူရှိတယ်။ ငွေကုန်ကြေးကျသက်သက်သာသာနဲ့ နိုင်ငံတကာ အသိအမှတ်ပြုလက်မှတ်ရတယ်"စသည်ဖြင့် ကွန်ပျူတာ ဒီပလိုမာသင်တန်းများနှင့်ပတ်သက်ပြီး မြန်မာ့အလင်းသို့ ရှင်းပြသည်။

တစ်ခေတ်ဆန်း

မြန်မာနိုင်ငံတွင် e-Education စနစ်ကို ၂၀၀၀ ပြည့်နှစ် နိုဝင်ဘာလမှ စတင်လိုက်ခြင်းဖြင့် မြန်မာ့ပညာရေးစနစ်ကို တစ်ခေတ်ဆန်းသစ်စေခဲ့သည်။ ကျောင်းသူ ကျောင်းသားများ၊ နည်းပညာရှာမှီးလိုသူများ၊ နေရာဒေသမရွေး၊ အချိန်အခါမရွေး ပညာရှာမှီးနိုင်ရန် တက္ကသိုလ်၊ ကောလိပ်များ၌သာမက အခြေခံပညာကျောင်းများ၌ပါ e-Education Centre များ၊ Multimedia များဖွင့်လှစ်ပေးထားသည်။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှလည်း Learning Centre များသို့ သင်ခန်းစာများထုတ်လွှင့်ပေးရာတွင် Data Broadcasting System အရ ထုတ်လွှင့်ပေးနိုင်ခဲ့သည်။

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်(MCF)ကလည်း နည်းပညာ ကူးပြောင်းရောက်ရှိရေးအတွက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာ့နည်းပညာပိုင်းတွင် ရှေ့တန်းရောက်နိုင်ငံဖြစ်သည့် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ World Wide Web Institute (3 WI) နှင့် ဆက်သွယ်ပြီး Myanmar World Wide Web Institute (M3WI) ကို Advanced Technologies & Solutions က ဖွင့်လှစ်ထားသည်။ တိုင်းပြည်ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အထောက်အကူပြုနိုင်ရန်ရည်ရွယ်ပြီး ဖွင့်လှစ်ထားသော အင်တာနက်နှင့် ဝက်ဘ်နည်းပညာအထူးပြုသင်တန်းကျောင်းဖြစ်သည်။ မြန်မာနိုင်ငံ၏ နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များကလည်း တစ်တပ်တစ်အား ပါဝင်လျက်ရှိသည်။

ဖန်တီးရှင်

မြန်မာနိုင်ငံတွင် သတင်းအချက်အလက်နှင့် နည်းပညာရပ်ဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် အဖွဲ့အစည်းများက နည်းလမ်းပေါင်းစုံဖြင့် ဘက်စုံထောင့်စုံကဏ္ဍစုံက ကြိုးပမ်းဆောင်ရွက်နေချိန်တွင် အနာဂတ်နည်းပညာကမ္ဘာကိုဖန်တီးမည့် ဖန်တီးရှင်လူငယ်လူရွယ် ကျောင်းသားကျောင်းသူများက မလျှော့သောလုံ့လဖြင့်ကြိုးစားသွားမည်ဆိုပါက အိုင်စီတီပညာရပ်နယ်ပယ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ရှေ့တန်းက မားမားမတ်မတ် ရပ်တည်နိုင်မည်ဖြစ်ပါကြောင်း။ ။ **(မြန်မာ့အလင်း)**

မြန်မာ့သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာဆိုင်ရာရက်သတ္တပတ်ပြပွဲ ပြည်သူများသွားလာမှုအဆင်ပြေစေရေး လွန်းပြန်ယာဉ်များအခမဲ့ပြေးဆွဲနေ

ရန်ကုန် ဇန်နဝါရီ ၂၄

တတိယအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်-၂၀၀၄ ပြပွဲကို ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေရှိ MICT Park၌ စတုတ္ထနေ့အဖြစ် ယနေ့ဆက်လက်ကျင်းပသည်။ ပြပွဲသို့ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်အသီးသီးမှ လူငယ်များ၊ ကျောင်းသား ကျောင်းသူများ၊ ဝန်ထမ်းများ၊ ပြည်သူများသည် တစ်ဦးချင်း၊ ကျောင်းအလိုက်၊ အစုအဖွဲ့အလိုက် လာရောက်လေ့လာကြရာ လေ့လာကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ပြပွဲတွင် Expo Myanmar Co., Ltd. မှ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် ရန်ကုန်အနောက်ပိုင်းခရိုင်တို့ရှိ အဝေးပြေးကားဂိတ်များ၊ ဈေးများတွင် Digital EPABX လိုင်းခွဲစက်များနှင့် တယ်လီဖုန်းများ တပ်ဆင်ထားမှု၊ Security System အနေဖြင့် ဘဏ်များ၊ ရတနာဆိုင်များ၊ စက်မှုဇုန်များနှင့် အလုပ်ရုံများတွင် တပ်ဆင်ဆောင်ရွက်လျက်ရှိသည်များကို ရှင်းလင်းပြသထားသည်။

Forever Group (Myanmar e-book)ပြခန်းတွင် မြန်မာစာပေနှင့် စာအုပ်များကို Internetမှတစ်ဆင့် မြန်မာနှင့်ကမ္ဘာအနှံ့သို့ ပျံ့နှံ့စေရန် ပြပွဲကာလအတွင်း ၁၀ ရာခိုင်နှုန်း လျှော့ဈေးဖြင့် Myanmar e-book account များဝယ်ယူနိုင်သည့်အပြင် ကမ္ဘာအနှံ့သို့ Myanmar e-book Packageများ ချက်ချင်းအရောက်ပို့စနစ်ကို အထူးနှုန်းဖြင့်ဆောင်ရွက်ပေးလျက်ရှိသည်။ ပြပွဲရက်အတွင်း e-bookများကို Onlineမှတစ်ဆင့် အခမဲ့ မြည်းစမ်း ဖတ်ရှုနိုင်ကြောင်း သိရှိရသည်။ အလားတူ MM Box (မြန်မာမီဒီယာစက်)ပြခန်းတွင် မြန်မာမီဒီယာစက်၏ စွမ်းဆောင်နိုင်မှုနှင့် အသုံးဝင်မှုများကို ပြသထားပြီး ယင်းစက်ကို အသုံးပြု၍ ဘာသာရပ်ဆိုင်ရာ ပါမောက္ခကြီးများ သင်ကြားပို့ချသော ပညာရေးသင်ခန်းစာများကို နေအိမ်မှ တိုက်ရိုက် ဖမ်းယူ သင်ကြားနိုင်သည်။ မကြာမီထုတ်လွှင့်တော့မည့် MRTV-4 Channel ကိုလည်း ဖမ်းယူကြည့်ရှုနိုင်ပြီး ကျွမ်းကျင်မှု သင်တန်းများကိုလည်း ဖမ်းယူသင်ကြားလေ့ကျင့်နိုင်ကြောင်း ပြသထားသည်။

Myat Tha Pyay Family Co., Ltd. ပြခန်းတွင် ကွန်ပျူတာအမျိုးမျိုး၊ JBM၊ Sony VA 10၊ Toshiba Note Book၊ Digital Camera၊ Network Products Deviceများ၊ Mobile၊ GSM၊ ဆယ်လူလာ hand setနှင့်ဆက်စပ်ပစ္စည်းများ၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများကို ချိုသာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည်။ ပြပွဲ နောက်ဆုံးနေ့တွင် ကျပ် ၅၀၀၀ နှင့် အထက်ဝယ်သူများအား P-4 ကွန်ပျူတာ၊ Photo Printer နှင့် UPS တို့ကို ကံစမ်းမဲဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။

တတိယအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်-၂၀၀၄ ပြပွဲတွင် ပြသထားသော ပြခန်းများတွင် စိတ်ပါဝင်စားသော ပြည်သူအများ စည်ကားစွာ လေ့လာကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

Suntac Technologies သည် မြန်မာတစ်ပြည်လုံး၏ မြေပုံသစ်ထုတ်လုပ်ရေး UTM Projectကိုဆောင်ရွက်လျက်ရှိပြီး စီမံကိန်းကြီးများအတွက် ဂြိုဟ်တုဓာတ်ပုံ၊ ကောင်းကင်ဓာတ်ပုံများ ဆောင်ရွက်ပေးလျက်ရှိသည်။ မီးရထားလမ်း၊ ကားလမ်း၊ ဆည်မြောင်း၊ တာတမံနှင့်စက်ရုံအလုပ်ရုံများ တည်ဆောက်ရေးအတွက် ခေတ်မီမြေတိုင်းကိရိယာနှင့် ကွန်ပျူတာများ အသုံးပြု၍ ဒီဇိုင်းများကို လျင်မြန်စွာ တွက်ချက် ပုံဆွဲခြင်း၊ Land Information System ခေါ် မြေရာအချက်အလက်စနစ် တစ်ခုကို Computer Program ရေးဆွဲလျက်ရှိပြီး မြေပိုင်ဆိုင်မှု အချက်အလက် သိမ်းဆည်းခြင်း၊ အသုံးချခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။

Soft Guide Computer Centre၌ ဆရာနှင့်ကျောင်းသား အပြန်အလှန်ပြောဆိုရာတွင် အဆင့်မြင့်သင်ကြားနိုင်ရန်နှင့် နိုင်ငံတကာအဆင့် သင်ကြားနိုင်ရန် Language Lab ကို Soft Guide မှ ထုတ်လုပ်ထားသည်ကို ပြသထားပြီး Language Lab နှင့် ပတ်သက်သောပစ္စည်းများ၊ ကလေးများအတွက် VCDသီချင်းခွေ၊ အင်္ဂလိပ်စကားပြော CDခွေ၊ ဇီဝဗေဒနှင့် ဓာတုဗေဒသင်ကြားရေး CD များ၊ ကွန်ပျူတာပစ္စည်းများကို ပြသရောင်းချလျက်ရှိပြီး ကွန်ပျူတာ သင်တန်းများလည်း ဖွင့်လှစ်ထားရှိကြောင်း သိရှိရသည်။

Myanmar Golden Rock Int'l Co., Ltd.မှ Canon အမှတ်တံဆိပ်ပါ Digital/Networkမိတ္တူကူးစက်များ၊ Bubble Set Printer နှင့် Laser Printerများ၊ SLRနှင့် Digitalကင်မရာများ၊ Over Head Projector၊ LCD Projector၊ Multi Media Projector များနှင့် Faxစက်များကို အမိကဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

Integra Systems Co.,Ltd. မှ ပြည်တွင်းစီးပွားရေးလုပ်ငန်းများတွင် အသုံးပြုနိုင်မည့် Software Productများထုတ်လုပ်ရောင်းချလျက်ရှိပြီး ပြပွဲတွင် Integra မှ ထုတ်လုပ်သည့် ကွန်ပျူတာစာရင်းကိုင်စနစ်(i.Leader)၊ အရောင်းနှင့်ကုန်ပစ္စည်းထိန်းစနစ်(i.POS)နှင့် ဆေးရုံ၊ ဆေးဆိုင်၊ ဓာတ်ခွဲခန်းသုံးစနစ်(i.Care)တို့ကိုပြသထားသည်။ လက်ရှိ Integraမှထုတ်လုပ်သည့် Software Product များကို အသုံးပြုလျက်ရှိသည့် လုပ်ငန်းပေါင်း ၂၀၀ ကျော်ရှိကြောင်း သိရှိရသည်။

ပြပွဲကို ဇန်နဝါရီ ၂၇ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း အများပြည်သူများအား အခမဲ့ဖွင့်လှစ်ပြသလျက်ရှိရာ ပြပွဲလာပြည်သူများ သွားလာမှု လွယ်ကူစေရန် လွန်းပြန်ယာဉ်များ အခမဲ့ပြေးဆွဲလျက်ရှိသည်။

MICT Park၌ ဇန်နဝါရီ ၂၅ရက် နံနက် ၉နာရီတွင် Security Issues and Related Products Seminar နှင့် မွန်းလွဲ ၁ နာရီတွင် e-Procurement Seminarတို့ကိုလည်းကောင်း၊ ဇန်နဝါရီ ၂၆ ရက် နံနက် ၉ နာရီတွင် Wireless and Broadband Application Seminar နှင့် မွန်းလွဲ ၁ နာရီတွင် Myanmar National Counter-Strike Championships Final တို့ကိုလည်းကောင်း ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့
မြန်မာ့ရိုးရာ မုန့်စျေးပွဲတော်
နေ့ရက် - (၂၅ - ၁ - ၂၀၀၄ ၂၆ - ၁ - ၂၀၀၄)
အချိန် - နံနက် (၀၇း၃၀ မှ ၁၀း၀၀)နာရီ
နေရာ - ပြည်သူ့ဥယျာဉ်
ဖုန်း - ၆၆၇၀၂၂၊၃၇၀၅၁၈

ပုဂံရှေးဟောင်းစေတီပုထိုးများအကြောင်း စီဒီချပ်များ စတင်မိတ်ဆက်ရောင်းချလျက်ရှိ

ရန်ကုန် ဇန်နဝါရီ ၂၄

တတိယအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်-၂၀၀၄ ပြပွဲတွင် Computer Marketing ကုမ္ပဏီ၏ဆိုက်ထရွမ်ကွန်ပျူတာဆော့ဖ်ဝဲ ထုတ်လုပ်ရေးမှ ရေးဆွဲထားသည့် ပုဂံမြို့မှ ရှေးဟောင်းစေတီပုထိုးများအကြောင်း မာတီမီဒီယာ Bagan @ a Glance CD-Rom ကို စတင်မိတ်ဆက်ရောင်းချလျက်ရှိသည်။

ထို့ပြင် မြန်မာကွန်ပျူမတ်မှ ဈေးနှုန်းချိုသာ၍ ဝန်ဆောင်မှု ကောင်းမွန်သော နောက်ဆုံးပေါ် နည်းပညာများပါဝင်သည့် ကွန်ပျူတာများနှင့် ဆက်စပ်ပစ္စည်းများကို ပြပွဲကာလအတွင်း အထူးဈေးနှုန်းဖြင့် MICT Park အဆောင်(၅) အခန်း(၃) မြေညီထပ်တွင် အမြဲတမ်းအရောင်းပြခန်းအဖြစ် ဆက်လက်ဖွင့်လှစ်ရောင်းချမည်ဖြစ်သည်။ **(က-ပ)**

မြေနီကုန်းဓမ္မာရုံ ဗုဒ္ဓပူဇနီယပွဲနှင့်အထူးတရားပွဲ

ရန်ကုန် ဇန်နဝါရီ ၂၄

စမ်းချောင်းမြို့နယ် မြေနီကုန်း ရပ်ကွက် မြေနီကုန်းဓမ္မာရုံတော်ကြီးတွင် တည်ထားကိုးကွယ်လျက်ရှိသော သာသနာ ၂၅၀၀ အထိမ်းအမှတ် လောကဖေယျာဆုတောင်းပြည့် စေတီတော်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်တွင် အထူးတရားပွဲကို ဇန်နဝါရီ ၂၈ ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၆ နာရီ၌ ဓမ္မစေတီ ဆရာတော် ဘဒ္ဒန္တကောသလ္လ၊ ဖေဖော်ဝါရီ ၁ ရက်(တနင်္ဂနွေနေ့) ညနေ ၆ နာရီ၌ တိပိဋက ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ(ယောဆရာတော်)နှင့် ဖေဖော်ဝါရီ ၂ ရက်(တနင်္လာနေ့) ညနေ ၆ နာရီ၌ ရွှေပြည်ဟိန်း သီတဂူ ကြာတစ်ပွင့် အရှင်ခေမာသီရိလင်္ကာရတို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

● *မြန်မာ့အိုင်တီမှ*

ယခုကဲ့သို့ အိုင်စီတီ ရက်သတ္တပတ် ပြပွဲများ အောင်အောင်မြင်မြင်ကျင်းပ ပြုလုပ်နိုင်ခဲ့ခြင်းအတွက် အိုင်တီနည်းပညာရပ်ကို လေ့လာဆည်းပူးလိုသူ လူငယ်များအတွက် ကြီးမားသော အခွင့်အရေးများအဖြစ် ပေါ်ထွန်းစေခဲ့ပြီဖြစ်သည်။

အဆက်မပြတ် လျင်မြန်စွာဖွံ့ဖြိုးတိုးတက်နေသော အိုင်တီနည်းပညာရပ်နှင့် ဆက်စပ်ပစ္စည်းများကို လူငယ်များနှင့် ပြည်သူများ တွေ့မြင်သိရှိကိုင်တွယ် အသုံးပြုနိုင်သည့် အခွင့်အရေးသည် ယခုကျင်းပလျက်ရှိသော တတိယအကြိမ် မြန်မာအိုင်စီတီ ရက်သတ္တပတ်ပြပွဲ–၂၀၀၄က များစွာ အထောက်အကူပေးနိုင်ခဲ့သည်။

ပြပွဲတွင် လာရောက်ကြည့်ရှုသူများစည်ကားလျက်ရှိရာ အိုင်တီနည်းပညာရပ်အပေါ် ပြည်သူများ၏ စိတ်ဝင်စားမှုမည်မျှရှိသည်ကို ဖော်ပြနေသည်။ ထို့ကြောင့် ပြည်သူများ အထူးစိတ်ဝင်စားလျက်ရှိသည့် အိုင်စီတီပြပွဲကျင်းပပြုလုပ်ရာ အဆောက်အအုံရှိ ခင်းကျင်းပြသထားသောပြခန်းများကို သွားရောက်မေးမြန်းခဲ့ရာ ပထမဦးစွာ Sharp° ပြခန်းမှ ပြခန်းတာဝန်ခံ ဦးဝင်းဖော်ဖုန်း (အထွေထွေမန်နေဂျာ)က ရှင်းလင်းပြောဆိုရာတွင် “အိုင်တီနည်းပညာအသစ်များနှင့် အိုင်တီနည်းပညာသုံးဆက်စပ်ပစ္စည်းများကို ပြည်သူများလက်တွေ့စမ်းသပ်အသုံးပြုနိုင်စေရန် ရည်ရွယ်ပြသခြင်းဖြစ်ပြီး ပြသထားသောပစ္စည်းများမှာ LCD Projectorများ၊ ဘက်စုံသုံးမိတ္တူကူးစက်များ၊ LCD Monitor°များ၊ ကွန်ပျူတာနှင့်တွဲပြီး အသုံးပြုရသည့် LCD Monitor များကိုပြသထားကြောင်း၊ ထို့ပြင် ကွန်ပျူတာနှင့် ချိတ်ဆက်ပြီး ဘက်စုံသုံး၍ရသော ကင်မရာများကို ပြသထားကြောင်း၊ အိမ်သုံး၊ ရုံးသုံး LCD Projector များကို အသုံးပြုလိုသူများအတွက် အထူးနှုန်းထားဖြင့် ရောင်းချပေးပါကြောင်း ပြောကြားသည်။ ပြသထားသည့် ပစ္စည်းများကိုလည်း ပြည်သူများ လက်တွေ့ စမ်းသပ်နိုင်ပါကြောင်း” ထပ်လောင်းပြောကြားသည်။

“အိုင်တီနည်းပညာအသစ်များနှင့်အိုင်တီနည်းပညာသုံးဆက်စပ်ပစ္စည်းများကို ပြည်သူများလက်တွေ့ သိရှိ အသုံးပြုနိုင်စေရန် ပြသထားပါတယ်”ဟု ပြခန်းတာဝန်ခံ ဦးဝင်းဖော်ဖုန်းက ရှင်းပြစဉ်။
ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

ရည်ရွယ်ပြသ

ထို့နောက် Discovery ပြခန်းမှ မန်နေဂျာ ဦးမျိုးမင်းဦးကလည်း “ယနေ့ကမ္ဘာတွင် တိုးတက်နေသော အိုင်တီနည်းပညာသုံးပစ္စည်းများကို ပြည်သူများ တွေ့ရှိအသုံးချနိုင်ရန် ရည်ရွယ်ပြီး ပြခန်းပြသခြင်းဖြစ်ပါကြောင်း၊ ပြခန်းတွင် နောက်ဆုံးပေါ်

တတိယအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့်ဆက်သွယ်ရေး နည်းပညာဆိုင်ရာ ရက်သတ္တပတ်–၂၀၀၄ ပြပွဲတွင် ပြသထားသော ပြခန်းများတွင် ပြည်သူများ စိတ်ဝင်စားစွာ ကြည့်ရှုစဉ်။
ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

ကွန်ပျူတာ Hardware° ပစ္စည်းများ၊ Duplicator°စက်များကို ပြသထားကြောင်း၊ ယင်းပစ္စည်းများကို သုံးစွဲပါက ဝန်ဆောင်မှုများစွာပေးနိုင်ပါကြောင်း၊ ကွန်ပျူတာပေါ်တွင် Data ပျောက်သွားလျှင် ပြန်ရအောင်လည်း Data Recovery Service ပေးပါကြောင်း၊ ကွန်ပျူတာများကို Contract° စနစ်ဖြင့် ပြုပြင်ထိန်းသိမ်းပေးပါကြောင်း၊ ပြည်သူများ ပြည့်ပြည့်စုံစုံ လေ့လာသိရှိနိုင်ရန်လည်း ပြသထားပါကြောင်း” ပြောကြားသည်။

တစ်ဖန် Excellent Computer Centre ပြခန်းမှ အထွေထွေမန်နေဂျာ ဦးတာရာလွင်ကလည်း “အိုင်တီနည်းပညာကို လူငယ်များ သိစေချင်၊ အကျွမ်းတဝင် ရှိစေချင်ကြောင်း၊ နည်းပညာ မြင့်မားသည့် အိုင်တီဆက်စပ်ပစ္စည်းများကို ပြည်သူများ သိရှိစေချင်သည့်ဆန္ဒဖြင့် ပြသခြင်းဖြစ်ပါကြောင်း၊ အိုင်တီနည်းပညာ နှင့်ပတ်သက်၍ အသိပညာလည်း ဖြန့်ဝေပေးနေပါကြောင်း၊ မိမိတို့ပြခန်းတွင် နက်ဝက်လုံခြုံရေးအတွက် အဓိကသုံးစွဲနိုင်ရန် ပစ္စည်းများ ပြသထားပါကြောင်း၊ Linux (Redhat) များကိုလည်း ပြသထားပါကြောင်း၊ ယင်းပစ္စည်းများသည် သတင်းဆက်သွယ်ရေးတွင် လုံခြုံမှု၊ လျင်မြန်မှုများကို ပေးစွမ်းနိုင်ပါကြောင်း၊ လက်တွေ့ စမ်းသပ်နိုင်ရန် ပစ္စည်းများပြသထားပါကြောင်း၊ နည်းပညာသင်ယူလိုသူများအတွက်လည်း ဝန်ဆောင်မှုပေးပါကြောင်း” ပြောကြားသွားသည်။

ဆက်စပ်ပစ္စည်း

ဆက်လက်၍ Myanmar Electronic Trust° ပြခန်းမှ ဦးထင်ဇော်ကလည်း “ပြည်သူများအတွက် အိုင်တီနည်းပညာနှင့် ဆက်စပ်သော နောက်ဆုံးပေါ်ပစ္စည်းများကိုကိုင်တွယ်အသုံးပြုနိုင်အောင် ပြခန်းတွင်စီစဉ်ထားပါကြောင်း၊ အီလက်ထရွန်နစ်စီးပွားရေးကို အရှိန်ယူနေသည့် ယနေ့အချိန်တွင် လိုအပ်သည့် အိုင်တီနည်းပညာသုံးပစ္စည်းလည်း ပါဝင်ပါကြောင်း၊ ထို့ပြင် Budjet PC° များကိုလည်း ပြသထားပါကြောင်း” ပြောကြားသည်။

ထို့နောက် Computer Marketing° ကုမ္ပဏီပြခန်းတွင် ပြခန်းတာဝန်ခံ ဒေါ်ဥမ္မာထွန်းဖေ(ဒါရိုက်တာ)က “အိုင်တီနည်းပညာသုံးနောက်ဆုံးပေါ် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို ပြည်သူများသိရှိစေချင်၍ ပြသခြင်းဖြစ်ပြီး ကွန်ပျူတာစနစ်များ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ပြသထားပါကြောင်း၊ CD Rom° များ၊ ဆော့ဖ်ဝဲများ၊ ဝက်ဘ်ဆိုက်များကိုလည်း ရေးဆွဲပေးပါကြောင်း၊ နိုင်ငံတော်က အိုင်တီနည်းပညာရပ်အပေါ် များစွာပံ့ပိုးပေးသဖြင့် အထူးကျေးဇူးတင်ပါကြောင်း” ပြောကြားသည်။

မျက်ဝါးထင်ထင်

အိုင်တီနည်းပညာသည် ကမ္ဘာတွင် လျင်မြန်စွာတိုးတက်ဖွံ့ဖြိုးနေသော်လည်း မြန်မာနိုင်ငံက နောက်ကျန်မနေအောင် ကြိုးစားနေမှုများကို မျက်ဝါးထင်ထင် တွေ့မြင်ရမှုကြောင့် မြန်မာ့အိုင်တီနည်းပညာရပ် ဖွံ့ဖြိုးမှုများအပေါ် ပြည်သူများကိုယ်တိုင် မြင်တွေ့သိရှိနိုင်စေရန် ရေးသားတင်ပြလိုက်ပါသည်။ ။

(မြန်မာ့အလင်း)

မိတ္ထီလာမြို့နယ် ရှမ်းတဲ စံပြကျေးရွာ အမက(၉၃)၏ ၂၀၀၂–၂၀၀၃ ခုနှစ် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ၁၃ ရက်က ကျင်းပရာ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးကြည်ဝင်းက တတိယတန်း ပထမနှင့် ဘက်စုံထူးချွန်ဆုရ မနီနီလွင်အား ဆုချီးမြှင့်စဉ်။
(က–ပ)



စီးပွားကူးသန်း ရှေ့သို့လှမ်း

နည်းပညာဆိုင်ရာဆွေးနွေးပွဲများ MICT Park ၌ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၄

တတိယအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ် –၂၀၀၄ ပြပွဲ ပြသလျက်ရှိသည့် ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအဆောက်အအုံ၌ Product Promotion Seminar များကို ကျင်းပလျက်ရှိရာ ကွန်ပျူတာကုမ္ပဏီများ၊ ဘဏ်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

Myanmar ICT Park တွင် ကျင်းပသည့် Myanmar ICT Week-2004 (ICT Exhibition) ပြပွဲတွင် Small&Medium Enterprise မှ စီးပွားရေးလုပ်ငန်းရှင်များအတွက် အထောက်အကူပြုနိုင်မည့် IT Product များအကြောင်းရှင်းလင်းပွဲကို Conference Hall ၌ နေ့လယ်ပိုင်းတွင် မြတ်သပြေမှ ဦးတင်မြင့်(ဒါရိုက်တာဒီပ)က IT Product အကြောင်း ရှင်းလင်းဆွေးနွေးစဉ်။ (သတင်းစဉ်)

ယနေ့ နံနက် ၉ နာရီမှ စတင်လျက် Conference Hall တွင် Myanmar Computer Company မှ Chief Operation Officer ဒေါ်ချောခင်ခင်က e.Commerce ကဏ္ဍအတွက် Yangon City Mall တွင် e.Shop များ အခမဲ့ဖွင့်လှစ်နိုင်ကြောင်းကိုလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ဦးပြည့်စုံက e.Big ကဏ္ဍအတွက် MCC မှ ထုတ်လုပ်သော Software အသစ် Mini-ERP for SME(s)ကို ရှင်းလင်းတင်ပြသည်။

စီမံခန့်ခွဲနိုင်

ထို့နောက် Myanmar Information Technology Pte Ltd. မှ အထွေထွေမန်နေဂျာ ဒေါ်နီနီထွန်းက MITမှ ထုတ်လုပ်ရေးသား၍ လုပ်ငန်းအများအပြားတွင် အသုံးပြုလျက်ရှိသည့် Accounting System၊ HRM and Payroll System၊ Project Costing System၊ CRM System အစရှိသည့် Software Product များပေါ်တွင် အခြေခံ၍ ရေးဆွဲထားသော ERM (Enterprise Resource Management System) အကြောင်းကို ဆွေးနွေးတင်ပြသည်။ ယင်းကိုအသုံးပြုခြင်းဖြင့် မိမိလုပ်ငန်း၏ Resources များကို တိကျသေချာ ထိရောက် လျင်မြန်စွာ စီမံခန့်ခွဲနိုင်ကြောင်း သိရှိရသည်။

ယင်းနောက် Integra Systems Co.,Ltd. မှ အရောင်းမန်နေဂျာ ဦးမင်းဇော်က ပြည်တွင်းစီးပွားရေးလုပ်ငန်းအများစုအသုံးတည့်နိုင်သည့် i-Ledger Account System နှင့်စပ်လျဉ်း၍ i-Ledger ကို မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် အသုံးပြုရလွယ်ကူကြောင်း၊ ကွန်ပျူတာကျွမ်းကျင်ရန်မလိုကြောင်း၊ လုပ်ငန်းတစ်ခု၏ နေ့စဉ်စာရင်းအင်း လုပ်ဆောင်ချက်များအား i-Ledgerသုံးပြီးမည်သို့ ဆောင်ရွက်နိုင်ကြောင်း သရုပ်ပြ ရှင်းလင်းတင်ပြသည်။

ထို့နောက် Myanmar World Distribution Co.,Ltd. တာဝန်ရှိသူက Open Source Software များကို မြန်မာနိုင်ငံတွင် ပထမဆုံးအသုံးပြုထားပြီး Internet, Intranet တို့ပေါ်မှ Web Based ကို အသုံးပြုနိုင်ရန် စီစဉ်ထားကြောင်း၊ ယင်းတို့အနက်မှ Agriculture Information Management System၊ e-Commerce Application၊ Virtual Document Library၊ Enterprise Portal နှင့် K-POS တို့ကို Modular Approach ပုံစံဖြင့် Information နှင့် Communicationအတွက်သာမက သတင်းအချက်အလက်လုံခြုံမှု(Security)အတွက်ပါ ထည့်သွင်း စီစဉ်ထားကြောင်း၊ ယင်းလုံခြုံမှုစနစ်တွင် User id, Password တို့ဖြင့်သာမက ကိုင်ဆောင်သူကို စိစစ်ပေးသည့် ကတ်ပြားစနစ် (Smart Card) နှင့် အသုံးပြုခွင့်ကာကွယ်ပေးသည့် Authentication စနစ်ကိုပါ ထည့်သွင်းထားကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ACE Data Systemsမှ ဈေးကွက်မန်နေဂျာ ဒေါ်မိမိအေးက မြန်မာနိုင်ငံရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းရှင်များ အသုံးပြုရန်သင့်တော်သည့် ကွန်ပျူတာစနစ်များကိုရှင်းလင်းပြသပြီး ACE မှ တီထွင်ထုတ်လုပ်ထားသည့် Product ပေါင်း ၁၈ ခုကျော်ရှိသည့်အနက် ယင်းစနစ်များမှ အရောင်းစင်တာ ဟိုတယ်၊ စက်မှုလုပ်ငန်း၊ ရွှေနှင့် လက်ဝတ်ရတနာများ၊ ဝန်ထမ်းနှင့်လစာစီမံခန့်ခွဲမှု၊ စားသောက်ဆိုင်၊ ခရီးသွားလုပ်ငန်း၊ ဆေးခန်းနှင့်ပုဂ္ဂလိကဆေးရုံ၊ စာရင်းထိန်းသိမ်းမှုများတွင်အသုံးပြုသည့် ကွန်ပျူတာစနစ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်း ACE Data Systems°ကို ၁၉၉၂ ခုနှစ်မှစ၍ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးသိန်းဦးက စတင်တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

မိုလ်ဘိုင်းဖုန်းများရှင်းလင်း

ထို့နောက် ဆွေးနွေးပွဲကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပရာ Myat Tha Pyay Co., Ltd. မှ ဒါရိုက်တာဦးဒီပက မြတ်သပြေမှ အဆင့်မီ ကွန်ပျူတာခြောက်မျိုး ရောင်းချလျက်ရှိကြောင်း၊ JINLI Brand ဖြင့် JINLI High Performance Computerကို တင်သွင်းရောင်းချလျက်ရှိကြောင်း၊ Hyper Threading Technology၊ Serialata Hard Disk ကို တပ်ဆင်ထားသည့်အတွက် အလွန်လျင်မြန်စွာ အလုပ်လုပ်နိုင်ကြောင်းနှင့် ဆယ်လူလာဖုန်း၊ GSM°ဖုန်း၊ မိုလ်ဘိုင်းနှင့် ဆက်စပ်ပစ္စည်းများ၊ ကင်မရာပါ မိုလ်ဘိုင်းဖုန်းများအကြောင်း ရှင်းလင်းဆွေးနွေးသည်။

မှတ်တမ်းထိန်းစနစ်

ယင်းနောက် Forever Group မှ Software°°° Development မန်နေဂျာ ဦးသန်းထိုက်က အစိုးရအဖွဲ့အစည်းနှင့် ကုမ္ပဏီများတွင် ဝန်ထမ်းမှတ်တမ်း ထိန်းသိမ်းနိုင်သည့် Staff Management System၊ ဓာတ်ပုံများ စနစ်တကျ သိမ်းနိုင်ရန်နှင့် အလွယ်တကူ ရှာဖွေနိုင်ရန်၊ Print out ထုတ်နိုင်ရန်နှင့် CD Burn ကလုပ်နိုင်ရန်အသုံးပြုနိုင်သည့် Photo Library Management System၊ Student Registration System၊ စာအုပ်များ၊ ပေ၊ ပုရပိုက်များ စနစ်တကျသိမ်းဆည်းနိုင်သည့် Library Management System နှင့် ဖိုင်များ စနစ်တကျသိမ်းဆည်းခြင်းနှင့် ပြန်လည် ရှာဖွေခြင်းပြုလုပ်နိုင်သည့် Video Library Managemench System များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် Myanmar Information Technology Pte Ltd. မှ ဒါရိုက်တာ ဦးရဲသူရသက်က လူနာတစ်ယောက်၏ ကျန်းမာရေး အချက်အလက်များ၊ ဆေးကုသမှုမှတ်တမ်းများ၊ ဆေးရုံ၊ ဆေးခန်းစီမံခန့်ခွဲမှုနှင့် ကျန်းမာရေးဌာန၏ စာရင်းဇယားများကို ဖော်ထုတ် ကြည့်ရှုနိုင်သော Hospital Information System အကြောင်းကိုလည်းကောင်း၊ Senior Systems Executive ဦးရဲစိုးမြတ်က ကျန်းမာရေးစနစ်ကို ပိုမိုကောင်းမွန်အောင် IT နည်းပညာသုံး၍ သွားရောက်ရန်ခက်ခဲသည့် ဒေသများရှိ လူနာများထံ နည်းပညာများပေးပို့သည့် Tele Consulting Application for Healthcare အကြောင်းကိုလည်းကောင်း ရှင်းလင်း ဆွေးနွေးကြပြီး ဆွေးနွေးပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ် မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလအတွက်
နောက်ဆုံးပတ် (တနင်္ဂနွေနေ့)
၂၅–၁–၂၀၀၄ ရက်နေ့
၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွက်
၈–၂–၂၀၀၄ ရက်နေ့ နှင့် ၂၉–၂–၂၀၀၄ ရက်နေ့

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

ရန်ကုန် ဇန်နဝါရီ ၂၄

နောင်မွန်မြို့နယ် နမ်ပန်ဒမ်းကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲကို ဒီဇင်ဘာ ၂၄ရက်က ပန်းစာကြည့်တိုက်၌ကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးဖုန်ဇီးဒီးနှင့် ကျေးရွာဥက္ကဋ္ဌဦးအဘူရ်ထိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

(ခရိုင် ပြန်/ဆက်)

သားငါးပွံ့ဖြိုး ပြည်အကျိုး

ကြက်ငှက်တုပ်ကွေးရောဂါမဖြစ်ပွားအောင် ကာကွယ်တားဆီးရေး

မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းစိန်က အာရှပစိဖိတ်ဒေသအတွင်း တစ်ကြော့ပြန်ဖြစ်ပွားလာသည့် ကြက်ငှက်တုပ်ကွေးရောဂါ (Avian Influenza) မဖြစ်ပွားရေးအတွက် ကြိုတင်ကာကွယ်တားဆီးနိုင်မည့် နည်းလမ်းများကို မွေးမြူသူများကိုယ်စား မေးမြန်းခဲ့ပါသည်။ အဆိုပါ မေးမြန်းချက်နှင့် စပ်လျဉ်း၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိရစ္ဆာန်ကျန်းမာရေးနှင့်ဖွံ့ဖြိုးရေးဌာနခွဲ လေ့ကျင့်ရေး၊ ပညာပေးရေး ဌာနစိတ်မှူး ဒေါက်တာခင်ဆွေဝင်းက အောက်ပါအတိုင်း ဖြေကြားပေးခဲ့ပါသည်။

ကြက်ငှက်တုပ်ကွေးရောဂါဟာ ၁၉၉၇ ခုနှစ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်နယ်အချို့မှ ဟောင်ကောင်သို့တင်ပို့သော ကြက်များတွင်ပါရှိလာပြီး ရောဂါဖြစ်ပွားမှုကြောင့် လူခြောက်ဦးအသက်ဆုံးရှုံးခဲ့သည်ဟု စတင်သိရှိခဲ့ရပါတယ်။ အဲဒီနောက် ပြင်းထန်တဲ့ ကြက်ငှက်တုပ်ကွေးရောဂါဟာ ချီလီ၊ ဆီနီဂေါ၊ နယ်သာလန်နှင့် ဘယ်လ်ဂျီယံနိုင်ငံတို့မှာ ဖြစ်ပွားခဲ့ပြီး အခုတစ်ခါ ၂၀၀၃ ခုနှစ် ဒီဇင်ဘာလမှာ တောင်ကိုရီးယားနိုင်ငံ၌ ဖြစ်ပွားခဲ့တဲ့အတွက် ကြက်ကောင်ရေ ၁၃၇၀၀၀ ခန့်ကို ဖျက်ဆီးခဲ့ပြီး သက်ဆိုင်ရာ အာဏာပိုင်များက အဆိုပါဒေသမှထွက်တဲ့ ကြက်ဥများကိုပင် စားသုံးခွင့်မပြုဘဲ ဖျက်ဆီးစေခဲ့ကြောင်း သိရှိခဲ့ရပါတယ်။

ကမ္ဘာအနှံ့ ရောဂါဖြစ်ပွားမှုနှင့် စပ်လျဉ်းပြီး ၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၇ ရက်နေ့က ဗီယက်နမ်နိုင်ငံ တောင်ဘက်ပိုင်းမှာ ဖြစ်ပွားတဲ့အတွက် ကြက်ကောင်ရေ ၆၀၀၀၀ ခန့် သေကျေပျက်စီးခဲ့ရသလို ၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့မှာ ဂျပန်နိုင်ငံရှိ ယာမာကူချီခရိုင် ဥစားကြက်ခြံတစ်ခုမှာ ဒီရောဂါဖြစ်ပွားကြောင်း သတင်းထုတ်ပြန်ခဲ့ပါတယ်။ ထိုင်းနိုင်ငံမှာလဲ ၂၀၀၃ ခုနှစ် နိုဝင်ဘာလမှ ၂၀၀၄ ခုနှစ် ဇန်နဝါရီလအထိ ကြက်ခြံများမှာ ကြက်အသုတ်လိုက် သေကျေပျက်စီးခဲ့လို့ ထိုင်းနိုင်ငံ တိရစ္ဆာန်ဆေးကုဌာနက ကြက်ငှက်ရောဂါဖြစ်ပွားကြောင်း ကြေညာပြီး ရောဂါကို စူးစမ်းနေကြပါတယ်။ ဒီကြက်ငှက်



ကြက်တုပ်ကွေးရောဂါကြောင့် ခြေဆစ်များ သွေးမြည့်ရောင်ရမ်းနေသည်ကို တွေ့မြင်ရစဉ်။

တုပ်ကွေးရောဂါဟာ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ တင်သွင်းရာမှတစ်ဆင့် တစ်နိုင်ငံမှတစ်နိုင်ငံသို့ ရောဂါကူးစက်ပျံ့နှံ့ ရောက်ရှိလာနိုင်တဲ့အတွက် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းတင်သွင်းရာမှာ လိုအပ်တဲ့ စိစစ်မှုများ ဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်။

Avian Influenza လို့ခေါ်တဲ့ တချို့ကလဲ Bird Flu လို့ခေါ်တဲ့ ကြက်ငှက်တုပ်ကွေးရောဂါဟာ ကြက်ငှက်များမှာဖြစ်ပွားတတ်တဲ့ ဗိုင်းရပ်(စ်) ရောဂါတစ်မျိုးဖြစ်ပြီး ဗိုင်းရပ်(စ်)အမျိုးအစားကွဲပြားမှုပေါ်မူတည်ပြီး HPAI (Highly Pathogenic Avian Infuenza) နှင့် LPAI (Low Pathogenic Avian Infuenza) လို့ နှစ်မျိုးခွဲခြားထားပါတယ်။ ဗိုင်းရပ်(စ်)ပိုးကို H (Haemagglutinin) antigen N (Neuramindase) antigen အမျိုးအစားအလိုက် ခွဲခြားထားရာမှာ H_5 နှင့် H_7 antigen ပါဝင်တဲ့ ဗိုင်းရပ်(စ်)ဟာ လူကိုပါ ကူးစက်နိုင်ပြီး အသက်အန္တရာယ် ဖြစ်စေနိုင်တဲ့အတွက် အထူးအလေးဂရုပြု ကာကွယ်သင့်သော ရောဂါတစ်ရပ်ဖြစ်လာပါတယ်။ ဒီရောဂါဟာ တုပ်ကွေးရောဂါဖြစ်ပွားစေတဲ့ ပိုးအမျိုးအစား သုံးမျိုး A, B, C ရှိတဲ့အနက် ပိုးအမျိုးအစား A ရဲ့ မျိုးခွဲ Subtype ဖြစ်ပါတယ်။



ကြက်တုပ်ကွေးရောဂါဖြစ်၍ မှိုင်ကုပ်နေသည်ကို တွေ့မြင်ရစဉ်။

A အမျိုးအစား ဗိုင်းရပ်(စ်)ပိုးဟာ ကြက်၊ ငှက်၊ ဝက်၊ မြင်းနဲ့ လူသားများမှာ ဖြစ်တတ်ပါတယ်။ Bအမျိုးအစားကတော့ လူသားများမှာ ဖြစ်ပွားပြီး ၁၉၁၈ ခုနှစ်က စပိန်နိုင်ငံမှစတင်ဖြစ်ပွားပြီး လူပေါင်း သန်း ၂၀ ကျော် သေဆုံးခဲ့ရပါတယ်။ C အမျိုးအစားကတော့ လူသားများနဲ့ ဝက်တွေမှာ ဖြစ်ပွားတတ်ပေမယ့် ဖြစ်ပွားမှုနည်းပါး ပါတယ်။

ဒေါက်တာခင်ဆွေဝင်း
(မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန)

ယခုအခါ အိမ်နီးချင်းနိုင်ငံများမှ ကြက်ပေါက်များ၊ မျိုးကြက်များ၊ မျိုးကြက်ဥများ တင်သွင်းမှုရှိတဲ့အတွက် မြန်မာနိုင်ငံအတွင်းရှိ မွေးမြူရေးကြက်သယံဇာတများ မဆုံးရှုံးရေး၊ မွေးမြူရေးကြက် သယံဇာတအရင်းအမြစ်များကို ရောဂါကူးစက်ပျံ့နှံ့မှု မရှိရေး၊ ပြည်သူများကို ရောဂါကူးစက်မှု မရှိစေရေး၊ ကျန်းမာရေးသတိအမြဲရှိနေဖို့ လိုအပ်ပါတယ်။ ကျွန်မတို့မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးချုပ်အနေနဲ့ ကြက်၊ ကြက်ဥများမှတစ်ဆင့် ကြက်ငှက်တုပ်ကွေးရောဂါ မြန်မာနိုင်ငံအတွင်းသို့ ကူးစက်ပျံ့နှံ့ခြင်းမရှိစေရန် ဒေသအာဏာပိုင် အဖွဲ့အစည်းများမှတစ်ဆင့် နယ်စပ်ကုန်သွယ်ရေး တာဝန်ရှိသူများနှင့် ညှိနှိုင်း၍လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာန တာဝန်ရှိသူများနဲ့ ညှိနှိုင်း၍လည်းကောင်း၊ အထူးသဖြင့် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့ဖူးတဲ့ အိမ်နီးချင်းနိုင်ငံများမှ ကြက်သားပေါက်၊ ကြက်ဥတင်သွင်းမှုများအပေါ် အာရုံစိုက် စောင့်ကြပ်လေ့လာ၍လည်းကောင်း၊ ကြိုတင်ကာကွယ်တားဆီးမှု နည်းလမ်း အချက်အလက်များကို ဒေသအလိုက် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့များနှင့် ညှိနှိုင်း၍ ကြက်မွေးမြူရေးလုပ်ငန်းရှင်များအား မွေးမြူရေးအသိပညာပေး၍ လည်းကောင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန နယ်စပ်ဒေသ တိရစ္ဆာန်ရောဂါထိန်းချုပ်စစ်ဆေးရေး ခတ်ခွဲခန်းများနှင့် ပူးပေါင်းဆောင်ရွက်၍ လည်းကောင်း တိရစ္ဆာန်ကျန်းမာရေးသတိထားရှိ၍ ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်တားဆီးကာကွယ်ရေး စီမံဆောင်ရွက်သွားကြရန် ပြည်နယ်/တိုင်း မွေးမြူရေးနှင့် ကုသရေးဦးစီးမှူးများထံ အကြောင်းကြားထားပြီး ဖြစ်ပါတယ်။

ရောဂါဖြစ်ပွားမှုအနေနဲ့ စီးပွားဖြစ်မွေးမြူတဲ့ ဥစား၊ အသားစားကြက်များမှ ကူးစက်ဖြစ်ပွားမှုများတဲ့အတွက် အထူးသတိပြုရမှာ ဖြစ်ပါတယ်။ စီးပွားဖြစ် မွေးမြူသူလုပ်ငန်းရှင်များအနေနဲ့ မိမိကြက်ခြံတွင်းသို့ ကူးစက်ရောဂါများ မဝင်ရောက်နိုင်အောင် ကာကွယ်တားဆီးတဲ့ နည်းတွေအတိုင်း ကာကွယ်ထားဖို့ လိုအပ်ပါတယ်။ ဥပမာ–မိမိခြံအတွင်းသို့ အပြင်လူ လုံးဝမဝင်စေခြင်း၊ ခြံတွင်းမှလူများကို ခြံပြင်သို့မသွားစေခြင်း၊ ကြက်ခြံအသုံးအဆောင်ပစ္စည်းများကိုသီးခြားသုံးစွဲခြင်း၊ သန့်ရှင်းသောအစာနှင့်သောက်ရေများ အသုံးပြုခြင်း စသည့်တို့ကို ပြုလုပ်ရပါတယ်။ ကြက်ခြံများအတွက် Biosecurity အရေးကြီးပါတယ်။ ကြက်ငှက် တုပ်ကွေးရောဂါဖြစ်ပွားသော ကြက်မှ စွန့်ပစ်ကြက်ချေး (Faeces) တစ်ဂရမ်သည် ကြက်ကောင်ရေ တစ်သန်းကျော်အထိ ရောဂါကူးစက်ပျံ့နှံ့စေနိုင်သောကြောင့် တိရစ္ဆာန်ကျန်းမာရေးသတိရှိဖို့ လိုအပ်ပါတယ်။

ကြက်တုပ်ကွေးရောဂါဖြစ်၍ အမောက်နှင့် ပါးပျဉ်းရောင်ရမ်းနေသည်ကို တွေ့မြင်ရစဉ်။

နယ်စပ်ဒေသရှိ ကြက်ခြံများမှာ ကူးစက်နိုင်ဖို့ အခွင့်အလမ်းများတဲ့အတွက် သတိရှိကြဖို့ လိုအပ်ပါတယ်။ နယ်စပ်ဒေသဝင်ထွက်ဂိတ်များမှာ ကြက်များ အသွင်းအထုတ်ပြုလုပ်မယ်ဆိုရင် နယ်စပ်ဒေသတိရစ္ဆာန်ရောဂါထိန်းချုပ်စစ်ဆေးရေးခတ်ခွဲခန်းများထံမှ ရောဂါကင်းရှင်းကြောင်း ထောက်ခံစာရရှိပြီးမှသာ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

တိုင်းရင်းကြက်များကိုတော့ ပေါက်ပန်းဖြူရွက် (Sesbania Grandi Flora)၊ ဘောစကိုင်းရွက်(Leucaena glauca)နှင့် စပါးလင် (cymbopogon Cetratus)တို့ကို ကျွေးပေးခြင်းအားဖြင့် အာဟာရဖြစ်စေရုံမက ရောဂါခံနိုင်စွမ်းအား မြင့်တက်စေနိုင်တဲ့အတွက် ရောဂါကူးစက်ဖြစ်ပွားမှုနည်းပါးစေမှာ ဖြစ်ပါတယ်။ တိုင်းရင်းကြက် မွေးမြူသူများကလဲ တိရစ္ဆာန်ကျန်းမာရေးအစဉ် သတိရှိနေရပါမယ်။

ကြက်သား စားသုံးသူများအတွက်တော့ ရောဂါကူးစက်မှုဖြစ်နိုင်ခြေနည်းပါးပါတယ်။ များသောအားဖြင့် ကြက်ငှက် တုပ်ကွေးရောဂါဖြစ်တဲ့ ဗိုင်းရပ်(စ်)ဟာ ကြက်များမှတစ်ဆင့် လူသားတွေဆီကို ရောဂါကူးစက်စေနိုင်မှု အခွင့်အလမ်း နည်းပါးပါတယ်။ တရုတ်ပြည်မှာ H_5 N1အမျိုးအစား ဗိုင်းရပ်(စ်) ပြင်းထန်စွာ ဖြစ်ပွားမှုကြောင့်သာ လူသားတွေဆီ ရောဂါကူးစက်ဖြစ်ပွားရတာပါ။ ကျွန်မတို့ မြန်မာလူမျိုးများဟာ မိရိုးဖလာ ဓလေ့ထုံးတမ်းအစဉ်အလာအရ များသောအားဖြင့် ကြက်သားကို ဆီပြန်ဟင်း သို့မဟုတ် ဆီပြန်ရေကျန် ဟင်းမျိုးချက်စားကြတဲ့အတွက် ၅၆° Cမှာ မိနစ် ၃၀ ထားရင် သေစေနိုင်တဲ့ ဗိုင်းရပ်(စ်)ပိုးများမှတစ်ဆင့် ရောဂါမကူးစက် မဖြစ်ပွားနိုင်တော့ဘဲ မြန်မာ့ဓလေ့ထုံးတမ်းစဉ်လာ ချက်ပြုတ်စားသောက်မှုက အကာအကွယ်ပေးသွားတာကို မှတ်သားဖွယ် တွေ့ရှိရပါတယ်။

ဒီရောဂါဟာ ကြက်များမှာ ကူးစက်ဖြစ်ပွားတဲ့အခါ ရောဂါလက္ခဏာမပြဘဲ သေနှုန်းများပြီး သိပ်မပြင်းထန်ရင်တော့ အသက်ရှုလမ်းကြောင်းဆိုင်ရာလက္ခဏာများ ထင်ရှားပါတယ်။ ဥနှုန်းနဲ့ မျိုး အောင်မြင်မှုနှုန်းအနည်းငယ်ကျခြင်းနဲ့ အာရုံကြောအဖွဲ့အစည်းမှာ ထိခိုက်မှုရှိတာကို တွေ့ရှိနိုင်ပါတယ်။

ဒါ့အပြင်–

- **အစိမ်းရောင်ဝမ်းသွားပြီးနောက် အဖြူရောင်ဝမ်းသွားခြင်း၊**
- **ဦးခေါင်းအမောက်နှင့် ပါးပျဉ်းဖောရောင်ခြင်း၊**
- **ခြေဆစ်များ သွေးပြည့်ရောင်ရမ်းခြင်း၊**
- **သွေးရောင်အရည်များ ပါးစပ်နှင့် နှာခေါင်းမှကျခြင်း**

စသည့်လက္ခဏာတွေကိုလဲ တွေ့ရှိနိုင်ပါတယ်။

ကြက်အမြစ်တွင် ရောဂါဖြစ်ပွား၍ သွေးယိုစိမ့်နေသည်ကို တွေ့မြင်ရစဉ်။

ဒီရောဂါဟာ (OIE) List Aစာရင်းဝင် ရောဂါတစ်ခုလဲဖြစ်တဲ့အတွက် ကျွန်မတို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ ကူးသန်းရောင်းဝယ်ခြင်းမှတစ်ဆင့် ကူးစက်ရောဂါများ မဝင်ရောက်စေရေး၊ ပြည်သူများထံ ရောဂါမကူးစက်စေရေးတို့ကို ကြိုတင်ကာကွယ်မှု ဆောင်ရွက်ထားရှိရမှာ ဖြစ်တဲ့အတွက် မွေးမြူသူများအနေနဲ့ Biosecurityလို့ခေါ်တဲ့ ကြက်များအန္တရာယ်ကင်းဝေးရေး လိုက်နာဆောင်ရွက်ကြဖို့ ဖြေကြားပေးလိုက်ရပါတယ်။ ။

❁ ချောင်းမနက်မှ

မန္တလေးမှ တံတားဦးသို့သွားကြရာ တံတားဦးမြို့နယ်တွင် အပြည့်ပြည့်ဆိုင်ရာ လေဆိပ်ကြီးရှိသောကြောင့် နိုင်လွန်ကတ္တရာလမ်းမှာ ပြေပြစ်ချောမွေ့လှသည်။

ချောင်းမနက်ရေလှောင်တမံမှာ တံတားဦးနှင့် မြစ်သားသွားရာလမ်းမှခွဲ၍ သုံးမိုင်ခန့်ဝင်ရ၍ ချောင်းမနက်ရေလှောင်တမံသို့ နံနက် ၉နာရီတွင် ရောက်ရှိခဲ့ကြသည်။

ချောင်းမနက်ရေလှောင်တမံသည် ချောင်းမနက်ချောင်းပေါ်တွင် အလျားပေ ၆၁၀၀၊ အမြင့်ပေ ၅၀နှင့် ရေပမာဏ ဧကပေ ၈၈၄၀ခန့်ကို သိုလှောင်နိုင်မည်ဖြစ်သည်။ တမံကို မြေသားဖြင့်တည်ဆောက်ထားပြီး တံတားဦးမြို့နယ် ပြုကန်ရွာအနီး၌ တည်ဆောက်ထားသောပြုကန်သို့ ရေကူပေးရန်နှင့် စိုက်ပျိုးဧရိယာအသစ်ဧက ၁၀၀၀ခန့်ကို ဆည်ရေပေးဝေရန် တည်ဆောက်ခြင်းဖြစ်သည်။

ရေလှောင်ပမာဏ

ချောင်းမနက်ရေလှောင်တမံ၏ ကန်ရေပြည့်ရေပြင်ကျယ်ဧရိယာမှာ ၆၆၆ ဧကပေ ရှိမည်ဖြစ်ပြီး ကန်ရေသေရေလှောင်ပမာဏမသည် ဧကပေ ၂၂၈၀ ရှိမည်ဖြစ်သည်။ ကန်ရေပြည့်ရေလှောင်ပမာဏကို ကျော်လာသည့်ရေများကို ထုတ်ရန်အတွက် အကျယ်ပေ ၁၀၀၊ အလျားပေ ၂၉၀၀ ရှိသော ရေပိုလွှဲကို တည်ဆောက်လျက်ရှိပြီး ရေပိုလွှဲ၏ အမြင့်ဆုံးရေထုစီးနှုန်းမှာ ၆၅၃၅ ကုဗပေ/စက္ကန့်ဖြစ်သည်။

ချောင်းမနက်ရေလှောင်တမံမှရေများကို ပြုကန်နှင့်စိုက်ပျိုးဧကအသစ် ၁၀၀၀ သို့ ရေပို့ပေးမည့်ရေထုတ်ပြွန်ကို အချင်းသုံးပေရှိသော သံကူကွန်ကရစ်ပိုက်ဖြင့် တည်ဆောက်ထားပြီး အလျားပေ ၁၁၀ ရှည်သော ရေသွယ်မြောင်းမှ ရေပေးမည်ဟုသိရသည်။

ရေကူပေးမည်

ချောင်းမနက်ရေလှောင်တမံမှ လက်ရှိပြုကန်ရေသောက်ဧရိယာ ဧက၃၈၀၀ သို့ ရေကူပေးမည်ဖြစ်သည်။ ပြုကန်မှာ ၁၉၅၉-၁၉၆၀ပြည့်နှစ်တွင် စတင်တည်ဆောက်ခဲ့ရာ ၁၉၆၀-၁၉၆၁ခုနှစ်တွင် ပြီးစီးခဲ့သည်။ ပြုကန်၏ ဆည်ရေသောက်ဧရိယာမှာ ၃၈၆၂ ဧကရှိ၍ ရေတံခါးသုံးခုဖြင့် ရေပေးဝေခဲ့သည်။

ပြုကန်၏ပျမ်းမျှမိုးရေချိန်မှာ ၂၈လက်မခန့်ရှိပြီး ကန်အတွင်းသို့ ပျမ်းမျှ ၁၁၈၀၇ ဧကပေ စီးဝင်ခဲ့သည်။ ပြုကန်မှ နှစ်စဉ်စိုက်ပျိုးရေပေးဝေနိုင်မှုမှာ ပျမ်းမျှ ၁၁၁၃၁ ဧကပေဖြစ်၍ ပြုကန်ရေသောက်ဒေသအတွင်း နှစ်စဉ်မိုးစပါးနှင့် နွေစပါးစိုက်ပျိုးရေ ပေးဝေခဲ့သည်။

ချောင်းမနက်ရေလှောင်တမံ အချိန်မီဖွင့်လှစ်နိုင်ရန်အတွက် စက်ယန္တရားကြီးများနှင့် လုပ်သားအင်အားပေါင်းစပ်ကာ အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-မိုးအောင်)

ပြုကန်ရေသောက်ဒေသအတွင်း မိုးစပါး၊ နွေစပါးသီးနှံကို အဓိကစိုက်ပျိုးပြီး အခြားသီးနှံ (ဝါ၊ နှမ်း၊ ပဲမျိုးစုံ)ကိုလည်း စိုက်ပျိုးသည်။ ၂၀၀၃-၂၀၀၄ ခုနှစ်တွင် မိုးစပါးဧက ၅၀၅ ဧကစိုက်ပျိုးနိုင်ပြီး နွေစပါးဧက ၁၅၀ စိုက်ပျိုးရန်လျာထားသည်။ ချောင်းမနက်ရေလှောင်တမံပြီးစီးပါက ပြုကန်သို့ ရေချ၍ လက်ရှိရေပေးတူးမြောင်းမှ ကားလမ်းတစ်ဖက်ကျော်တွင် ဧက ၂၅၀၀ တိုးချဲ့ပေးရန် ရည်ရွယ်ထားကြောင်းလည်း သိရသည်။

ပြုကန်သည် ရေဆင်းဧရိယာ ဧက ၃၄စတုရန်းမိုင်အတွင်းရှိ ချောင်းများမှ စီးဆင်းဝင်ရောက်လာသည့် ရေများကို နှစ်ပေါင်းများစွာ သိုလှောင်ပြီး စိုက်ပျိုးရေများကို အသုံးပြုခဲ့ရာ စီးဝင်လာသော ချောင်းရေနှင့်အတူ သဲနုန်းများပါ ပါဝင်၍ အနည်ထိုင်ပြီး ပြုကန်မှာလည်း တိမ်ကောလာခဲ့သည်။

ကန်ရေပြည့်

ပြုကန် စတင်တည်ခဲ့စဉ်က ကန်အတွင်းရေလှောင်နိုင်သော ကန်ရေပြည့်ရေအမှတ်အရ ရေလှောင် ပမာဏဧကပေ ၄၀၀၀ခန့်တွင် ရှိခဲ့သည်။ ယခုပြန်လည်တိုင်းတာသောအခါတွင် ရေလှောင်ပမာဏမှာ ဧကပေ ၁၁၅၀သာ ရှိတော့သည်။ ထို့ကြောင့် ယခင်ရေလှောင်ပမာဏ ဧကပေ ၄၀၀၀ ခန့် သိုလှောင်ထားရှိရန် ပြုကန်ကိုမြှင့်တင်ပေးမည်ဟု သိရသည်။

အလားတူပင် ရေပေးတူးမြောင်းများမှာလည်း ကာလကြာမြင့်လာသည်နှင့်အမျှ တူးမြောင်းများတွင် သီးနှံများဖိုခြင်း၊ ချုံနွယ်များပေါက်ရောက်ခြင်း၊ တာပေါင်များနိမ့်ကျပျက်စီးခြင်း၊ မြောင်းပေါင်အစိတ်အပိုင်းအချို့ကျိုးပေါက်ခြင်းတို့ကြောင့် မူလဒီဇိုင်းပုံစံမရှိတော့ဘဲ ရေပေးဝေရာတွင် ခက်ခဲပြီး ထိရောက်မှုမရှိ ဖြစ်နေသည်။ ၎င်းအပြင် ရေသောက်ပြွန်များမှာလည်း မြောင်းထိပ်အဆောက်အအုံများ မရှိခြင်းကြောင့် စနစ်တကျ ရေပေးနိုင်ခြင်းမရှိသဖြင့် ရေသောက်စနစ်ကို ပြုပြင်ရန် စီစဉ်လျက်ရှိသည်။

တံတားဦးမြို့နယ် တစ်ဝိုက်တွင် ဖောင်းကတောရေလှောင်တမံ၊ မြို့သာရေလှောင်တမံ၊ နတ်သားတောရေလှောင်တမံနှင့် ချောင်းမနက်ရေလှောင်တမံ စသော ဆည်အစုအဖွဲ့များမှ အကျိုးပြုဆည်ရေသောက်ဧက၉၈၀၀ကို အကျိုးပြုမည်ဖြစ်သည်။

ရေလှောင်ပမာဏထက်ကျော်၍ ဝင်လာသော ရေများကို ရေပိုလွှဲဖြင့် ထုတ်ရန်အတွက် တည်ဆောက်ထားသည့် ချောင်းမနက် ရေပိုလွှဲကို တွေ့ရစဉ်။ (ဓာတ်ပုံ-မိုးအောင်)

၁၅၆ခုမြောက်ဆည်

မန္တလေးတိုင်းတစ်ခုလုံးတွင် ဆည်ပေါင်း၁၉ခုကို နိုင်ငံတော်က တည်ဆောက်ပေးခဲ့ရာ အကျိုးပြု ဧရိယာဧက ၃၃၂၁၅၃ဧက အကျိုးပြုလျက်ရှိပြီး နိုင်ငံတော်က ကုန်ကျငွေ ကျပ်သန်းပေါင်း ၈၈၅၃ ကျော် အကုန်အကျခံ တည်ဆောက်ခဲ့သည်။ ချောင်းမနက် ရေလှောင်တမံကို မကြာမီကာလအတွင်း ၁၅၆ခုမြောက်ဆည်အဖြစ် ဖွင့်လှစ်နိုင်တော့မည်ဖြစ်သည်။

အထောက်အကူပြု

ချောင်းမနက်ရေလှောင်တမံတည်ဆောက်ပေးခြင်းဖြင့် စီမံကိန်းခန့်မှန်းကုန်ကျစရိတ်ငွေကျပ်သန်း ၃၆၃သန်းသုံးစွဲပြီး တံတားဦးမြို့နယ်အတွင်းရှိ ကင်းတားလက်ဝဲမြောင်းဖျားတွင်ရှိ ပြုကန်၏ လက်ရှိရေသောက်ဧရိယာ ၃၈၀၀ဧကခန့်ကို စိုက်ပျိုးရေအလုံအလောက်ရရှိစေနိုင်ခြင်း၊ ဆည်ရေသောက်ဧရိယာအသစ် ဧက ၁၀၀၀ခန့်ကို တိုးချဲ့ရေပေးဝေနိုင်မည်ဖြစ်ခြင်း၊ ကျေးရွာလူထုနှင့် ကျွဲနွားတိရစ္ဆာန်များ သောက်သုံးရေပေါများစွာ အသုံးပြုနိုင်မည်ဖြစ်ရာ နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေးကဏ္ဍများတွင်သာမက ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက်ပါ များစွာအထောက်အကူပြုမည် ဖြစ်ပါကြောင်း သတင်းစကား တင်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

အီလက်ထရွန်နစ် စက်ပြင်သင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂၄

နှစ် ၃၀ ကျော် အရှိန်အဟုန်မပျက် အောင်မြင်ကျော်ကြားလျက်ရှိသော တိုင်းအီလက်ထရွန်နစ် စက်ပြင်သင်တန်းက ရေဒီယို၊ ကက်ဆက်၊ TV၊ Video၊ VCD၊ CD စက်ပြင်သင်တန်းနှင့် Satellite Receiver တပ်ဆင်ခြင်း သင်တန်းများကို စာတွေ့၊ လက်တွေ့ တစ်ဦးချင်း သင်တန်းပို့ချပေးခြင်းကို ဖွင့်လှစ်မည်ဖြစ်သည်။ စိတ်ဝင်စားသူများသည် အမှတ် ၇၀ ရန်ကုန်-အင်းစိန်လမ်းမ သုခမှတ်တိုင်နှင့် ဘူတာရုံလမ်းမှတ်တိုင်ကြား (၉) ရပ်ကွက် လှိုင်မြို့နယ် ဖုန်း-၀၁-၅၃၅၁၅၁နှင့် ၀၉-၈၀-၃၄၅၄၉ တို့သို့ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

မြန်မာ့ရုပ်မြင်သံကြား

၂၅-၁-၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ အကျိုးတော်ဆောင် ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချို့အေးမင်္ဂလာတေး
- ၇:၅၀ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာ မင်္ဂလာ
- ၈:၀၅ ၆။ အကပြိုင်ပွဲ
- ၈:၁၅ ၇။ ပိုင်ကျုံရေထိန်းတံခါး
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Say It In English
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
- ၁၁:၃၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁:၄၅ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"နက်ရှိုင်းမေတ္တာ"** (အပိုင်း-၁၀)
- ၁၁:၂၅ ၅။ Milo Success In Soccer.
- ၁၂:၃၅ ၆။ အရုဏ်ဦး၏ ပုံရိပ်များ (ကျော်ရဲအောင်၊ မေသဥ္စာဦး၊ သင်းသင်းယုလှိုင်) (ဒါရိုက်တာ-မောင်ဝဏ္ဏ)
- ၁၄:၀၅ ၇။ ယဉ်ကျေးမှုအနုလက်ရာစုံညီစွာ ဘုရားအာနန္ဒာ
- ၁၄:၁၅ ၈။ တေးဂီတအစီအစဉ်
- ၁၄:၃၀ ၉။ ဖြူးချောင်းတံတား
- ၁၄:၄၅ ၁၀။ International News.

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use
- ၁၆:၄၀ ၄။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
- ၁၆:၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သင်္ချာဗေဒ၊ရုက္ခဗေဒ အထူးပြုအားလုံး) (သင်္ချာဗေဒ)
- ၁၇:၁၀ ၆။ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၁၇:၂၅ ၇။ လက်ဆင့်ကမ်းပေး ဂီတတေး
- ၁၇:၃၅ ၈။ တေးဂီတအစီအစဉ်
- ၁၇:၅၀ ၉။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၁၈:၃၀ ၁၀။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၁။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၂။ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
- ၁၉:၁၅ ၁၃။ တေးဂီတအစီအစဉ်
- ၁၉:၃၀ ၁၄။ (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ပန်းချီပန်းပု ပြိုင်ပွဲ ပြပွဲကြိုတင်ပြင်ဆင်မှုများ(အခြေခံပညာအဆင့်)
- ၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ Calcio Serie A ဘောလုံးပွဲထုတ်လွှင့်မှုအစီအစဉ်

ရန်ကင်းမြို့နယ်အဆင့် ပညာရည်ချွန်ဆုပေးပွဲကို အထက(၂) ကျောင်းခန်းမတွင် ဇန်နဝါရီ ၂၂ရက်က ကျင်းပရာ အထက(၂) ကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုချို က မြို့နယ် ဘက်စုံ လူမှုရေး ဘာသာရပ် ပထမဆုရ အမက (၁၁) ကျောင်းမှ မခိုင်ဇာသွယ်အား ဆုချီးမြှင့်စဉ်။ (က-ပ)

အချိန်အခါမဟုတ် မိုးရွာမည်

ရန်ကုန် ဇန်နဝါရီ ၂၄

ယနေ့နံနက် မြန်မာ စံတော်ချိန် ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ ယနေ့မွန်းလွဲမှ နောက် ၄၈ နာရီအတွင်း ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ် မြောက်ပိုင်း၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။

(သတင်းစဉ်)

၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကိုဂုဏ်ပြုကြိုဆိုသောအားဖြင့် ဇန်နဝါရီ ၂၂ ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင်၊ မြောက်ဥက္ကလာပမြို့နယ်စံပြ ဂ/ဃ ရပ်ကွက် မေဓာဝီလမ်း ကိုယ့်အားကိုယ်ကိုးနိုင်လွန်ကတ္တရာ လမ်းချောဖွင့်ပွဲ အခမ်းအနားကို အဆိုပါ လမ်းထိပ်မုခ်ဦး၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းမောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (သတင်းဖော်ပြပြီး)

(က-ပ)

အောင်မြေသာယာ ရွှေစေတီတော် ဗုဒ္ဓပူဇနီယပွဲ စည်ကားသိုက်မြိုက်စွာကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၄

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အောင်မြေသာယာ ရွှေစေတီတော်မြတ်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနီယပွဲတော်နှင့် စိန်ဖူးတော်၊ ထီးတော်၊ ငှက်မြတ်နားတော်၊ လုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူပူဇော်ပွဲအခမ်းအနားကို (၁၃၆၅ ခုနှစ် တပို့တွဲလဆန်း ၈ရက်) ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၂၉ ရက်မှ (၁၃၆၅ ခုနှစ် တပို့တွဲလပြည့်ကျော် ၁ ရက်) ဖေဖော်ဝါရီ ၆ ရက်အထိ ၁၀ ရက် တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ စိန်ဖူးတော်၊ ထီးတော်၊ ငှက်မြတ်နားတော်တို့တွင် ရွှေသင်္ကန်း ကပ်လှူပူဇော်လိုပါက ဂေါပကအဖွဲ့ရုံး ဖုန်း-၂၄၇၂၈၈ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် အဆိုပါ ဗုဒ္ဓပူဇနီယပွဲတော်ကို ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(၁၈၀)

နှလုံးနှင့်သွေးကြောရောဂါ ခွဲစိတ်ကုသမှု ဝန်ကြီးဒေါက်တာကျော်မြင့်ကြည့်ရှု

ရန်ကုန် ဇန်နဝါရီ ၂၄

ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်သည် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝမ်းမောင်၊ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာပိုင်စိုး၊ ဆေးသုတေသနဦးစီးဌာန(အထက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းအောင်တို့လိုက်ပါလျက် ယမန်နေ့နံနက် ၉နာရီက ရန်ကုန် ပြည်သူ့ဆေးရုံကြီး၌ မြန်မာနိုင်ငံ နှလုံးနှင့်သွေးကြောခွဲစိတ်ကုဆရာဝန်ကြီးများနှင့် ဩစတြေးလျနိုင်ငံ နှလုံးနှင့်သွေးကြော ခွဲစိတ်ကုအဖွဲ့တို့ ပူးပေါင်းခွဲစိတ်ကုသမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ဝန်ကြီးနှင့်အဖွဲ့သည် နှလုံးဆေးကုသဆောင်ရှိ နှလုံးနှင့်သွေးကြောတွင် ကွန်ပျူတာစနစ်ဖြင့် နှလုံးရောဂါရှာဖွေစမ်းသပ်ခြင်းနှင့် (Cardiac Catheterisation Laboratory) ခန်းရှိ နှလုံးသွေးကြော ပိုက်ထည့်စမ်းသပ် စက်ဖြင့် နှလုံးနှင့်သွေးကြောရောဂါ ရှာဖွေကုသနေမှုကို ကြည့်ရှုစစ်ဆေးရာ ပါမောက္ခ ဒေါက်တာဒေါ်ခင်မေစန်းနှင့် ကထိကနှလုံးနှင့်သွေးကြောရောဂါ ဆေးအထူးကုဆရာဝန်ကြီးများဖြစ်သော ဒေါက်တာမျိုးဝင်း၊ ဒေါက်တာတင်လတ်၊ ဩစတြေးလျနိုင်ငံ နှလုံးဆေးကုသမှုအဖွဲ့ခေါင်းဆောင် Professor Dr. David Kelly နှင့် Dr. Bruce Bastian တို့က ရှင်းလင်းပြသကြသည်။ ဝန်ကြီးက လိုအပ်ချက်များမှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဖြည့်ဆည်းမှာကြား

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် နှလုံးနှင့်သွေးကြော ရောဂါ ခွဲစိတ်ကုဌာန လူနာဆောင်နှင့်အထူးကြပ်မတ်ကုသခန်းရှိ မြန်မာ-ဩစတြေးလျ နှလုံးနှင့် သွေးကြောရောဂါ ခွဲစိတ်ကုဆရာဝန်ကြီးများပူးပေါင်း ခွဲစိတ်ကုသပေးခဲ့သည့် နှလုံးနှင့်သွေးကြောရောဂါလူနာများအား ကျန်းမာရေးစောင့်ရှောက်ထားရှိမှုအခြေအနေကိုကြည့်ရှုစစ်ဆေးရာ **(အောက်ပုံ)** နှလုံးနှင့်သွေးကြောရောဂါ ခွဲစိတ်ကုဌာန ပါမောက္ခ ဒေါက်တာခင်မောင်အေးနှင့် ဩစတြေးလျနိုင်ငံ နှလုံးကုသမှု အဖွဲ့ခေါင်းဆောင် Professor Dr. Alan Gale တို့က ခွဲစိတ်ကုသပေးခဲ့သည့်ရောဂါ အခြေအနေနှင့် ကျန်းမာရေး စောင့်ရှောက်ထားရှိမှုအခြေအနေများကို ရှင်းလင်းပြောကြားကြသည်။ ဝန်ကြီးက လိုအပ်ချက်များကို ဖြည့်ဆည်းမှာကြားသည်။

မြန်မာနိုင်ငံ နှလုံးနှင့်သွေးကြော ခွဲစိတ်ကုသမှုအဖွဲ့ကို ပါမောက္ခ ဒေါက်တာ ခင်မောင်အေးနှင့် ကထိက နှလုံးနှင့် သွေးကြောရောဂါ ခွဲစိတ် အထူးကုဆရာဝန်ကြီး ဒေါက်တာ ခင်မောင်လွင်တို့က ဦးဆောင်၍ ဩစတြေးလျနိုင်ငံ နှလုံးနှင့် သွေးကြောရောဂါ ခွဲစိတ်ကုသမှုအဖွဲ့ကို Professor Dr. Alan Gale တို့က ဦးဆောင်ပြီး နှစ်နိုင်ငံ ဆေးပညာပူးပေါင်း ဖလှယ်ရေး အစီအစဉ်အရ ပူးပေါင်း ခွဲစိတ်ကုသခြင်းနှင့် ပညာရပ်ဆိုင်ရာ သင်ကြားပို့ချခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အင်္ဂလိပ်စာနှင့်စကားပြော သင်တန်းများဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂၄

Saya Tony ဦးစီးသော O.B.F Language Centre တွင် အင်္ဂလိပ်စာကို အထူးကျွမ်းကျင်စွာ စနစ်တကျ တတ်ကျွမ်းလိုသော ကျောင်းသား ကျောင်းသူများအတွက် အင်္ဂလိပ်စာနှင့် အင်္ဂလိပ်စကားပြော သင်တန်းများ၊ Grammarသင်တန်း၊ Foreign Going English Course၊ All Round Development (Speaking၊ writing၊ Listerning၊ Reading)IELTS၊ TOEFL၊ BEC၊ FCE စသည့် သင်တန်းများကိုလစဉ် တန်းခွဲသစ်များ ဖွင့်လှစ်၍ သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းများကို Saya Tony က သင်ကြား ပို့ချပေးမည်ဖြစ်ရာ တက်ရောက်လိုသူများ အသေးစိတ်သိရှိရန် အမှတ် (၂၃၃) (ပထမထပ်) ၃၅လမ်း (အထက်ဘလောက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၈၆၀၁၇ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဥရောပအစားအစာချက်ပြုတ်မှု သင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂၄

မြန်မာနိုင်ငံစားဖိုမှူးကြီးများအသင်း (Myanmar Chiefs Association)၏ အစီအစဉ်ဖြင့် ဥရောပအစားအစာချက်ပြုတ်မှုဆိုင်ရာ အခြေခံသင်တန်းနှင့်ကျွမ်းကျင်မှုသင်တန်းကို ရွှေဂုံတိုင်ရှိယုဇနတာဝါ၌ လာမည့် ဇန်နဝါရီ ၂၇ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်သည်။ ထိုသင်တန်းကို ဖေဖော်ဝါရီ ၂၀ ရက်အထိ တနင်္လာနေ့မှ သောကြာနေ့အတွင်း နံနက်တစ်ကြိမ်နှင့် ညနေတစ်ကြိမ်၊ တစ်ကြိမ်လျှင် ၃ နာရီကြာ သင်ကြားပေးသွားမည်ဖြစ်ရာ သင်တန်းကာလအားဖြင့် ရက်သတ္တပတ် သုံးပတ်ကြာမြင့်မည်ဖြစ်သည်။ သင်တန်းကိုအဆင့်မြင့်ဂျာမန်စားဖိုမှူးကြီးကိုယ်တိုင် ဥရောပဟင်းလျာမျိုးစုံကို လက်တွေ့သင်ကြားပေးသွားမည်ဖြစ်သည်။ သင်တန်းသို့ စိတ်ပါဝင်စားသူမည်သူမဆိုတက်ရောက်နိုင်ပြီး သင်တန်းပြီးဆုံးပါက မြန်မာနိုင်ငံစားဖိုမှူးကြီးများ အသင်းမှ အသိမှတ်ပြုလက်မှတ်ကို တာဝန်ယူချီးမြှင့်ပေးသွားမည်ဖြစ်သည့်အပြင် သင်တန်းသား၊ သင်တန်းသူများသည်မြန်မာနိုင်ငံစားဖိုမှူးကြီးများ အသင်းဝင်အဖြစ်လည်း လျှောက်ထားနိုင်ပါသည်။ ဤသင်တန်းကို မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန်နှင့် ပြည်တွင်းမှ ထူးချွန်သော စားဖိုမှူးများ မွေးထုတ်ပေးသွားရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ရာ အချက်အပြုတ် စိတ်ဝင်စားသူများသာမက ဥရောပအစားအစာကို ကျွမ်းကျင်စွာချက်တတ်လိုသူများ၊ စားဖိုမှူးအဖြစ် အသက်မွေးဝမ်းကြောင်းပြုလိုသူများပါ တက်ရောက်သင့်သော သင်တန်းဖြစ်ပါသည်။ သင်တန်းတက်ရောက်လိုပါက ဇန်နဝါရီ၂၆ရက် နောက်ဆုံးထား၍ ဖုန်း-၅၀၁၁၂၃ နှင့် ၀၉-၅၀၀၃၆၃၃ တို့သို့ ဆက်သွယ်စုံစမ်း၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမှတ် (၈) အခြေခံပညာမူလတန်းကျောင်းတို့ ပူးပေါင်း၍ နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၀ရက် နံနက်က ကျောင်းခန်းမတွင်ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်မိုးမိုးဝင်းနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်သီတာဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်ပြန်/ဆက်)

ဆုချီးမြှင့်

ဇန်နဝါရီ ၁၇ ရက်က ဗဟန်းမြို့နယ်စစ်မှုထမ်းဟောင်း အဖွဲ့ ၂၀၀၂-၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်သူ သားသမီးများအား ပညာရည်ထူးချွန် ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပစဉ်။ (က-ပ)

နယ်လှည့်စာကြည့် လှိုင်မြို့နယ်တွင်ဖွင့်

ရန်ကုန် ဇန်နဝါရီ ၂၄

ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန လှိုင်မြို့နယ်ရုံးက ကြီးမှူးဖွင့်လှစ်သော နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲ ဖွင့်ပွဲကို ဇန်နဝါရီ ၁၄ရက် နံနက် ၁၀နာရီက အမှတ်(၅) အခြေခံပညာ အလယ်တန်းကျောင်း လှိုင်မြို့နယ်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးတင်ကိုနှင့် ကျောင်းအုပ်ဆရာကြီး ဦးစောကြည်တို့က နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ကျော်ဝင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမှုဆောင်အဖွဲ့ဝင် ဒေါက်တာသာရင်မြတ်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်တို့ ဇန်နဝါရီ ၂၄ ရက် ညနေ ၃ နာရီခွဲတွင် လှုငယ်အားကစား လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)၌ ကျင်းပပြုလုပ်ခဲ့သည့် မြန်မာလူငယ်(က) ဘောလုံးအသင်းနှင့် ကာကွယ်ရေးဘောလုံးအသင်းတို့၏ ခြေစမ်းပွဲကို တက်ရောက်အားပေးကြည့်ရှုစဉ်။ (က-ပ)

ပညာရေးစုံညီပွဲတော်တွင် ပါဝင်သူများအားဂုဏ်ပြု

ရန်ကုန် ဇန်နဝါရီ ၂၄

ပညာရေးစုံညီပွဲတော်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းအောင်သည် ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်၌ ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသူများအား ယမန်နေ့ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ စိန်ရတုခန်းမရှေ့မျက်နှာစာ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ရှေးဦးစွာ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများက ဖျော်ဖြေရေး အစီအစဉ်များဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ ထို့နောက် ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ အဆို မနေခြည်ဦး၊ အတီး မအေးချမ်းမြင့်ဝေ(စောင်း)၊ မောင်ရဲဝင့်မြင့်ဝေ(စောင်း)၊ အက မောင်လင်းထက်ဦး၊ မရွှေစင်ထက်ဝင်းတို့က "အောင်စေပိုင်စေ" သီချင်းကို သီဆို၍ နှစ်ပါးသွားအက ဖြင့်လည်းကောင်း၊ ကမာရွတ်မြို့နယ် အမှတ်(၂)အခြေခံ ပညာအထက်တန်းကျောင်းမှ ကျောင်းသူများက အဆို မအေးမြတ်နိုးခင်၊ အတီး မအိယဉ်မွန်(အော်ဂင်)တို့၏ "မြပန်းခွေ"ယိမ်းအကဖြင့်လည်းကောင်း၊ ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူများက အဆို မနေခြည်ဦး၊ မနှင်းအေးဝေ၊ အတီး မောင်ဟိန်းထူးဇော်(အော်ဂင်) တို့၏ "စုံညီပွဲတော်တို့နွှဲ ပျော်"တေးသရုပ်ဖော်ဖြင့်လည်းကောင်း၊ ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းသူများက အဆို မအေးမြတ်နိုးခင်၊ အတီး မအိယဉ်မွန်(အော်ဂင်)တို့၏ "နွေဦးအစ ပန်းကောက်တေးအလှ" တေးသရုပ်ဖော်ဖြင့်လည်းကောင်း၊ အခြေခံပညာကျောင်းသား ကျောင်းသူများက အတီး မအိမွန်ယဉ်မွန်(အော်ဂင်) နှင့်တွဲဖက်ပြီး "မြနန္ဒာ"ယိမ်းဖြင့် စုပေါင်းသီဆိုကပြ၍လည်းကောင်းဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ဝန်ကြီးဦးသန်းအောင်က ဖျော်ဖြေတင်ဆက်ကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုငွေချီးမြှင့်သည်။

ဆက်လက်၍ ဝန်ကြီး ဦးသန်းအောင်က ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံကာ အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၄

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာတောင်ညွန့်ရပ်ကွက်၊ လမ်း ၁၁၀ ပဲခူးကျောင်းတိုက်အတွင်းရှိ အောင်ပြည်ငြိမ်းအေးစေတီတော်မြတ် သတ္တမအကြိမ်မြောက် ပူဇော်ပွဲများ ကျင်းပမည်ဖြစ်ရာ ၁၃၆၅ခုနှစ် တပို့တွဲလဆန်း ၈ရက်မှ ၁၃ ရက်အထိ အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပြီး လဆန်း ၁၄ ရက်မှ လပြည့်နေ့အထိ ညစဉ် ဆီမီးသုံးထောင် ပူဇော်ပွဲ၊ ဆွမ်းတော်ကြီးကပ်လှူပွဲနှင့် ထမနဲပွဲတို့ကို ကျင်းပပူဇော်မည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ရန်ကင်းမြို့နယ် တိုက် ၂၅၅ အခန်း ၁၉နေ ဦးမြင့်အောင်-ဒေါ်ကြည်ကြည်အောင် မိသားစုက ကွယ်လွန်သူ မိဘများအား ရည်စူး၍ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင်တို့အတွက် အလှူတော်ငွေ ကျပ်တစ်သိန်းလှူဒါန်းရာ ဆေးရုံဒုတိယအုပ်ချုပ်ရေးမှူး ဦးစိုးဝင်း ဇန်နဝါရီ ၁၁ ရက်က လက်ခံယူစဉ်။ (က-ပ)

မြန်မာလူငယ်အသင်းက ကာကွယ်ရေးအသင်းကိုအနိုင်ရ

ရန်ကုန် ဇန်နဝါရီ ၂၄

၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလအတွင်း ထိုင်းနိုင်ငံ၌ကျင်းပမည့် ပထမအကြိမ် အသက်(၁၈)နှစ်အောက် ဘင်းမ်စတက် (BIMST.EC) လူငယ်ဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် စခန်းသွင်းလေ့ကျင့်ပေးလျက်ရှိသည့် မြန်မာလူငယ် လက်ရွေးစင် (က)အသင်းနှင့် အဆင့်မြင့်တန်းမှ ကာကွယ်ရေး အသင်းတို့ ခြေစမ်းဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲတွင် လူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်း၌ ကျင်းပရာ မြန်မာ လူငယ်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

မြန်မာလူငယ်အသင်းက ပထမပိုင်းတွင် ခြေအသာစီးမှ ကစားပြီး နှစ်ဂိုးသွင်းယူနိုင်သည်။ မြန်မာလူငယ်အသင်းအတွက် ပထမဂိုးကို ၃၈ မိနစ်တွင် ထွန်းမင်းဦးက သွင်းယူသည်။ ဒုတိယဂိုးကို ၄၁ မိနစ်တွင် အောင်လတ်သူက သွင်းယူပေးသည်။

ဒုတိယပိုင်းတွင် ကာကွယ်ရေးအသင်းက ချေပဂိုးရရှိရေး တင်ကစားလာရာ ပို၍ အကြိတ်အနယ်ရှိလာသည်။ ကာကွယ်ရေးအသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကို မိနစ် ၆၀ တွင် ထွန်းမင်းနိုင်က သွင်းယူပေးသည်။ ကာကွယ်ရေးအသင်းက ဒုတိယချေပဂိုးရရှိရေး ကြိုးစားကစားသော်လည်း ပွဲချိန် ၈၁ မိနစ်တွင် မြန်မာလူငယ်အသင်းအတွက် ဟန်ဝင်းအောင်က တတိယဂိုး သွင်းယူသဖြင့် သုံးဂိုး-တစ်ဂိုးဖြင့် ပွဲပြီးသွားသည်။

မြန်မာလူငယ်(က)အသင်းသည် ယခုပွဲအပါအဝင် ခြေစမ်းပွဲ လေးပွဲကစားခဲ့ရာ နှစ်ပွဲနိုင်ပြီး နှစ်ပွဲရှုံးထားသည်။

မြန်မာလူငယ်(ခ)အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ကာကွယ်ရေးအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ဘဏ္ဍာ/အခွန်အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ဆောက်လုပ်ရေးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ **(မြန်မာ့အလင်း)**



အပ္ပမာဒစာပေတိုက် အမှတ် ၁၈၉ ရွှေဝါထွန်း ၂ လမ်း (၃၃) ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း) ရန်ကုန် ဖုန်း - ၅၈၄၇၃၈ကထုတ်ဝေ ဖြန့်ချိလိုက်သည့် ဦးတင်ဦး (မြောင်)မြန်မာပြန် သည့် ကမ္မဋ္ဌာန်းခွင် ယနေ့ဝင်စို့ စာအုပ်မျက်နှာဖုံး။ (က-ပ)

ထစ်ချုန်းရွာဖွယ်

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

ထုတ်ကုန်ဖြန့်ဖြူးမှု ထူးချွန်ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၄

DCD Co.,Ltd. က Intel ထုတ်ကုန်များကို ဝယ်ယူသုံးစွဲပြန်လည် ဖြန့်ဖြူးပေးနေကြသော Dealer များ၊ End User များအားထုတ်ကုန် ဖြန့်ဖြူးမှု ထူးချွန်ဆု ကံစမ်းမဲလက်ဆောင်ချီးမြှင့်ပွဲကို ဇန်နဝါရီ ၂၂ ရက် ညနေပိုင်းတွင် မြန်မာသတင်း အချက်အလက်နှင့် နည်းပညာ အဆောက်အအုံ (MICT Park) ၌ ပြုလုပ်ကျင်းပသည်။

အခမ်းအနားသို့ DCD Co.,Ltd.မှ တာဝန်ရှိသူများ၊ Inte Dealer များ၊ စာနယ်ဇင်းသမားများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။ အခမ်းအနားတွင် DCD ၏ မန်နေဂျင်း ဒါရိုက်တာ ဒေါ်တင်တင်အေးက အမှာစကားပြောကြားပြီးနောက် Intel ထုတ်ကုန်များကို အများဆုံး ဖြန့်ဖြူးပေးကြသော CTT Computer,Micro Computer, Geocomp Myanmar, Spring Technologies& Systems, Winner Computer Group (YGN), Digit Tech Computer,Lucky Bird, Discovery Digital Mart ,Forever Group, Future Tech, Winner(MDY) တို့အား ဂုဏ်ပြုလက်ဆောင်များဖြစ်သည့် HP 1150 Laser Printer,HP 1200 Scanner Module ,Photo Smart Printer,Desk Jet Color Printer နှင့် DVD Player များကို ချီးမြှင့်သည်။ ဆက်လက်၍ တက်ရောက်လာကြသော ဧည့်သည်တော်များက ကံထူးသူ များကိုမဲနှိုက် ရွေးချယ်ပေးခဲ့ရာ ကံထူးရှင် ၁၀ ဦးအား တစ်မတ်သား ရွှေဆွဲပြားတစ်ခုစီ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

DCD Co.,Ltd. မှ နေ၍ Intel ထုတ်ကုန်များကို ဝယ်ယူလိုသူများ အနေဖြင့် DCD အရောင်းပြခန်းတည်ရှိရာ အမှတ် ၅၁-၅၃ ဘိုကလေးဈေးလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၉၇၃၃၂၊ ၂၉၆၁၂၆ နှင့် အမှတ် ၄၇၃ ၊ ၈၂လမ်း ၃၄လမ်းနှင့် ၃၅ လမ်းကြား ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့ ဖုန်း-၀၂-၃၃၆၄၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ဆွမ်းဆန်စိမ်းလောင်းလှူမည်

ရန်ကုန် ဇန်နဝါရီ ၂၄

လှိုင်သာယာမြို့နယ် အမှတ်(၉) ရပ်ကွက်လုံးဆိုင်ရာ တစ်ဆုပ်ဆန်လှူအသင်းမှ ကြီးမှူးကျင်းပမည့် မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းပေါင်း ၇၁ ကျောင်းမှ ရဟန်း၊ သာမဏေ၊ သီလရှင် စုစုပေါင်း ၁၇၃၅ ပါးတို့အား စတုတ္ထအကြိမ်မြောက် နှစ်ပတ်လည် မြို့နယ်လုံးကျွတ် စုပေါင်း တစ်ဆုပ်ဆန်လှူဒါန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကို အမှတ်(၉)ရပ်ကွက် ဘားအံလမ်းထိပ် ဗဟိုမဏ္ဍပ်ကြီး၌ ဇန်နဝါရီ၃၁ ရက်မှ ဖေဖော်ဝါရီ ၈ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ ရပ်နီးရပ်ဝေး ဗုဒ္ဓဘာသာသူတော်စင်အပေါင်းတို့အား အတူတကွ ကုသိုလ်ရယူနိုင်ရန်နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

အခြေခံပညာသင်ကျောင်း ၉၅ ကျောင်းသို့ ငွေပဒေသာပင် ငွေကျပ် ၁၀၅ သိန်းကျော် စိုက်ထူလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၂၄

ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက်နေ ဦးလှဝင်း-ဒေါ်တင်မြ မိသားစုက ဆင်းရဲနွမ်းပါး ကျောင်းမနေနိုင်သော ကလေးသူငယ်များ အတွက် ဇန်နဝါရီ ၂၀ ရက်တွင် ဟသ်ာတမြို့နယ် ရှားခဲတိုက်နယ် အခြေခံပညာ အထက်တန်းကျောင်း ခန်းမ၌ ပညာရေးဖောင်ဒေးရှင်း ငွေပဒေသာပင် စိုက်ထူပေးအပ်ပွဲ အခမ်းအနားကျင်းပသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ ဟင်္သာတမြို့နယ် ရှားခဲတိုက်နယ် အတွင်းရှိ အခြေခံပညာသင် ကျောင်း ၂၂ ကျောင်း အတွက် အလှူငွေကျပ် ၁၃ သိန်းကို အလှူရှင်မိသားစုက ဟင်္သာတခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်ပြုံးထံ ပေးအပ်လှူဒါန်းသည်။ (ဝံပုံ)

အဆိုပါအလှူရှင်မိသားစုများသည် ဟင်္သာတမြို့နယ် နိဗ္ဗာန်တိုက်နယ် သံပုရာကွင်း အခြေခံပညာမူလတန်းကျောင်း အသစ်ဆောက်လုပ် လှူဒါန်းခြင်း၊ နတ်မောက်တိုက်နယ်၊ ယုန်သလင်း တိုက်နယ်၊ နိဗ္ဗာန်တိုက်နယ်၊ ရေခဲတိုက်နယ် အတွင်းရှိ အခြေခံပညာမူလတန်းကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း ၉၅ ကျောင်းနှင့် နိဗ္ဗာန်တိုက်နယ် တိုင်းရင်းမြန်မာဆေးကုသခန်း အပါအဝင် တိုက်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေစုစုပေါင်းကျပ် ၁၀၅၁၄၀၈၀ ကို လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



လှိုင်မြို့နယ်နေ ဦးကြည်စိုးထွေး - ဒေါ်စန္ဒာအောင်တို့၏သမီး လှိုင်မြို့နယ် အလက(၇) ပထမတန်း(က)မှ မချောအိဖြူက ခုနစ်နှစ်မြောက် မွေးနေ့အဖြစ် ကျောင်းသား ကျောင်းသူများအား ကြက်သားကြာဆံ တိုက်ကျွေးလှူဒါန်းစဉ်။ (က-ပ)

သရီရဓာတ်တော်များ အပူဇော်ခံမည်

ရန်ကုန် ဇန်နဝါရီ ၂၄

အင်းစိန်မြို့ ကျက်သရေဆောင် ဖောင်တော်ဦးမတ်ရပ်တောင်ဘုရားကြီးတွင် ထာဝရ သီတင်းသုံးနေသည့် သရီရဓာတ်တော်များ မြို့နယ်အတွင်းရှိ ရပ်ကွက် ၂၁ ရပ်ကွက်သို့ ဖေဖော်ဝါရီ ၁ရက်မှ ၅ရက် အထိ ညစဉ်နှစ်စဉ် ကျင်းပမြဲအတိုင်း (၁၃) ကြိမ်မြောက် လှည့်လည်အပူဇော်ခံမည် ဖြစ်ရာ ဖေဖော်ဝါရီ ၁ ရက်တွင် နံ့သာကုန်းရပ်ကွက် စော်ဘွားကြီးကုန်းရပ်ကွက်၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ ၂ရက်တွင်ကြို့ကုန်းအနောက်ရပ်ကွက်၊ မြို့သစ်(ဂ)ရပ်ကွက်၊ မြို့သစ် (က+ခ) ရပ်ကွက်၊ ပိန္နဲကုန်းရပ်ကွက်၊ ၃ ရက်တွင် ကွက်သစ်ရပ်ကွက်၊ပေါက်တောရပ်ကွက်၊ ကမ်းနား အလယ်ရပ်ကွက်၊ ကမ်းနားအနောက် ရပ်ကွက်၊ ၄ ရက်တွင် ဟီးနိုးဂိတ်၊ တောင်သူကုန်းရပ်ကွက်၊ ရွာမအရှေ့ရပ်ကွက်၊ ရွာမအလယ်ရပ်ကွက်၊ ရွာမအနောက်ရပ်ကွက်၊ ၅ရက်တွင် ဖော့ကန်ရပ်ကွက်၊ စဉ့်ငူ ရပ်ကွက်၊ အောင်ဆန်းရပ်ကွက်၊ တညင်းကုန်းဘူတာဈေး၊ တညင်းကုန်းရပ်ကွက်တို့သို့လှည့်လည် အပူဇော်ခံမည်ဟုသိရသည်။**(က–ပ)**

လက်ထပ်ပြီးစီးခြင်း

မုံရွာမြို့၊ ဆူးလေကုန်းရပ်၊ ပေပင်ကျောင်းလမ်း၊ အမှတ် ၂၄ နေ ဦးနေဝင်း(လက်ထောက်မန်နေဂျာ၊ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)–ဒေါ်မြင့်မြင့်ဦး(ကုန်သွယ်ရေး၊ ငြိမ်း)'ရွှေစင်သန်းပွဲရုံ'တို့၏သား

မောင်ရဲနိုင်ဝင်း B.Sc(Zool.)M.B.A

နှင့်

မုံရွာမြို့၊ သလ္လာမြို့သစ်၊ အနော်ရထာလမ်း၊ အမှတ် ၈၃ နေ ဦးတင်ထွေး(လက်ထောက်မန်နေဂျာ၊ငြိမ်း၊မြန်မာ့သစ်လုပ်ငန်း)–ဒေါ်ယဉ်မြ(ကျောင်းဆရာမ၊ ငြိမ်း)'အောင်တိုင်းကြံစတို'၏ ဒုတိယသမီး

မအိအိငြိမ်း B.A.(Hons.)History

တို့သည် ၂၄–၁–၂၀၀၄ ရက်(စနေနေ့)တွင် မုံရွာမြို့၌ လက်ထပ်ပြီးစီးပါကြောင်းနှင့် မင်္ဂလာဦး ဆွမ်းကျွေးမင်္ဂလာသို့ ကြွရောက်ချီးမြှင့်ကြပါသော ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောလူကြီးမိဘများနှင့်
မောင်ရဲနိုင်ဝင်း–မအိအိငြိမ်း။

(၁၂)နှစ်မြောက်မင်္ဂလာဆုမွန်လွှာ

ချစ်ဖေဖေဦးသိန်းမြင့် (မန်နေဂျင်းဒါရိုက်တာ ရောမင်းသိန်းကုမ္ပဏီ)–ချစ်မေမေ ဒေါ်မိုးစန္ဒာထွန်းတို့၏ ၂၅–၁–၂၀၀၄ရက်နေ့တွင် ကျရောက်သော (၁၂)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နောင်မင်္ဂလာနှစ်(၁၀၀)တိုင် ချစ်သောသမီးများနှင့်အတူ ကျန်းမာပျော်ရွှင်စွာဖြင့် လောကီ၊ လောကုတ္တရာ နှစ်ဖြာသော အကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်စေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

သမီးကြီး – မနှင်းယုယုအောင်(အထက–၁၆၊ V-H၊ မန္တလေး)
သမီးလတ် – မခင်သီမာစိုး(ခ)ဂျူးဂျူး(အမက–၂၊ III-A၊ မန္တလေး)
သမီးငယ် – မခင်သူဇာထွန်း(ခ)ရောမင်း(အမက–၂၊ I-A၊ မန္တလေး)

ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးကျော်(အထွေထွေမန်နေဂျာ၊မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်)–ဒေါ်အေးအေးကြွေ တို့၏သား

မောင်ဗညားကျော်ကျော် (M.B.,B.S)

နှင့်

ပါမောက္ခ ဦးအေးမောင်ဟန်(ဌာနမှူး၊ကလေးကျန်းမာပညာဌာန၊ ဆေးတက္ကသိုလ်၊မန္တလေး)– ဒေါက်တာ သီရိထွန်းမြင့် (ဒုတိယညွှန်ကြားရေးမှူး၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာန)တို့၏သမီး

မသက်သီရိအေး
(M.B.,B.S)

တို့၏ ၃–၁၂–၂၀၀၃ ရက်နေ့တွင် Traders Hotel၌ ထိမ်းမြား လက်ထပ်ပေးသော တရားသူကြီးချုပ် ဦးအောင်တိုးနှင့် ဇနီး ဒေါ်အေးကြည်တို့အား လည်းကောင်း၊ ၂၇–၁၂–၂၀၀၃ရက်နေ့ Sedona Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲ အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ကြသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ဇနီးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်နှင့် ဇနီး ဒေါ်ခင်မျိုးဦး၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးသော အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်နှင့် ဇနီး ဒေါ်မိုးမိုးမြင့်၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဇနီးများအားလည်းကောင်း၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် မင်္ဂလာပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများအား လည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဗညားကျော်ကျော်–မသက်သီရိအေး။

ခေါင်းဆောင်မှုစွမ်းရည် ဖွံ့ဖြိုးမှုသင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂၄

နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုကိုအထောက်အကူဖြစ်စေရန် ရည်ရွယ်၍ အတိုင်ပင်ခံကုမ္ပဏီလီမိတက်မှ Leadership Skills Development Course ကိုဖေဖော်ဝါရီ ဒုတိယပတ်မှစတင်ပြီး ရုံးချိန်ကျောင်းချိန်ပြင်ပ ဖွင့်လှစ်သင်ကြားမည်ဖြစ်ရာ ခေါင်းဆောင်မှုပညာရပ်ကို စိတ်ဝင်စားသူ မည်သူမဆိုတက်ရောက်နိုင်သည်။ အဆိုပါသင်တန်းတွင် How to Set and Achieve Career Goals? The Key to Success in any Career, How to Get More Done in Less Time? The Guide to Understand Technology as a Leader, How to Manage Under Pressure, Importance of Attitude in Leadership, Public Speakingနှင့် အခြားခေါင်းဆောင်မှု ပညာရပ်များကို ပို့ချသွားမည်ဖြစ်သည်။ အဆိုပါသင်တန်းအပြင် MBAဝင်ခွင့်ဖြေဆိုလိုသူများအတွက် GMAT သင်တန်းကိုပါ ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။ သင်တန်းတက်ရောက်လိုပါက MENTORBMC အမှတ် ၃၈၉ ဗိုလ်အောင်ကျော် (အထက်) လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း–၂၉၁၃၅၈သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ **(က–ပ)**

ဘာသာစကားနှင့်ကွန်ပျူတာ သင်တန်းများဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂၄

Dynamic International Language Academy က ဘွဲ့ရဘွဲ့ကြိုများ၊ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများနှင့် လုပ်ငန်းခွင်ဝင်ရောက်လိုသူများအတွက် အင်္ဂလိပ်စာ Special Classes, Spoken English, Grammar Vocabulary သင်တန်းများ၊ ကလေးများအင်္ဂလိပ်စာထူးချွန်စေရန်အတွက်(ရေး၊ဖတ်၊ပြော)သင်တန်းများ၊မူကြိုကလေးများအတွက်အင်္ဂလိပ်၊ မြန်မာ(ရေး၊ပြော)သင်တန်းနှင့် တရုတ်(ရေး၊ဖတ်၊ပြော)အခြေခံသင်တန်းများကိုလည်းကောင်း၊ ကွန်ပျူတာသင်တန်းများကို တစ်ဦးချင်းသင် စနစ်ဖြင့်လည်းကောင်း လစဉ်လဆန်းတိုင်း အသစ်ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး ကလေးများအတွက် နွေရာသီအင်္ဂလိပ်စာနှင့် ကွန်ပျူတာသင်တန်းများကိုလည်း အထူးသင်တန်းအဖြစ် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။ထို့ပြင် ဘာသာရပ်တစ်ခုစီအလိုက် အိမ်တွင်သီးသန့် သင်ယူလိုသူများအတွက် သက်ဆိုင်ရာ ဆရာ ဆရာမများနှင့် ညှိနှိုင်းသင်ကြားပေးလျက်ရှိရာ စိတ်ဝင်စားသူများသည်ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ၁၆လမ်း(ထက်) အမှတ်၁၅၁ မြေညီထပ် ဖုန်း–၂၄၃၅၂၃သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။

(က–ပ)

ဇန်နဝါရီ၁၆ ရက်က မင်္ဂလာဒုံမြို့နယ် အမက(၃၂) မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် ကျောင်းအုပ် ဆရာမကြီး ဒေါ်မေသဇင်က သူငယ်တန်းမှ ပထမဆုရရှိသူ မမြသီဂိမိုးအား ဆုချီးမြှင့်စဉ်။

(က–ပ)

ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မန္တလေးမြို့နေ
ဦးခင်ဇော်–ဒေါ်ခင်သန်းနွဲ့ တို့၏သား

ဗိုလ်မှူးအောင်အောင်ဇော် B.Sc.(Zoology)

နှင့်

မိုင်းဆတ်မြို့နေ ဗိုလ်မှူးမန်းမောင်–ဒေါ်ယဉ်ယဉ်ဌေး
တို့၏ တစ်ဦးတည်းသောသမီး

မခင်နှင်းနှင်းချစ် B.A.(Eco) လက်ထောက်နည်းပြ
အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း
ပညာသင်တန်းကျောင်း (မိုင်းဆတ်မြို့) တို့သည်
၂၄–၁–၂၀၀၄ရက်တွင် နှစ်ဖက်သောမိဘများနှင့်
ဂုဏ်သရေရှိလူကြီးမင်းများရှေ့မှောက်တွင်
စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်မှူးအောင်အောင်ဇော်–မခင်နှင်းနှင်းချစ်။

ကြူကုတ်(ပန်ဆိုင်း)၌ဘိန်းဖြူများဖမ်းဆီးရမိ

ရန်ကုန် ဇန်နဝါရီ ၂၄

နယ်မြေခံ ထောက်လှမ်းရေးတပ်နှင့် မူးယစ်မှုးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၁ ရက် နံနက် ၁၁ နာရီခွဲတွင် သတင်းအရ ကြူကုတ်(ပန်းဆိုင်)မြို့ (၅)ရပ်ကွက် အိမ်အမှတ် ၉၈ နေ အိမ်ကိုစစ်ဆေးရှာဖွေရာ မဟောင်လောရှမ်း၊ အိုက်ဆမ်မောင်နှင့်ကျန်ဖုံးတို့သုံးဦးအားတွေ့ရှိပြီး မီးဖိုခန်းအတွင်းမှ ဘိန်းဖြူဘလောက်တုံးခြောက်တုံး၊ အလေးချိန် ၂ ဒသမ ၁ ကီလိုဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်ပေါ်ပေါက်ချက်အရ ပန်ဆိုင်းမြို့တော် ဆိုင်ရွာချုံတောအတွင်းရှိ မြောင်းထဲမှ အစိမ်းရောင် ကျောပိုးအိတ်သုံးလုံးဖြင့် ထည့်ထားသော ဘိန်းဖြူဘလောက်တုံး ၆၄တုံး၊ အလေးချိန် ၂၂ဒသမ၀၉ကီလို ဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်း ဘိန်းဖြူဘလောက်တုံး ၇၀ စုစုပေါင်းအလေးချိန် ၂၄ ဒသမ ၁၉ ကီလို ဖမ်းဆီးရမိခဲ့သည်။

ယင်းဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ ဦးကျန်ချိန်ခွင်၏သား ကျန်ဖုံး၊ ဦးဆွဲ့ရှမ်ဆိုင်၏သား အိုက်ဆမ်မောင်၊ ဦးဟုန်ရှိန်ချိန်း၏သမီး မဟောင်လောရှမ်းတို့သုံးဦးအား ကြူကုတ်(ပန်ဆိုင်း) ရဲစခန်းမှ မူးယစ်ဆေးဝါးပထမသတင်းပေးတိုင်ချက်အမှတ် ၁/၂၀၀၄ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/၂၁ အရ အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄/သမိုင်း)၊ မြေကွက် အမှတ် (၂/က+၂/ခ)မြေကွက်များအနက်မှ ဧရိယာ(ပေ၆၀Xပေ၂၇၀ခန့်)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၃၁(A)၊ မစိုးရိမ် ကျောင်းလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့ နယ်ဟုခေါ်တွင်သည့် အဆောက်အအုံ အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိပိုင်ဆိုင်သူ ဒေါ်ကြည်ကြည်ခင်ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်တန်ဖိုးငွေတချို့ကို ပေးထားပြီးဖြစ်ပါသည်။

အထက်ပါမြေနှင့်အဆောက်အအုံနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများသည် ကျွန်ုပ်တို့ထံ သို့ခိုင်လုံသော အထောက်အထားနှင့်တကွ ယခုကြော်ငြာသည့်နေ့မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးသက်ထွန်း B.A(Law).LL.B
ဒေါ်ကြည်ကြည်ဌေး B.A(Law),LL.B
တရားရုံးချုပ်ရှေ့နေများ
ရုံး–၆၂(ပထမထပ်)၊ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့၊ ဖုန်း–၃၇၂၃၃၀
အိမ်–တိုက် ၃၁၅၊ အခန်း ၆၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၅၅၆၈၁၂

ပရီမီယာရှစ် ချန်ပီယံလမ်းကြောင်းပေါ်မှ အာဆင်နယ်၊ မန်ယူနှင့် ချယ်လ်ဆီးအသင်းတို့၏ အနေအထား

ဟိန်းသန့်

ပရီမီယာရှစ်၌ တစ်သင်းကို ၂၂ ပွဲစီ ကစားပြီးသွားပေပြီ။ ၂၂ပွဲစီ ကစားအပြီး၌ အာဆင်နယ်က ထိပ်ဆုံးမှာရှိ၍။ ၅၂မှတ် ဒုတိယနေရာက မန်ယူထက် နှစ်မှတ် သာသည်။ မန်ယူက အမှတ် ၅၀၊ တတိယနေရာမှ ချယ်လ်ဆီးမှာမူ ၄၆မှတ်သာ ရှိသေးသည်။ ထို့ကြောင့် အာဆင်နယ်ထက် ခြောက်မှတ်၊ မန်ယူထက် လေးမှတ်လျော့နည်းနေသည်။ ထိုသုံးသင်းနှင့် အဆင့်(၄)မှ ချာလ်တန်တို့မှာ အမှတ်ကွာဟမှုအတော်များနေပြီဖြစ်သည်။ ချာလ်တန်မှာ ယခုမှ ၃၇ မှတ် သာရှိသေးသည်။ သို့အတွက်ကြောင့် ပရီမီယာရှစ် ချန်ပီယံဖြစ်ရေးအတွက် အဆင့်(၄) ချာလ်တန်မှစပြီး အောက်အသင်းများအနေဖြင့် စဉ်းစား၍ မရတော့သလိုဖြစ်ကုန်သည်။ပရီမီယာရှစ်၏ ချန်ပီယံလမ်းကြောင်းပေါ်၌ အာဆင်နယ်၊မန်ယူနှင့်ချယ်လ်ဆီးတို့သုံးသင်းသာ ကျန်တော့သည်ဟု ဆိုနိုင်သည်။ ထိုသုံးသင်းအတွက် နောက်ထပ် ၁၆ပွဲစီ ကစားဖို့ ကျန်နေသေးရာ ချန်ပီယံ မည်သည့်အသင်းဖြစ်မည်ဟုတော့ ယတိပြတ် မှန်းဆ၍မရသေး။ သို့သော် ထိုသုံးသင်း၏ အနေအထားများအရဆိုရလျှင်မူ ချန်ပီယံဖြစ်ခွင့်ရနိုင်မည့်အသင်းကိုတော့ ရေးရေးမျှ မှန်းဆ၍ ရနိုင်နေပြီဖြစ်သည်။ ချန်ပီယံလမ်းကြောင်းပေါ်က ထိုသုံးသင်းနှင့် ပတ်သက်၍ လေ့လာမိသမျှ သုံးသပ်ကြည့်မိပါသည်။

အာဆင်နယ်

ပရီမီယာရှစ်၌ ယခုအချိန်ထိ ရှုံးပွဲမရှိသေး။ခြေမှန်သည်၊ ခြေငြိမ်သည်ဟု ဆိုနိုင်သည်။ ၂၂ ပွဲကစားပြီးချိန်၌ ထိပ်ဆုံးနေရာကို မန်ယူလက်ထဲမှ ပြန်လုယူထားနိုင်သည်။ ယခုခြေစွမ်းအရဆိုရလျှင်မူ ချန်ပီယံဖြစ်ခွင့်အတွက် အခြေအနေအကောင်းဆုံးအသင်းဟုဆိုနိုင်သည်။အာဆင်နယ်အသင်းမှာ ရာသီအစက မန်ယူ၊ ချယ်လ်ဆီးတို့ကဲ့သို့ လူအင်အားမဖြည့်ဆည်းထားနိုင်ခဲ့။ ရှိသည့်အင်အားဖြင့်သာ ပြိုင်ပွဲဝင်ခဲ့ရသည့်အသင်းဖြစ်သည်။ ပြိုင်ပွဲဝင်ချိန်၌လည်း အသင်းအပေါ် ထိခိုက်မှုများ အတော်များများရှိခဲ့သည်။ ဒဏ်ရာပြဿနာများ၊ ပွဲပယ်ပြဿနာများက အာဆင်နယ်ကို နှိပ်စက်ခဲ့သည်။ သို့သော် ယခုအချိန်ထိ အာဆင်နယ် ခြေလှမ်း မပျက်သေး။ ပြဿနာများ၏ ထုထောင်းခံရမှုများကြောင့် ပို၍ပင်မာကျောလာသယောင်ရှိသည်။ အသင်း၏ စိတ်ဓာတ်ပိုင်းမှာလည်း ပို၍ အားကောင်းလာသည်။ အသင်းအတွက် ယုံကြည်မှုများလည်း ပိုရှိလာသည်။ ထို့ကြောင့် ချန်ပီယံလမ်းကြောင်းပေါ်၌ အာဆင်နယ် ထိပ်ဆုံးသို့ ပြန်တက်လာနိုင်ခဲ့ခြင်းပင်ဖြစ်သည်။

ထို့အပြင် ပြီးခဲ့သည့်ရာသီက အရိပ်ဆိုးများကလည်း အာဆင်နယ်ကို ခြောက်လှန့်နေသည်။ ပြီးခဲ့သည့်ရာသီ အဖြစ်အပျက်က အာဆင်နယ်ကို သင်ခန်းစာအများကြီးပေးထားသည်။ထိုအဖြစ်မျိုး ပြန်လည်အဖြစ်ခံတော့မည်မဟုတ်။ ထို့ကြောင့် ယခုရာသီ၌ အာဆင်နယ်တို့ ပြိုင်ဘက်တိုင်းကို ပို၍ အလေးထားယှဉ်ပြိုင်လာနေသည်ကိုပါ တွေ့ရမည်ဖြစ်သည်။ကစားသမားများ၏ခြေစွမ်းမှာလည်း လက်ရှိအချိန်၌ အတည်ငြိမ်ဆုံး အနေအထားသို့ရောက်နေကြသည်။ လူလည်း ပြန်စုံလာနေပြီဖြစ်ရာ အာဆင်နယ်၏အနေအထားမှာ ယခုမှ အကောင်းဆုံးအချိန်ကို စရောက်ပြီဟုပင် ဆိုနိုင်သည်။

အကောင်းရှိသလို အဆိုးလည်းရှိသည်။အာဆင်နယ်တို့ အနေဖြင့်လည်း တစ်ဖက်တွင် အားကောင်းနေသော်လည်း ကျန်တစ်ဖက်တွင် အားနည်းချက်များလည်း ရှိနေသည်။ အာဆင်နယ်မှာ လက်ရှိအချိန်၌ ပြိုင်ပွဲလေးပွဲ နွှဲနေရသည်။ (ပရီမီယာရှစ်၊ ချန်ပီယံလိဂ်၊ အက်ဖ်အေနှင့်လိဂ်ဖလား) ထိုလေးပွဲကို ဆက်တိုက်နွှဲနေရ၍ ကစားသမားများကြား ပင်ပန်းမှုများ ပိုလာနိုင်သည်။ ထိုသို့ ပွဲပန်းမှု များပါက အာဆင်နယ် အခက်တွေ့နိုင်သည်။ အဘယ်ကြောင့်ဆိုသော် အာဆင်နယ်အသင်းမှာ မန်ယူ၊ ချယ်လ်ဆီးတို့လောက် လူအင်အားမတောင့်တင်းသောကြောင့် ဖြစ်သည်။ အာဆင်နယ်အသင်း၏ အင်အားမှာ နောက်တန်းမှ တိုရေးနှင့် ကင်းဘဲလ်၊ အလယ်တန်း၌ ဗီအဲရားနှင့် ပီရက်စ်၊ရှေ့တန်းမှ အွန်နရီတို့ဖြစ်သည်။ ထိုကစားသမားများထဲမှ အနည်းဆုံး နှစ်ဦးမှ အများဆုံး သုံးဦးလောက်များ ထိခိုက်သွားခဲ့လျှင် အာဆင်နယ်အတွက် ရင်လေးစရာဖြစ်သွားလိမ့်မည်။ အထူးသဖြင့် ကွင်းလယ်မှ ပီရက်စ်နှင့် ရှေ့မှအွန်နရီတို့သာမကစားနိုင်ပါက အာဆင်နယ်တိုက်စစ်မရှိတော့ဘဲ ဖြစ်သွားနိုင်သည်။ ထိုအချက်ကို ရိပ်မိသော ဝင်းဂါးကလည်း အွန်နရီကို ခြိုးခြံအသုံးချရန် စဉ်းစားထားပြီးဖြစ်သည်။ အာဆင်နယ်အတွက် အရေးကြီးချိန်မှာ ဖေဖော်ဝါရီ လလယ်ခန့်မှ ဧပြီလဝက်ခန့်အထိဖြစ်သည်။**(အာဆင်နယ်၏လက်ကျန်ပွဲများကို သီးခြားဖော်ပြပေးထားပါသည်)** ထိုအချိန်၌ အာဆင်နယ်အတွက် တစ်ဖက်တွင်လည်း ချန်ပီယံလိဂ်၊ အက်ဖ်အေနှင့်လိဂ်ဖလားပွဲများ၌ အခြေအနေကောင်းလျှင်ကောင်းသလို ပွဲကြီးများဆက်တိုက်နွှဲရဦးမည့်အချိန်မျိုးဖြစ်သည်။ ပရီမီယာရှစ်၌လည်း ထိုကြားထဲတွင် ချယ်လ်ဆီး၊ လီဗာပူး၊ မန်ယူ၊ နယူးကာဆယ်တို့ကဲ့သို့အသင်းများနှင့်ပွဲကျပ်များရှိနေသည်။

ထို့ကြောင့် ထိုကြားကာလမှာ အာဆင်နယ် နည်းပြကြီး ဝင်းဂါးအတွက် ခေါင်းအစားရဆုံး အချိန်ဖြစ်သည်။ ထိုကြားကာလကို မှန်မှန်ကန်ကန် လျှောက်လှမ်းနိုင်ဖို့ ဝင်းဂါး တစ်ယောက် သူ့အသင်းကို ကောင်းကောင်းပြင်ဆင်ထားရလိမ့်မည်။ စွန့်လွှတ်သင့်သည်များကို စွန့်လွှတ်ရလိမ့်မည်။ လောဘကြီး၍မရ။ အကယ်၍ ပြိုင်ဘက်လေးခုစလုံးကို မျှော်မှန်းလျှောက်လှမ်းပါက တစ်ကြိမ်တွင် အာဆင်နယ်အတွက်အခက်တွေ့သွားနိုင်သည်။သည်သို့ဆိုလျှင်အာဆင်နယ်တို့ မျှော်လင့်ချက်များ အကောင်အထည်မပေါ်တော့သည် အထိပင် ဖြစ်သွားလိမ့်မည်ထင်သည်။ ယခုလက်ရှိအချိန်၌ ဝင်းဂါးစဉ်းစားထားရမည်က အာဆင်နယ် မည်သည့်ဖလားကို အဓိက ယူမည်ဆိုသည်ကိုပင် ဖြစ်သည်။

မန်ယူ

ဒုတိယနေရာ၌ အာဆင်နယ်ထက် နှစ်မှတ်လျော့ပြီး ရောက်နေသည်။ မန်ယူကိုလည်း လျှော့တွက်ထား၍မရ။ ပြီးခဲ့သည့်ရာသီက အားလုံးမထင်မှတ်သည်များကို လုပ်ပြသွားသည့် အစဉ်အလာ ရှိနေသည်။ သည်ရာသီအစ၌ မန်ယူ အပြောင်းအလဲ အတော်လေးလုပ်ခဲ့သည်။ အသင်းကို လူငယ်များဖြင့် သွေးသစ်လောင်းထားသည်။ လူဟောင်းများကို ဖယ်ရှားသည်။ ထိုအထဲတွင် ဘက်ခမ်းပင်ပါသွားခဲ့သည်။ ယခုအချိန်ထိလည်း အသင်းကိုပြင်ဆင်နေဆဲရှိသေးသည်။ ကစားရင်းဖြင့် တွေ့လာရသည့် တိုက်စစ်အားနည်းမှုအတွက် ဖူလ်ဟမ်မှ ဆာဟာကို ခေါ်ပြီး ဖြည့်တင်းထားသည်။ ကွင်းလယ်မှ နစ်ကီဘတ်ကိုမူ အသင်းက ထွက်ခွာခွင့်ပြုထားသည်။ ယခုရာသီ၌ မန်ယူ၏ ခြေစွမ်းကိုလေ့လာလျှင်မူ သာမန်လောက်ပင် ရှိနေသေးသည်။ ခြေအတက်အကျမြန်နေသည်။ လူငယ်လေးများကို အားကိုးပြီး ပွဲထုတ်နေသော်လည်း ယခင်မန်ယူအသင်းများ၏ ခြေကို မမီနိုင်သေးဘဲ ဖြစ်နေသေးသည်။ အထူးသဖြင့် သိသာသည်က တိုက်စစ်ပိုင်း၌ဖြစ်သည်။ မန်ယူ၏တိုက်စစ်အားမှာ သိသိသာသာ အားနည်းသွားသည်။ ဂိုးရရန်အတွက် နစ္စတယ်ရွိုင်းကိုသာ အားကိုးနေရသည်။ နစ္စတယ်ရွိုင်း၏ ခြေကလည်း ကောင်းတစ်လှည့်၊ ဆိုးတစ်လှည့်။ နစ္စတယ်ရွိုင်း ဂိုးမသွင်းနိုင်လျှင် မန်ယူတို့ အနိုင်ရရန် ခက်ခဲသလို ဖြစ်နေသည်။

ထို့ကြောင့်လည်း နစ္စတယ်ရွိုင်းကို ကူပံ့ပေးနိုင်မည့် ဆာဟာကို အသင်းသို့ အတင်းသွတ်သွင်းခဲ့ခြင်းဖြစ်သည်။ မန်ယူတို့အနေဖြင့် ဆာဟာ၊ နစ္စတယ်ရွိုင်းအတွဲဖြင့် လက်ကျန် ၁၆ ပွဲ၌ အစွမ်းပြနိုင်ရေးအတွက် ကြိုးပမ်းတော့မည်ဖြစ်သည်။ သို့ရာတွင် မန်ယူတို့၏ ချန်ပီယံဖြစ်ရေးအတွက်မူ ယခုထက်ပို၍ အသင်းလိုက်ကစားအား စုစည်းညီညွတ်မှုကောင်းဖို့ လိုနေသေးသည်။

ယခင် မန်ယူအသင်းများမှာ မန်ယူခြံပေါက်များ များသည်။ထို့ကြောင့် မန်ယူအတွက်ပိုမိုအားထုတ်ကြသည်။ ယခုမန်ယူ၏ယင်မွေးခြံပေါက်အင်အားနည်းသွားပြီး ပြင်ပမှ လူငယ်များ ဝင်ရောက်လာသည်။ ထိုလူငယ်လေးများ၏ စိတ်ဓာတ်မှာ မန်ယူအသင်း၏အရှိန်အဝါဖြင့် မိမိဂုဏ်ပြောင်ထွန်းတောက်လာကြသူတွေက ပိုများနေသည်။ ယင်မွေးခြံပေါက်များလောက်အသင်း၏ အောင်မြင်မှုကို ရှေ့တန်းမတင်၊ ကိုယ့်အတွက် ထင်ပေါ်လိုသူက များနေသည်။ ထိုလူငယ်လေးများကို ဖာဂူဆန်အနေဖြင့် ယခင် မန်ယူအသင်း၏ စိတ်ဓာတ်မျိုးရအောင် သွတ်သွင်းပေးနိုင်ဖို့ လိုနေသေးသည်။သို့မှသာ မန်ယူအသင်းအနေဖြင့် ပိုမိုပြီးအင်အားကောင်းလာနိုင်မည့်ပုံရှိနေသည်။

လက်ကျန်ပွဲစဉ် အနေအထားကိုကြည့်လျှင်မူ မန်ယူမှာ အာဆင်နယ်လောက် မကျပ်တည်း။ လက်ရှိအချိန်၌ ပြိုင်ပွဲသုံးရပ်သာ ကစားနေရ၍ အာဆင်နယ်လောက်ပွဲမများ။ လက်ကျန်ပွဲ အနေအထားများကို ကြည့်လျှင်လည်း မတ်လကုန်ခန့်မှစပြီး ပွဲကြီးများကစားရဖို့ရှိနေသည်။ထို့ကြောင့် မန်ယူတို့အနေဖြင့် အက်ဖ်အေနှင့် ချန်ပီယံလိဂ်ပွဲ နှစ်ပွဲက အခြေအနေပေါ်မူတည်ပြီး ပရီမီယာရှစ်ကို တွက်ဆကစားထား၍ရနေသည်။ ထို့အပြင် လူအင်အားလည်း တောင့်တင်းသည့်အပြင် ဖာဂူဆန်၏မျှတစွာ ပွဲထုတ်ပုံမျိုးကြောင့်လည်း လက်ကျန်ပန်းဝင်ခါနီးအချိန်မျိုး၌ မန်ယူက အာဆင်နယ်ထက်ပိုပြီး လန်းဆန်းနေနိုင်သည့် အခြေအနေမျိုး၌ ရှိနေသည်။ထို့ကြောင့် ဖာဂူဆန်အတွက်အရေးကြီးသည့်အချက်မှာ အသင်းမှ လူငယ်လူသစ်များနှင့် လူဟောင်းများကြား ပိုမိုစုစည်းညီညွတ်မှုအားကောင်းအောင်လုပ်ထားဖို့သာလိုနေသည်။ လူငယ်လေးများလည်း တဖြည်းဖြည်း အတွေ့အကြုံရလာပြီး မန်ယူအသင်းသား စိတ်ဓာတ်မျိုး ကိန်းအောင်းလာပြီဆိုလျှင် မန်ယူအသင်းမှာလည်း အာဆင်နယ်နှင့်အပြိုင် ပရီမီယာရှစ် ချန်ပီယံဆုကို ရယူနိုင်သည့် အခြေအနေသို့ ရောက်လာနိုင်သည်။ ထိုသို့မဟုတ်ဘဲ တစ်ဖက်က ပုဂ္ဂိုလ်ရေးပြဿနာများဖြင့် လုံးချာလည်ရင်း ဖာဂူဆန်တစ်ယောက် အသင်းအပေါ် အာရုံစိုက်မှုလျော့နည်းခဲ့လျှင်မူ .....။

ချယ်လ်ဆီး

ငွေကိုရေလိုသုံး၍ အသင်းကို အပြောင်းအလဲဖြစ်အောင်ကြိုးစားခဲ့သည်။ ရာသီအစတွင်ဟုတ်မလိုလိုရှိသည်။ နောက်ပိုင်း၌ ထိပ်ကအာဆင်နယ်၊မန်ယူတို့နှင့်တဖြည်းဖြည်း အမှတ်ကွာလာသည်။ ယခုဆိုလျှင် အာဆင်နယ်ထက် ခြောက်မှတ်၊ မန်ယူထက် လေးမှတ်ပင်လျော့နည်းနေပြီဖြစ်သည်။ လက်ရှိအနေအထားများအရလည်း ချယ်လ်ဆီးတို့၏ အနေအထားမှာ လူအင်အားအရသာ (စာရွက်ပေါ်၌သာ) မန်ယူ၊အာဆင်နယ်တို့ကို ယှဉ်နိုင်သည်။ လက်တွေ့၌ အာဆင်နယ်၊ မန်ယူတို့ကို မမီနိုင်သေး။ နည်းပြကြီး ရေနီယာရီအနေဖြင့်လည်း အသင်းကို စုစည်းညီညွတ်မှုအားကောင်းအောင် မလုပ်နိုင်သေး။ ရေနီယာရီ၏အလှည့်ကျပွဲထုတ်နေသည့် ဗျူဟာကြောင့်လည်း အသင်းလိုက်စုစည်းမှုမှာ ထိပ်ဆုံးက နှစ်သင်းကို မမီနိုင်ခြင်း ဖြစ်သည်။ ကစားသမားများအနေဖြင့်လည်း ကိုယ့်ခြေစွမ်းပေါ်အောင် အသင်း၌ ပုံမှန်နေရာရအောင် တစ်ကိုယ်တော်အစွမ်းပြလိုသည့် စိတ်ကများနေသည်။ ထို့ကြောင့် အသင်း၏အနေအထားမှာ ညီညွတ်မှုမရှိဘဲ တစ်ကိုယ်တော်အစွမ်းများဖြင့် လျှောက်လှမ်းနေရသလို ဖြစ်နေသည်။ ဤလိုပုံမျိုးနှင့်ဆိုလျှင် ချယ်လ်ဆီးချန်ပီယံဖြစ်ရေးမှာ မလွယ်သေးဟု ဆိုရမည်ဖြစ်သည်။

ရေနီယာရီအနေဖြင့် အသင်းသားများ၏ စိတ်ဓာတ်ပိုင်းကိုပြုပြင်ပေးပြီး အသင်းလိုက်ညီညွတ်မှုရအောင် ဖန်တီးပေးနိုင်မှသာ ချယ်လ်ဆီး၏ ရှေ့ခရီး လှပနိုင်မည်ဖြစ်သည်။ သို့ရာတွင် လက်ရှိ ရေနီယာရီ၏ ဆောင်ရွက်ပုံများမှာလည်း အားရစရာမရှိလှသေးရာ ရေနီယာရီအနေဖြင့်လည်း အသင်းချန်ပီယံဖြစ်ရေးထက် ကိုယ့်ရာထူးကိုယ်မြဲအောင်ပင် အရင်ကြိုးစားရမည့်ပုံ၌ ရှိနေသည်။ ထို့ကြောင့် ရေနီယာရီအနေဖြင့် ချယ်လ်ဆီးကို ပရီမီယာရှစ် ချန်ပီယံဖြစ်ရေးထက် တစ်ပွဲထိုးဖြင့် ချန်ပီယံဖြစ်နိုင်ရန် အခွင့်အရေးရှိသည့် ချန်ပီယံလိဂ်လိုပြိုင်ပွဲမျိုး၌ ပို၍အာရုံစိုက်ထားပါက ပို၍သင့်တော်လိမ့်မည်ဟု ထင်မိသည်။

လက်ရှိအခြေအနေများအရ ပရီမီယာရှစ် ချန်ပီယံသရဖူအတွက် ယခင်နှစ်များကကဲ့သို့ အာဆင်နယ်နှင့်မန်ယူနှစ်သင်းသာ ယှဉ်လုကြရဦးမည့်ပုံပင်။ အာဆင်နယ်လား၊ မန်ယူလား ရင်ခုန်စွာဖြင့် စောင့်ကြည့်ရဦးမည်ဖြစ်သည်။ ။

မန်ယူ၏လက်ကျန်ပွဲများ

၃၁-၁-၂၀၀၄	ဆောက်သမ်တန် (အိမ်)
၇-၂-၂၀၀၄	အဲဗာတန် (အဝေး)
၁၁-၂-၂၀၀၄	မစ်ဒယ်ဘရော့ (အိမ်)
၂၁-၂-၂၀၀၄	လိဒ်စ် (အိမ်)
၂၈-၂-၂၀၀၄	ဖူလ်ဟမ် (အဝေး)
၁၃-၃-၂၀၀၄	မန်စီးတီး (အဝေး)
၂၀-၃-၂၀၀၄	တော့တင်ဟမ် (အိမ်)
၂၇-၃-၂၀၀၄	အာဆင်နယ် (အဝေး)
၃-၄-၂၀၀၄	ချာလ်တန် (အိမ်)
၁၀-၄-၂၀၀၄	ဘာမင်ဂမ် (အဝေး)
၁၂-၄-၂၀၀၄	လက်စတာ (အိမ်)
၁၇-၄-၂၀၀၄	ပို့စ်မောက် (အဝေး)
၂၄-၄-၂၀၀၄	လီဗာပူး (အိမ်)
၁-၅-၂၀၀၄	ဘလက်ဘန်း (အဝေး)
၈-၅-၂၀၀၄	ချယ်လ်ဆီး (အိမ်)
၁၅-၅-၂၀၀၄	ဗီလာ(အဝေး)

အာဆင်နယ်၏လက်ကျန်ပွဲများ

၃၁-၁-၂၀၀၄	မန်စီးတီး (အိမ်)
၇-၂-၂၀၀၄	ဝုလ်ဖ် (အဝေး)
၁၀-၂-၂၀၀၄	ဆောက်သမ်တန် (အိမ်)
၂၁-၂-၂၀၀၄	ချယ်လ်ဆီး (အဝေး)
၂၈-၂-၂၀၀၄	ချာလ်တန် (အိမ်)
၁၃-၃-၂၀၀၄	ဘလက်ဘန်း (အဝေး)
၂၀-၃-၂၀၀၄	ဘော်လ်တန် (အိမ်)
၂၇-၃-၂၀၀၄	မန်ယူ (အိမ်)
၃-၄-၂၀၀၄	ပို့စ်မောက် (အဝေး)
၁၀-၄-၂၀၀၄	လီဗာပူး (အိမ်)
၁၂-၄-၂၀၀၄	နယူးကာဆယ် (အဝေး)
၁၇-၄-၂၀၀၄	လိဒ်စ် (အိမ်)
၂၄-၄-၂၀၀၄	တော့တင်ဟမ် (အဝေး)
၁-၅-၂၀၀၄	ဘာမင်ဂမ် (အိမ်)
၈-၅-၂၀၀၄	ဖူလ်ဟမ် (အဝေး)
၁၅-၅-၂၀၀၄	လက်စတာ (အိမ်)

ချယ်လ်ဆီး၏လက်ကျန်ပွဲများ

၃၁-၁-၂၀၀၄	ဘလက်ဘန်း (အဝေး)
၇-၂-၂၀၀၄	ချာလ်တန် (အိမ်)
၁၀-၂-၂၀၀၄	ပို့စ်မောက် (အဝေး)
၂၁-၂-၂၀၀၄	အာဆင်နယ် (အိမ်)
၂၈-၂-၂၀၀၄	မန်စီးတီး (အဝေး)
၁၃-၃-၂၀၀၄	ဘော်လ်တန် (အဝေး)
၂၀-၃-၂၀၀၄	ဖူလ်ဟမ် (အိမ်)
၂၇-၃-၂၀၀၄	ဝုလ်ဖ် (အိမ်)
၃-၄-၂၀၀၄	တော့တင်ဟမ် (အဝေး)
၁၀-၄-၂၀၀၄	မစ်ဒယ်ဘရော့ (အိမ်)
၁၂-၄-၂၀၀၄	ဗီလာ (အဝေး)
၁၇-၄-၂၀၀၄	အဲဗာတန် (အိမ်)
၂၄-၄-၂၀၀၄	နယူးကာဆယ် (အဝေး)
၁-၅-၂၀၀၄	ဆောက်သမ်တန် (အိမ်)
၈-၅-၂၀၀၄	မန်ယူ (အဝေး)
၁၅-၅-၂၀၀၄	လိဒ်စ် (အိမ်)

မအူပင်မြို့ ပေါ်တော်မူဘုရားပတ်လမ်း တိုးချဲ့မြေဖို့ခြင်း၊ ရေပြွန်ချခြင်းလုပ်ငန်းများကို ဇန်နဝါရီ ၁၀ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းပြသကြစဉ်။

(က-ပ)

မီးငြိမ်းသတ်မှုလက်တွေ့လေ့ကျင့်

ကျောက်ကြီး ဇန်နဝါရီ ၃

ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် မီးဘေးကြိုတင်ကာကွယ်ထားဆီးရေး စီမံချက်အရ မီးဘေးလုံခြုံရေးနှင့် မီးငြိမ်းသတ်ရေးလေ့ကျင့်မှုသရုပ်ပြပွဲကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာ၂၇ရက်က ကျောက်ကြီး မြို့မဈေး မျက်နှာစာ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဒုတိယတပ်ရင်းမှူးနှင့် မြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ် စည်ပင်သာယာရေး အဖွဲ့ရုံးနှင့် ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်မှုကို လက်တွေ့သရုပ်ပြလေ့ကျင့်ကြသည်။ **(၂၁၁)**

သီပေါတွင် စာပေဟောပြောပွဲကျင်းပ

သီပေါ ဇန်နဝါရီ ၁၃

သီပေါမြို့နယ်အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီ၏ဦးဆောင်မှုဖြင့် သီပေါမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပမည့် စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် တတိယအကြိမ် အမေနေ့အခမ်းအနား ကျင်းပရာ ဇန်နဝါရီ ၆ ရက်က စာရေး ဆရာညိုထွန်းလူနှင့် စာရေးဆရာမ ဝင်းဝင်းမြင့် (နန်းတော်ရှေ့)တို့က လည်းကောင်း၊ ဇန်နဝါရီ ၇ ရက်က ကာတွန်းဆရာ စာရေးဆရာကံချွန်၊ စာရေးဆရာ စိုးဘားဒိုင်နှင့် စာရေး ဆရာ ဆူးငှက်တို့က လည်းကောင်း ဟောပြောကြသည်။ **(က–ပ)**

အမျိုးသမီးအိမ်တွင်းမှု ပညာသင်တန်းကျောင်းဖွင့်

မူဆယ် ဒီဇင်ဘာ ၂၀

မူဆယ်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်း ကျောင်း အခြေခံသင်တန်းအမှတ်စဉ် (၁၀/၂၀၀၃)နှင့် အဆင့်မြင့်သင်တန်း အမှတ်စဉ်(၇/၂၀၀၃)ဖွင့်ပွဲ အခမ်း အနားကို ဒီဇင်ဘာ ၁၅ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်းက အမှာစကားပြောကြားပြီး အမျိုးသမီး အိမ်တွင်းမှုသက်မွေးပညာသင်တန်း ကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်စန္ဒာညွန့်က သင်တန်းတွင် သင်တန်းပို့ချမှု အခြေအနေများကို တင်ပြကြသည်။အဆိုပါသင်တန်းတွင် သင်တန်းသူစုစုပေါင်း ၄၁ဦး တက် ရောက်ကြောင်း သိရသည်။ **(က–ပ)**

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဇန်နဝါရီ ၈ ရက်က မိုးမောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မိုးမောက်–လုံဂျာ ကျောက်ချောလမ်းဖွင့်ပွဲတွင် ကချင်ပြည်နယ် စည်ပင် သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်အောင်နိုင်နှင့် မိုးမောက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ် ဖွင့်လှစ် ပေးကြစဉ်။ (က–ပ)

မန်းရွှေစက်တော် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပမည်

မင်းဘူး ဇန်နဝါရီ ၂၀

မကွေးတိုင်း မင်းဘူးခရိုင် မင်းဘူး (စကု)မြို့နယ်ရှိ မန်းရွှေစက်တော် ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲကို ၁၃၆၅ ခု တပို့တွဲလဆန်း ၅ ရက် ဇန်နဝါရီ ၂၆ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ယခုနှစ်တွင် ဘုရားဖူး ရဟန်း ရှင်လူ ပြည်သူများချမ်းမြေ့ကြည်နူးစွာ ဖူးမြော်နိုင်ရေးအတွက်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်မြင့်(ခရိုင်အုပ်ချုပ်ရေးမှူး၊ မင်းဘူး) အမှူးပြုသော ဂေါပက အဖွဲ့ဝင်များက ပွဲတော်ကျင်းပရေးဆိုင် ရာ စီမံခန့်ခွဲမှု၊ ဗုဒ္ဓဓမ္မ ဝေယျာဝစ္စ များကို စီစဉ်ဆောင်ရွက်ပေးလျက် ရှိသည်။ ဘုရားပွဲတော်ကို ဇန်န ဝါရီ ၂၆ ရက်မှ မြန်မာနှစ်ဆန်း တစ်ရက်နေ့အထိ ကျင်းပမည်ဖြစ် ကြောင်း သိရသည်။ **(၄၀၇)**

မိုင်းကိုင်မြို့ သန့်ရှင်းရေးဆောင်ရွက်

ကလော ဇန်နဝါရီ ၅

ရှမ်းပြည်နယ် (တောင်ပိုင်း)မိုင်း ကိုင်မြို့ သန့်ရှင်းသာယာလှပရေး အတွက် ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၆ ရက်က ဌာန ဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအဖွဲ့ အစည်းများ စုပေါင်း၍ ဗိုလ်ချုပ်လမ်းမကြီး ဝဲယာရှိ မြက် ပေါင်းပင်များကို ခုတ်ထွင် ရှင်းလင်း ကြရာ မြို့နယ်စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိ ဦးအောင် စည်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးဝင်းဦးတို့က ကြီးကြပ်ဆောင်ရွက် ကြသည်။ **(၄၀၈)**

ကြည့်ရှုစစ်ဆေး

ဇန်နဝါရီ၁၅ ရက်က မိတ္ထီလာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ က ၂၀၀၃–၂၀၀၄ခု ဘဏ္ဍာရေးနှစ် အတွက် ကန်တောင်–အုတ်ရှစ်ကုန်း ကျေးလက် မြေသားလမ်း အရှည် ပေ ၁၀၁၅၅၊ အကျယ် ပေ ၂၀ ကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးညီညီတင်နှင့် တာဝန်ခံ အင်ဂျင်နီယာတို့က ကြည့်ရှုစစ်ဆေးကြစဉ်။ (က–ပ)

အမျိုးသမီးများ၏ ကျန်းမာရေးအသိပညာပေးဟောပြော

ဟားခါး ဇန်နဝါရီ ၄

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီနှင့် ကျန်းမာရေး ဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော အမျိုးသမီးများ၏ ကျန်းမာရေးအသိ ပညာပေးဟောပြောပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၄ ရက်က ချင်းပြည်နယ် ဟားခါးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုး သမီးရေးရာကော်မတီ ကျန်းမာရေးအဖွဲ့ အကြံပေးပုဂ္ဂိုလ် ကျန်းမာရေးစီမံကိန်း ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာ ဒေါ်တင်လင်းမြင့်က အမျိုးသမီးများ၏ ကျန်းမာရေးအသိပညာပေးမှုနှင့် အမျိုးသမီးများအကြမ်း ဖက်မှုမှ ကာကွယ် စောင့်ရှောက်ရေးဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး ချင်းပြည်နယ် ကျန်းမာရေး ဦးစီးဌာနသို့ ကွန်ပျူတာတစ်စုံ ပေးအပ်လှူဒါန်းရာ ပြည်နယ် ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ဦးခင်မောင်ထွန်းက လက်ခံရယူကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဇန်နဝါရီ ၃ ရက်က ငပုတော မြို့နယ် စည်ပင်သာယာရေး အဖွဲ့က ကျေးလက်ဒေသ စာသင် ကျောင်းများ ရေကောင်းရေသန့် ရရှိရေးအတွက် ဝက်ဆူကျေးရွာ အခြေခံပညာမူလတန်းကျောင်း ရေကန်အဆင့်မြှင့်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို အမှု ဆောင်အရာရှိ ဦးအောင်ငွေနှင့် အငယ်တန်းအင်ဂျင်နီယာ၂ (မြို့ပြ) ဦးအောင်ကိုကို တို့က ကွင်းဆင်း ကြည့်ရှုကြစဉ်။ (မြို့နယ်စည်ပင်)

စာပေဟောပြောပွဲကျင်းပ

တပ်ကုန်း ဇန်နဝါရီ ၁၂

တပ်ကုန်းမြို့နယ် စာပေနှင့်စာ နယ်ဇင်းအဖွဲ့က ဦးစီး၍ စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် စာပေပြိုင်ပွဲများကို ဒီဇင်ဘာ ၃၁ ရက်က ကျင်းပပြုလုပ်သည်။

ထို့နောက် စာပေဟောပြောပွဲနှင့် စာပေပြိုင်ပွဲ ဆုပေးပွဲကိုဇန်နဝါရီ ၁၀ ရက်ညတွင် စာရေးဆရာ နွမ်ဂျာသိုင်း၊ ကာတွန်းမြေဇာနှင့် ဒါရိုက်တာ မောင် နေမျိုးတို့က ဟောပြောကြသည်။ **(၂၆၆)**

e- Education Learning Centre

သင်ခန်းစာ ထုတ်လွှင့်မည့်အစီအစဉ်

မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ

၂၆–၁–၂၀၀၄ (တနင်္လာနေ့)

- ❑ Importance of Connectives
  - **ပနှစ်အင်္ဂလိပ်စာ (အထောက်အကူပြု) နေ့ကျောင်းသူ ကျောင်းသားများ**
- ❑ Air Pollution
  - **ဒုနှစ်ပထဝီဝင် အထူးပြု ကျောင်းသူ ကျောင်းသားများ**

၂၇–၁–၂၀၀၄ (အင်္ဂါနေ့)

- ❑ **ငွေ့ရည်ဖွဲ့ခြင်း**
  - **ပနှစ်ပထဝီဝင်အထူးပြု ကျောင်းသူ ကျောင်းသားများ**
- ❑ National Unification of Alaungmintaya (1714-1760)
  - **တနှစ်သမိုင်းအထူးပြု ကျောင်းသူ ကျောင်းသားများ**

၂၈–၁–၂၀၀၄ (ဗုဒ္ဓဟူးနေ့)

- ❑ Nationalist Movement in the G.C.B.A Period
  - **တစ်နှစ်သမိုင်းအထူးပြု ကျောင်းသူကျောင်းသားများ**
- ❑ **အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ၏ ကိုယ်ကျင့်တရား အမြင်များကို ဒဿနပညာ ရှုထောင့်မှ ဆန်းစစ်တင်ပြခြင်း**
  - **တတိယနှစ်နှင့်ပထမနှစ် ဂုဏ်ထူးတန်း ဒဿနိကဗေဒ ကျောင်းသူ ကျောင်းသားများ**

၂၉–၁–၂၀၀၄ (ကြာသပတေးနေ့)

- ❑ The Concept of Normality and Abnormality
  - **တနှစ်နှင့် ပနှစ် ဂုဏ်ထူးတန်း စိတ်ပညာအထူးပြု ကျောင်းသူ ကျောင်းသားများ**
- ❑ An Introduction to the Study of Law
  - **ပနှစ်ဥပဒေအထူးပြု ကျောင်းသူ ကျောင်းသားများ**

၃၀–၁–၂၀၀၄ (သောကြာနေ့)

- ❑ **အခြေခံပါဠိသဒ္ဒါပို့ချက် (၁)အက္ခရာ**
  - **ပနှစ်အရှေ့တိုင်းပညာအထူးပြုနှင့် အထောက်အကူပြု**
- ❑ Ozone Layer Depletion as an Environmental Issue
  - **ပနှစ်မဟာဝိဇ္ဇာ ကျောင်းသူ ကျောင်းသားများ**

၃၁–၁–၂၀၀၄ (စနေနေ့)

- ❑ အဝေးသင်တက္ကသိုလ်ကျောင်းသူ ကျောင်းသားများအတွက် သင်ခန်းစာများ

၁–၂–၂၀၀၄ (တနင်္ဂနွေနေ့)

- ❑ အဝေးသင်တက္ကသိုလ်ကျောင်းသူ ကျောင်းသားများအတွက် သင်ခန်းစာများ

ဒီဇင်ဘာ၂၃ရက်က စည်ပင် သာယာရေးဦးစီးဌာန (ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့်နှင့် ရခိုင်ပြည်နယ် ညွှန်ကြားရေးမှူးဦးညိုဝင်းမြင့် တို့သည် မြောက်ဦးမြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာ ရှိနှင့်အတူ တောလိပ်ကန်ပေါင် တွင် အလုပန်းဆင်မှုကို ကြည့်ရှု စစ်ဆေးကြစဉ်။(မြို့နယ်စည်ပင်)

ကာမိုင်းအထကတွင် နိုင်ငံသားစိစစ်ရေးကတ်ပေးအပ်

ကာမိုင်း ဇန်နဝါရီ ၁၀

ကချင်ပြည်နယ် ကာမိုင်းအခြေခံပညာအထက်တန်းကျောင်းမှ နိုင်ငံသား အရည်အချင်းပြည့်မီသူ ကျောင်းသူကျောင်းသားများအား နိုင်ငံသားစိစစ်ရေး ကတ်ပြားပေးအပ်ပွဲကို ဒီဇင်ဘာ ၁၈ ရက်က အဆိုပါကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ဖားကန့်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေး ဦးစီးအရာရှိ ဦးစိုင်းမြင့်အောင်နှင့် ကာမိုင်းလူဝင်မှုကြီးကြပ်ရေး နှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူး ဦးမောင်ကျော်တို့က ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဝင်ရောက်ဖြေဆိုမည့် နိုင်ငံသားအရည်အချင်း ပြည့်မီသူ ကျောင်းသူ ကျောင်းသား ၁၂၂ဦး တို့အတွက် နိုင်ငံသားစိစစ်ရေး ကတ်ပြားများကို ကျောင်းအုပ်ဆရာကြီး ဦးမြင့်ဝင်းထံ ပေးအပ်သည်။ **(၄၁၆)**

ရွှေတိဂုံစေတီတော်ရင်ပြင် နံ့သာနှင့်ဆီမီးတစ်သောင်း ပူဇော်ပွဲကြီး

ရန်ကုန်မြို့ ပဋ္ဌာနမိသမ္ဘာရအသင်း၏(၁၉)ကြိမ်မြောက် နံ့သာနှင့် ဆီမီးတစ်သောင်း ပူဇော်ပွဲကြီးကို နှစ်စဉ်ကျင်းပမြဲ ဖြစ်သည့်အတိုင်း ၁၃၆၅ခုနှစ် တပို့တွဲလပြည့်နေ့ည ၅-၂-၂၀၀၄ ရက် (ကြာသပတေး) ည ၆:၀၀ နာရီတိတိအချိန်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိရဟန်း၊ရှင်လူ ပြည်သူအပေါင်း ကြွရောက်ကြည်ညို ပူဇော်မှုပြုနိုင်ကြပါစေရန် လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

ပဋ္ဌာနမိသမ္ဘာရအသင်း

ပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့လေကြောင်း
ကြော်ငြာချက်အမှတ် (၃/၂၀၀၄)

လေယာဉ်မောင်၊ လေယာဉ်မယ် လူတွေ့စစ်ဆေးရန်ကိစ္စ

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့လေကြောင်းမှ ခေါ်ယူထားသော လေယာဉ်မောင်၊ လေယာဉ်မယ်ရာထူး လျှောက်ထားသူများအနက် ပဏာမ လူတွေ့စစ်ဆေးမှု အောင်မြင်သူများအား အပြီးသတ်စစ်ဆေးခြင်းကို ၂၈-၁-၂၀၀၄ ရက်နေ့ ၀၈:၀၀ နာရီမှ စတင်စစ်ဆေးမည့် အစား ၂၉-၁-၂၀၀၄ ရက် ၀၈:၀၀ နာရီအချိန်မှ စတင်စစ်ဆေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မြန်မာ့လေကြောင်း။

ရွှေဖြူရောင်၊ ရွှေရောင်

ရတနာအရောင်တင်ဆေးရည် ရရှိနိုင်ပါသည်။

လိပ်စာ-အမှတ် ၆၄၁၊ အခန်း (၂၀၃)၊ ရွှေဘုံသာလမ်းနှင့် ၂၉ လမ်းကြား ကုန်သည်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၂၅၃၇၃၄၊ ၂၅၄၅၂၃

ရောင်းရန်ကြော်ငြာ

တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆
ဖလမ်းခရိုင်တရားရုံး
၂၀၀၂ ခုနှစ် တရားမဇာရီမှု အမှတ် ၁

မြန်မာ့စီးပွားရေးဘဏ် **နှင့်** ၁။ ဦးဂင်လျန်ကပ်
တီးတိန်မြို့ ၂။ ဒေါ်ဝုန်လမ်းမန်
မြို့မရပ်ကွက်၊ တီးတိန်မြို့

(ဒီကရီရရှိသူ) **(တရားရှုံး)**

၂၀၀၀ ပြည့်နှစ် တရားမကြီးမှုအမှတ် ၄၇ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက် (၁၃၆၅ ခုနှစ် တပေါင်းလဆန်း ၆ ရက်) မွန်းမတည့်မီ နံနက် ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

တီးတိန်မြို့ မြို့မရပ်ကွက် မြေကွက်အမှတ် ၃၃၊ ဦးပိုင်အမှတ် ၂၄၊ ဧရိယာ ၀ ဒသမ ၀၆၁ ဧကရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ အားလုံး၊ လုပ်ငန်းပိုင် ကုန်ပစ္စည်းအားလုံး၊ လေလံကြမ်းခင်းဈေး ကျပ်သန်း ၂၁၀၀၀၀၀ (ကျပ်နှစ်သန်းတစ်သိန်းတိတိ)

ရောင်းချရန်စည်းကမ်းချက်

၁။ စာရင်းတွင်ဖော်ပြပါရှိထားသော အချက်များမှာ တရားနိုင်က တရားရှုံးသူတင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါရှိခြင်း၊ သို့တည်းမဟုတ် ကွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်း အချက်အလက်များကို ရောင်းသူအရာရှိထံ လေလံရောင်းချမည့်ရက် မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၃ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဌေးဝင်း
ဒုတိယခရိုင်တရားသူကြီး
ဖလမ်းခရိုင်တရားရုံး
ဖလမ်းမြို့

ဝမ်းမြောက်ကြောင်း ဂုဏ်ပြုလွှာ

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား

ချိပ်ပိတ်တင်ဒါ (Sealed Tender) များခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ် တင်ဒါ (Sealed Tender)များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	ချိပ်ပိတ်တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	14(T)10/MR(S&T) 2003-2004	HF Transceiver Broad band high gain Antenna and Down lead cable 100 meters, coupler & connectors and accessories	7- Nos

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန် - ၃၀-၁-၂၀၀၄ (သောကြာနေ့) ၁၂:၀၀နာရီ
ချိပ်ပိတ်တင်ဒါဖွင့်ဖောက်မည့်ရက်နှင့်အချိန် - ၃၀-၁-၂၀၀၄ (သောကြာနေ့) ၁၄:၀၀နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၂-၁-၂၀၀၄ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့် (၅၁) လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၂၉၁၉၈၂၊ ၂၀၁၅၅၅ လိုင်းခွဲ-၆၀၂၊ ၆၀၅၊ ၆၁၂

OK Electronics 'နှစ်သစ်ကူး အထူးဈေးရောင်းပွဲ'

အများသိစေရန် ကြေညာချက်

မွန်ပြည်နယ် သထုံမြို့နယ် ထောင်မွူးကျေးရွာအုပ်စု၊ သုဓမ္မဝတီ(မြို့သစ်)တွင် အိမ်ဝိုင်းမြေကွက်များအား ၁၉၈၉-၉၀ ခုနှစ်တွင် ချထားပေးခဲ့ပြီး မြေအငှားပတ္တာဂရန်လျှောက်ထားသူများကိုလည်း အငှားပတ္တာဂရန်များ ထုတ်ပေးခဲ့ပါသည်။ မြေကွက်ချထားသူများအနက် အချို့မှလွဲ၍ အများစုသည် နေအိမ်ဆောက်လုပ်နေထိုင်မှု မရှိခြင်း၊ အငှားပတ္တာဂရန်များအတွက် ကျသင့်ပေးဆောင်ရမည့် အခွန်ငွေများပေးဆောင်ရန် ပျက်ကွက်ခြင်းတို့ကြောင့် ၂၇-၁-၂၀၀၀ တွင်တစ်ကြိမ်၊ ၁၄-၃-၂၀၀၁ တွင် တစ်ကြိမ်၊ ၂၃-၅-၂၀၀၂ တွင် တစ်ကြိမ် သုံးကြိမ်တိုင်တိုင် ကြေးမုံသတင်းစာတွင် ကြေညာခဲ့သော်လည်း လာရောက်ဆက်သွယ်ခြင်းမရှိပါသဖြင့် အောက်ဖော်ပြပါ မြေကွက်တို့ကို အောက်မြန်မာပြည်နှင့် ကျေးရွာမြေနည်းဥပဒေ အခန်း(၅)အရ ထုတ်ပေးထားသော အငှားပတ္တာဂရန်များအား ၁၄-၂-၂၀၀၃ ရက်နေ့တွင် ဖျက်သိမ်းပြီးဖြစ်ကြောင်းနှင့် မြေကွက်များပေါ်တွင် အမှန်တကယ် နေအိမ်ဆောက်လုပ်နေထိုင်သူများအား ပြန်လည်ချထားပေးပြီးဖြစ်ကြောင်း ကြေညာလိုက်သည်။

မြေကွက်အကျယ်

ပေ ၁၀၀ × ပေ ၁၀၀	ပေ ၈၀ × ပေ ၈၀	ပေ ၈၀ × ၆၅ ပေ
(က) အမှတ်နံပါတ်များ ၃၁၉၊၃၂၀၊၃၂၁၊၃၂၃၊၃၂၄၊၃၃၆၊၃၄၁ ၃၄၄၊ ၃၄၅	(က) အမှတ်နံပါတ်များ ၂၄၄၊၂၄၇၊၂၄၉၊၂၅၀၊၂၅၁၊၂၅၃၊၂၅၅၊၂၅၆၊ ၂၆၆၊၂၇၂၊၂၇၃၊၂၇၄၊၂၇၅၊၂၇၆၊၂၇၇၊၂၈၄ ၂၈၅၊၂၈၆၊၂၈၈၊၂၉၁၊၂၉၃၊၂၉၄၊၂၉၅၊၃၀၂ ၃၀၄၊၃၀၆၊အေ-၁၀၊ အေ-၁၂	(က) အမှတ်နံပါတ်များ ၂၁၅၊ ၂၁၆၊ ၂၂၅၊ ၂၂၆
(ခ) အမှတ်နံပါတ်များ ၂၆၂၊၂၆၅၊၂၆၉၊၂၇၀၊၂၇၁	(ခ) အမှတ်နံပါတ်များ ၂၀၆၊၂၀၇၊၂၁၁၊၂၁၂၊၂၁၄၊၂၁၅၊ ၂၂၀၊၂၂၁ ၂၂၅၊၂၃၁၊၃၂၂၊၃၂၄၊၃၂၇၊၂၄၂၊ ၂၄၄၊၂၅၁ ၂၈၃၊ ၂၈၇၊ ၂၉၀	(ခ) အမှတ်နံပါတ်များ ၁၅၇၊ ၁၅၈
(ဂ) အမှတ်နံပါတ်များ စီ-၁၊ စီ-၁၀၊ စီ-၃၁၊ စီ-၁၆၊ စီ-၂၆	(ဂ) အမှတ်နံပါတ်များ ၂၁၂၊၂၁၈၊၂၂၀၊၂၃၄၊၂၃၉၊၂၅၁၊၂၆၄၊၂၆၆ ၂၇၀၊၂၇၃	(ဂ) အမှတ်နံပါတ်များ ၁၆၉၊၁၇၀၊၁၇၁၊၁၇၂၊၁၇၇၊၁၇၈၊၁၈၁၊ ၁၈၂၊၁၈၅၊၁၈၆၊၁၉၃၊၁၉၄၊၁၉၇၊၁၉၈၊ ၁၉၉၊၂၀၀
(ဃ) အမှတ်နံပါတ်များ ၃၂၁၊၃၂၅၊၃၂၈၊၃၃၄၊၃၃၇၊၃၄၀၊၃၄၁ ၃၅၀၊	(ဃ) အမှတ်နံပါတ်များ ၂၄၂၊၂၄၃၊၂၄၆၊၂၄၇၊၂၅၆၊၂၅၇၊၂၆၇၊၂၇၀ ၂၇၂၊၂၇၃၊၂၇၉၊၂၈၄၊၂၈၅၊၂၈၆၊၂၈၈၊၂၈၉ ၂၉၀၊၂၉၁၊၂၉၃၊၂၉၉၊၃၀၂၊၃၀၉၊၃၁၃၊၃၁၅ ၃၁၆၊၃၁၇၊၃၁၉၊၃၂၀၊၃၃၁	(ဃ) အမှတ်နံပါတ်များ ၂၂၃၊၂၂၄၊၂၂၇၊၂၂၈၊၂၃၃၊၂၃၄
(င) အမှတ်နံပါတ်များ ၁၆၂၊၁၆၆၊၁၇၆၊၁၇၈၊၁၈၁၊၁၈၄၊၁၈၆ ၁၈၉၊၂၀၁	(င) အမှတ်နံပါတ်များ -	(င) အမှတ်နံပါတ်များ -
(စ) အမှတ်နံပါတ်များ ၂၄၃၊၂၄၅၊၂၄၆၊၂၄၇၊၂၄၉၊၂၅၀၊၂၅၁ ၂၅၂၊၂၆၀၊၂၆၁၊၂၆၅၊	(စ) အမှတ်နံပါတ်များ -	(စ) အမှတ်နံပါတ်များ ၂၀၃၊၂၀၄၊၂၀၇၊၂၀၈၊၂၁၃၊၂၁၄၊၂၁၅၊၂၁၆ ၂၁၇၊၂၁၈၊၂၁၉၊၂၂၀၊၂၂၁၊၂၂၂၊၂၂၃၊၂၂၄ ၂၂၇၊၂၂၈၊၂၂၉၊၂၃၀၊၂၃၁၊၂၃၂
(ဆ) အမှတ်နံပါတ်များ ၃၂၂၊၃၂၄၊၃၂၆၊၃၂၈၊၃၂၉၊၃၃၀၊၃၃၁ ၃၃၇၊ ၃၄၆၊ ၃၄၈၊ ၃၄၉၊ ၃၅၁၊	(ဆ) အမှတ်နံပါတ်များ ၂၄၁၊၂၄၂၊၂၄၃၊၂၄၄၊၂၄၅၊၂၄၆၊၂၄၈၊၂၄၉ ၂၅၂၊ ၂၅၄၊ ၂၅၅၊ ၂၅၆၊၂၅၇၊၂၅၈၊၂၇၁ ၂၇၄၊၂၈၀၊၂၈၁၊၂၈၉၊၂၉၀၊၂၉၄၊၃၀၃၊၃၀၇၊ ၃၀၈၊၃၁၁၊၃၂၁၊၃၃၃	(ဆ) အမှတ်နံပတ်များ ၂၀၃၊၂၀၄၊၂၃၂၊၂၃၃
(ဇ) အမှတ်နံပါတ်များ ၂		

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
သထုံမြို့နယ်၊ မွန်ပြည်နယ်

ခရုသင်းခြောက်မျိုးအထူးကုသမားတော်ကြီး ဦးကျော်ဟိုး

ဆရာကြီး ဦးကျော်ဟိုးသည် သထုံမြို့ ဘင်လိုင်ရပ်မှ ရန်ကုန်သို့ ပြောင်းရွှေ့ပြီး မပျောက်ကင်းနိုင်သော ခရုသင်းခြောက်မျိုးနှင့် အတက်ရောဂါ၊ ဝက်ရူးပြန်ခုနစ်မျိုးတို့ကို ကုသပေးနေပြီဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ ဝေဒနာရှင်များ သိရှိရန် ကြေညာအပ်ပါသည်။

ယခုတစ်ဖန် နေရောင်လင်းဆေးတိုက်မှ နန္ဒင်းခါး၊ ဘုမ္မရာဇာ၊ဆင်တုံးမနွယ် သုံးမျိုးဖြင့် သွေးတိုး၊ ဆီးချို လေငန်းရောဂါတို့ကို ဖိတ်ခေါ်လိုက်ပါသည်။

ဥပုသ်နေ့ပိတ်သည်။
နေရောင်လင်းဆေးတိုက် အမှတ် ၃၇၊ ၂ ဇင်ယော်လမ်း၊ ၁၄/၂ရပ်ကွက်၊ မြင်သာအိမ်ရာ (၂)၊ တောင်ဥက္ကလာပ၊ ရန်ကုန်မြို့

သတိပေးတားမြစ်ခြင်း

ကျွန်ုပ်အမှုသည် ဦးကိုကိုလေး ပိုင်ဆိုင်သော သိမ်ကြီးဈေး A-ရုံ၊ ဆိုင်အမှတ် (၄၁၁/၅၄၆) ဆိုင်ခန်းနှင့် ဆိုင်ပေါ်ရှိပစ္စည်းများအားလုံးနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ၂၀၀၁ ခုနှစ်အတွင်း သားဖြစ်သူ ဦးမောင်မောင်လတ်သို့ အပြီးအပိုင်လွှဲပြောင်း ရောင်းချခဲ့ပြီးနောက် ရရှိသည့်ငွေများကို ကျန်သားသမီး ခုနစ်ဦးတို့အား အမွေဝေစုအဖြစ် အညီအမျှခွဲဝေပေးခဲ့ပြီး ဖြစ်ပါသည်။

ပန်းဘဲတန်းမြို့နယ် အနော်ရထာလမ်း အမှတ်(၁၉၇/၂၀၇) အခန်း အမှတ် ၃၀ အပေါ်ဆုံးထပ် အခန်းတစ်ခန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ ၁၀၁ လမ်း၊ အမှတ် ၁၉၊ (၇လွှာ/A) အခန်းတစ်ခန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် လွတ်လပ်ရေးရပ်ကွက် ၉၈ လမ်း၊ အမှတ် ၆ (၇ လွှာ/B) အခန်းတစ်ခန်း စုစုပေါင်းအခန်းသုံးခန်းကို ကျွန်ုပ်အမှုသည် ဦးကိုကိုလေး (OTN-၀၀၉၃၁၅)အမည်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။

အဆိုပါအခန်းသုံးခန်းကို ကျွန်ုပ်အမှုသည်၏ သဘောတူခွင့်ပြုချက်မရှိဘဲ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ လှူဒါန်းခြင်း၊ တစ်ဆင့်ငှားရမ်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ပါရန်နှင့် အကယ်၍ လိုက်နာရန် ပျက်ကွက်ပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူသွားမည် ဖြစ်ကြောင်း သတိပေးတားမြစ်အပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးမောင်မောင်တင် LL.B,D.B.L
တရားရုံးချုပ်ရှေ့နေ
အမှတ် ၅၀၊ ပ-ထပ်၊ အေ-၇၊ ဘဏ်လမ်း၊ ရန်ကုန်မြို့

ဝမ်းနည်းကြေကွဲခြင်း

ချစ်သူငယ်ချင်း ကျော့ကျော့ရဲ့ ချစ်လှစွာသော မောင်လေးဖိုးမဲ ၁၉-၁-၂၀၀၄ ရက်တွင် ကွယ်လွန်ကြောင်းသိရှိရ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ကိုအောင်၊ သိုက်၊ မျိုး၊ ကြည်လင်း၊
ဆွေမင်း၊ ပုလဲ၊ ဖြိုး၊ စမ်းမြ၊
နွယ်နွယ်၊ မေမီ၊ နီလာ၊ Zool M II

မောင်လှိုင်ထူး(အားဖ) အမြန်ဆုံးလာရောက်ဖြေရှင်းပါ

ဦးအိုက်ရှင်၏သား အမျိုးသားမှတ်ပုံတင် ၉/ပမန(နိုင်)၁၂၈၄၃၆ ကိုင်ဆောင်သူ မောင်လှိုင်ထူး (အားဖ) ကိစ္စအဝဝအတွက် အမြန်ဆုံးလာရောက် ဖြေရှင်းပါ။

ဒေါ်နန်းလွမ်း
ဇေယျာမွန်အိမ်ရာ
ဘုရင့်နောင်

အိမ်ခြံရောင်း(လဲ)မည်

ပေ၄၀X ပေ၆၀ တွင် ဘယ်ဘက်ကပ်၍ ၁၇ ပေ X ၄၅ ပေ၊ BN နှစ်ထပ်တိုက်သစ် ဂရန်အမည်ပေါက် ကားသို့မဟုတ် မြေကွက်ဖြင့် အလိုက် ရက လဲမည်။

အမှတ် ၃၃၃၊ က/၆ လမ်း၊
မြို့သစ်၊ အင်းစိန်

အမည်ပြောင်း

ဦးကျော်စိုးလှိုင်(ခ) ဦးကျင်ရီ၏သား ဒုနှစ် စီးပွားရေးတက္ကသိုလ် ရွှာသာကြီးမှ ဝေလင်းဟန် ၁၂/မဂတ (နိုင်) ၀၈၇၁၇၂ အား ဝေလင်းခန့်ဟု ပြောင်းလဲခေါ်ပါရန်။

ဝေလင်းခန့်။

ကျေးဇူးတင်ရှိခြင်း

ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်း အခန်း (၆)၊ တိုက် ၃၀၁(က) နေ ဦးခင်မောင်ဒိုး-ဒေါ်ခင်အေးအေးနိုင်တို့၏သားလတ် မောင်ကျော်မျိုးမြင့် (ကူးကူး)၏ နာရေးကိစ္စတွင် အဘက်ဘက်မှ မေတ္တာရှေ့ထား၍ လိုလေသေးမရှိအောင် ဝိုင်းဝန်းကူညီပေးကြသူများ၊ လိုက်ပါပို့ဆောင်ခဲ့ကြသူများ၊ ရပ်ဝေးရပ်နီးမှ တယ်လီဖုန်းဖြင့် အားပေးစကားပြောကြားခဲ့ကြသူများ၊ ဒဂုံတက္ကသိုလ်နှင့် ဌာနဆိုင်ရာ အားလုံးမှ အရာရှိများနှင့် ဝန်ထမ်းများ၊ သားငယ်၏ သူငယ်ချင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

(၃၆) နှစ်ပြည့် လက်ထပ်မင်္ဂလာ
နှင့်
(၆၂) နှစ်ပြည့် မွေးနေ့မင်္ဂလာဆုမွန်လွှာ
(၂၅-၁-၂၀၀၄)

အချစ်ဆုံးပါပါ **Captain အေးမောင်** Master Mariner (London), M.R.I.N (U.K) , M.N.I (England), Senior Master - MARINER (BKK) / SUNSCOT (HKG)

နှင့်

အချစ်ဆုံးမာမီ ဒေါ်သဇင်ကျော်ထွန်း B.A, Dip in Japanese Language (Tokyo University of Foreign Studies) တို့၏

၂၅-၁-၂၀၀၄ ရက်တွင် အတူတကွကျရောက်သော
(၃၆) နှစ်ပြည့် လက်ထပ်မင်္ဂလာနှင့်
ပါပါရဲ့ (၆၂) နှစ်ပြည့် မွေးနေ့မင်္ဂလာရက်မြတ်မှသည်
သက်ဆုံးတိုင် သာယာချမ်းမြေ့မှုအပေါင်း ခညောင်းစေကြောင်းဆုမွန်ခြွေလျက် ......

သားကြီး - **ကိုနေလင်းအေးမောင်** MASTER (F.G)
Gewin Maritime / Tokyo

သားလေး - **ကိုခိုင်ဇော်အေးမောင်** B.Sc (Maths),Dip in Bldg Tech; (Y.T.U)
First Mate (F.G).
Eastwind Shipmanagement / S' pore

၆၈/စီ၊ အင်းလျားလမ်း၊ ရန်ကုန်မိသားစု။

MYANMA GOLDEN STAR CO.,LTD.

(Softdrink Operation Division)

" WE BELIEVE IN QUALITY "

Myanma Golden Star Co.,Ltd. (Softdrink Operation Division) ၏ ရန်ကုန် အရှေ့ပိုင်းခရိုင်နှင့် သိုလှောင်ရုံကို လက်ရှိနေရာမှ နေရာသစ်သို့ (၂၂-၁-၀၄) နေ့မှစတင်၍ ပြောင်းရွှေ့ ဖွင့်လှစ်ပြီးဖြစ်ပါ၍ ဝယ်ယူအားပေးလျက်ရှိကြသော ဖောက်သည်ကြီးများအနေဖြင့် အောက်ဖော်ပြပါလိပ်စာအတိုင်း ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

လိပ်စာ ⟶ အမှတ် (၁၂၅)၊ ဟံသာဝတီလမ်း၊ (၆) ရပ်ကွက်၊ ကမာရွတ်မြို့နယ်။

ဖုန်းနံပါတ် ⟶ ၅၀၁ ၃၃၈၊ ၅၀၀ ၃၉၉၊ ၅၀၁ ၃၄၀ ဖက်စ် ⟶ ၀၁-၅၀၁ ၃၃၆

"မားစ်နှင့်မားစ်ပါဝါ" ငွေသားကံစမ်းမဲအစီအစဉ်များ!

ဇန်နဝါရီနှင့်ဖေဖော်ဝါရီလများတွင် ဆက်လက်ကံစမ်းနိုင်ပါသည်။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် ခ/၁၂၉၉မော်တော်ယာဉ် လက်ဝယ်ရှိသူက မော်တော်ယာဉ် မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူပျောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကညန၊ တိုင်းရုံး (ရန်ကုန်)သို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ရန်ကုန်တိုင်း**

အလင်းရောင်မျက်စိကုရိပ်သာ ဆရာဦးသန်းဆွေ
ကုန်အမှတ်တံဆိပ်နှင့် အလင်းရောင်ဆေးတိုက်တည်ရာ
ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊
၃၈ လမ်း၊ အမှတ် ၁၀၃(မြေညီထပ်)အခန်းနှစ်ခန်းနှင့် စပ်လျဉ်း၍

အသိပေးကြေညာချက်

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သော ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ် (ဇ)ရပ်ကွက်၊ မေဓာဝီလမ်း၊ အမှတ်(ဇ/၃၉၅)တွင် အလင်းရောင်ဆေးတိုက် ဖွင့်လှစ်ထားသူ အလင်းရောင်ဆေးတိုက်ပိုင်ရှင် ဦးစိုးတင့်(အလင်းရောင်)၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

၁။ ရန်ကုန်တိုင်း တရားရုံး၏ ၂၀၀၃ခုနှစ် တရားမကြီးမှု အမှတ်(၁၄၂)တွင် ချမှတ်ထားသော ၇-၁-၂၀၀၄ ရက်စွဲပါ စီရင်ချက်တွင် အထက်ဖော်ပြပါ 'အလင်းရောင်မျက်စိကုရိပ်သာ ဆရာ ဦးသန်းဆွေ'ကုန်အမှတ်တံဆိပ် အပါအဝင် ကွယ်လွန်သူဆရာကြီး ဦးသန်းဆွေနှင့် ဒေါ်မှိတို့၏ အမွေပစ္စည်းအရပ်ရပ်ကို ကွယ်လွန်သူ ဒေါ်မှိ၏ တစ်ဦးတည်းသော တရားဝင်ကိတ္တိမမွေးစားသားဖြစ်သည့် ကျွန်ုပ်၏မိတ်ဆွေ ဦးစိုးတင့် တစ်ဦးတည်းကသာ အမွေဆက်ခံခွင့်ရှိကြောင်း မြွက်ဟကြေညာသည့် ဒီကရီကိုချမှတ်ပေးပြီး ဖြစ်ပါသည်။

၂။ ထို့ပြင် အထက်ဖော်ပြပါ 'အလင်းရောင်မျက်စိကုရိပ်သာ ဆရာ ဦးသန်းဆွေ' ကုန်အမှတ် တံဆိပ်ကို ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်၊ ၃၈ လမ်း၊ အမှတ် ၁၀၃ တွင် လက်ရှိနေထိုင်လျက်ရှိသူ ဒေါ်စန်းစန်းမြင့် ထုတ်လုပ်သော တိုင်းရင်းမြန်မာ ဆေးဝါးများတွင် တပ်ဆင်အသုံးပြုနေခြင်းကို တားမြစ်ကြောင်း ဒီကရီကိုလည်း ချမှတ်ပြီးဖြစ်ပါသည်။

၃။ ထို့ပြင် ဆရာကြီးဦးသန်းဆွေနှင့် ဒေါ်မှိတို့၏ ကျန်ရစ်သော အမွေပစ္စည်းဖြစ်သည့် အလင်းရောင်ဆေးတိုက် တည်ရာ၊ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ၃၈ လမ်း၊ အမှတ် ၁၀၃၊ မြေညီထပ်တိုက်ခန်း နှစ်ခန်းကို လက်ရှိနေထိုင်လျက်ရှိသူ ဒေါ်စန်းစန်းမြင့်က ကျွန်ုပ်၏မိတ်ဆွေအား လက်ရောက်လွှဲပြောင်းပေးအပ်စေရန် ဒီကရီကိုလည်း ချမှတ်ပေးပြီးဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ယခုအချိန်တွင် 'အလင်းရောင် မျက်စိကုရိပ်သာ' ဆရာသန်းဆွေ ကုန်အမှတ်တံဆိပ်နှင့် အလင်းရောင်ဆေးတိုက်တည်ရာ အထက်ဖော်ပြပါ ဥပစာတို့ကို ကျွန်ုပ်၏မိတ်ဆွေ ဦးစိုးတင့် (အလင်းရောင်) တစ်ဦးတည်းကသာလျှင် အမွေဆက်ခံပြီး တိုင်းရင်းမြန်မာဆေးဝါး ကိုးမျိုးကို ထုတ်လုပ် ဖြန့်ဖြူးလျက်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစန်းလှိုင်(၁၇၀၉)
ဝိဇ္ဇာနှင့်ဥပဒေဘွဲ့ရ
တရားရုံးချုပ်ရှေ့နေ
၂၀/၂၀၆၊ အေးရိပ်မွန်အိမ်ရာ
ဘုရင့်နောင်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

(၁) A.G.T.I (Civil) **ဘွဲ့ရ** **(မ) ၂ ဦး**
- ဆောက်လုပ်ရေးလုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၃)နှစ်ခန့် ရှိရမည်။

(၂) **ဆိုက်တာဝန်ခံ** **(မ) ၁၀ ဦး**
- ပညာအရည်အချင်း (ဘွဲ့ရ)
- ဆောက်လုပ်ရေးလုပ်ငန်းတွင် စိတ်ပါဝင်စားသူဖြစ်ရမည်။

(၃) **ဆိုက်လုံခြုံရေး** **(ကျား) ၁၀ ဦး**
- အသက် (၃၅နှစ်မှ ၄၅ နှစ်အတွင်း) ဖြစ်ရမည်။
- ကျန်းမာရေးကောင်းပြီး အလုပ်တွင် အချိန်ပြည့် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(၄) **ယာဉ်မောင်းကျွမ်းကျင်သူ** **(ကျား) ၂ ဦး (အမြန်အလိုရှိသည်။)**
- ယာဉ်မောင်းသက်တမ်း အနည်းဆုံး သုံးနှစ်ရှိရမည်။
- မောင်းနိုင်မှု၊ ကျွမ်းကျင်မှုပေါ်မူတည်၍ လစာတိုးမြှင့်ပေးမည်။

(လျှောက်ထားလိုသူသည် ကိုယ်ရေးရာဇဝင်၊ လိုင်စင်ဓာတ်ပုံ တစ်ပုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ သက်ဆိုင်ရာပညာရေး အထောက်အထား၊ လုပ်ငန်းအထောက်အထားနှင့်အတူ ကြော်ငြာသည့်နေ့မှ ၁၅ ရက်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။ **ယူနိုက်တက်ဆောက်လုပ်ရေးကုမ္ပဏီ**
အမှတ် ၂၉၊ မော်တင်လမ်း (လမ်းသစ်လမ်း)
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၂၅၄၉၆၊ ၂၂၆၆၇၉

ကာကီ

အိပ်မက်တစ်ခုလိုပါ

AMAZING BAND
TOWER STUDIO
TAPE & CD
KISS
27, Jan, 2004 ထွက်ပြီ

သင်ရွှေဆိုင်ဖွင့်လိုပါသလား

သန်းဖြိုးရတနာရွှေဆိုင်မှ အထူးသတင်းကောင်း

ရွှေဆိုင်ဖွင့်လိုသူများနှင့်ရွှေပညာတတ်မြောက်လိုသူများအတွက်

သင်တန်းစမည့်ရက် ၃-၂-၂၀၀၄

(၁) ရွှေထည်၊ ကျောက်ထည်ရောင်းနည်း
(၂) ရွှေထည်၊ ကျောက်ထည်ဝယ်နည်း
(၃) ရွှေထည်၊ ကျောက်ထည်အပေါင်ခံနည်း
(၄) ရွှေထည်၊ ကျောက်ထည်ပန်းထိမ်အပ်နည်း
(၅) ရွှေမှတ်ကျောက်ရည်ခွဲနည်း
(၆) ရွှေအတု၊ အစစ်ခွဲနည်း
(၇) ရွှေချွတ်နည်းသို့မဟုတ် ရွှေအခေါက်အဖြစ် သန့်စင်နည်း စသည့်တို့အပြင် ရွှေဆိုင်ပိုင်ရှင် တစ်ဦးအနေဖြင့် သိသင့် သိအပ်သည့် ပြင်ပဗဟုသုတများစွာကိုပါ တစ်လနှင့်အပြတ် စာတွေ့၊ လက်တွေ့ သင်ကြားပေးမည်။ သင်တန်းတက်ရောက်ပြီးသူတိုင်း ကျေနပ်တတ်မြောက်စေရမည်။ ရွှေဆိုင်ဖွင့်နိုင်သည်အထိ ကူညီဆောင်ရွက်ပေးပါမည်။ တစ်ဆင့်ပြန်လည်ရောင်းချလိုသော သင်တန်းသူ သင်တန်းသားတိုင်းအတွက် ရွှေရည်မီရွှေထည်၊ ကျောက်ထည် ပစ္စည်းများကို ပန်းထိမ်နှုန်းထားအတိုင်း ရောင်းချပေးနေပါပြီ။

သင်တန်းချိန်	-	နံနက် ၁၀:၀၀ မှ ၁၁:၃၀
	-	ညနေ ၄:၀၀ မှ ၅:၃၀
သင်ကြားမည့်ရက်	-	တနင်္လာနေ့မှ သောကြာနေ့ထိ
ဆက်သွယ်ရမည့်လိပ်စာ	-	သန်းဖြိုးရတနာရွှေဆိုင်နှင့် နာရီစတိုး အမှတ် ၂၆၅၊ ပြည်လမ်းနှင့် ဗားကရာလမ်းထောင့်၊ စမ်းချောင်းမြို့နယ် (မြေနီကုန်း)မီးပွိုင့်အနီး၊ ဖုန်း-၅၂၅၅၇၉၊ ၇၂၃၂၇၆၊ ၅၀၅၆၃၆

ကုန်အမှတ်တံဆိပ်နှင့်စပ်လျဉ်းသည့် သတိပေးကြေညာချက်

အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်း လုပ်ငန်းသည် အောက်ပါ Spirulina နှင့်ပတ်သက်သည့်ပစ္စည်းများကို ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် သုံးစွဲသွားရန်အတွက် တစ်ဦးတည်းမူပိုင် မှတ်ပုံတင်ထားရှိခြင်းအား ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အောက်ပါအတိုင်း မှတ်ပုံတင်ထားရှိပြီးဖြစ်ပါသည်။

စဉ်	ကုန်ပစ္စည်း	မှတ်ပုံတင်အမှတ်
၁။	Natural Spirulina Powder	၄/၇၀၈၉ (၁၂-၁၂-၂၀၀၃)
၂။	စိမ်းပြာရေညှိခြောက် (Spirulina Dry Chip)	၄/၇၀၉၀ (၁၂-၁၂-၂၀၀၃)
၃။	စိမ်းပြာရေညှိမှုန့် (Spirulina Spray Dry Powder)	၄/၇၀၉၁ (၁၂-၁၂-၂၀၀၃)
၄။	စိမ်းပြာရေညှိမှုန့် (Spirulina Sun Dry Powder)	၄/၇၀၉၂ (၁၂-၁၂-၂၀၀၃)
၅။	Natural Spirulina Chips	၄/၇၀၉၃ (၁၂-၁၂-၂၀၀၃)

သို့ပါ၍ အထက်ပါ Spirulina နှင့်ပတ်သက်သည့် ပစ္စည်းများကို တစ်ခုလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ လိမ်လည်လှည့်ဖြား၍သော်လည်းကောင်း၊ ဆင့်ပွားပြုပြင်ပြောင်းလဲ၍သော် လည်းကောင်း၊ အတုအပ ပြုလုပ်၍သော်လည်းကောင်း၊ အခြားတစ်နည်းနည်းဖြင့် အသုံးပြုခြင်း၊ ခွင့်ပြုချက်မရရှိဘဲ အသုံးပြုခြင်းသော်လည်းကောင်း ဆောင်ရွက်ခြင်းပြုလုပ်ပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး ကြေညာအပ်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း။

ကျေးဇူးဆပ်ပါမည်

ကျွန်မ၏ နိုင်ငံကူးလက်မှတ် အမှတ် (CM 100632) ပျောက်ဆုံးသွားပါသဖြင့် အကြောင်းကြားပေးပါရန်။ **ဒေါ်တင်တင်စန်း**
ဖုန်း-၂၅၀၆၉၁၊ ၀၉ ၈၀ ၂၃၃၉၆

စလောင်း

ESPN နှင့် ရုပ်ရှင်လိုင်းများ ဖွင့်သောစက် ရပါပြီ။
စပါယ်ရှယ်လိုင်းများ ပါသည်။
ZN Satellite Group
ဖုန်း-၇၂၇၅၄၈

အမည်မှန်

အထက တာချီလိတ် ပဥ္စမတန်း(D)မှ ဦးစိုင်းအောင်၊ ဒေါ်နန်းနွမ်းတို့၏ သမီး ကျောင်းဝင်အမှတ် ၁၄၂၀၉ နန်းနောင့်နှင်း၏ အမည်မှန်မှာ နန်းငင်း(ခ)နန်းနောင့်နှင်း ဖြစ်ပါကြောင်း။

မွေးသက္ကရာဇ်အမှန်

အထက တာချီလိတ် ဆဋ္ဌမတန်း(ဂ)မှ ကျောင်းဝင်အမှတ် ၁၃၈၅၉ နန်းစူးစူး၏ ဖခင်အမည်မှန်မှာ ဦးလှစိန်(ခ)ဦးအိုက်ကွီးဖြစ်၍ ၎င်း၏ မွေးသက္ကရာဇ်အမှန်မှာ ၂၃-၂-၁၉၉၃ ဖြစ်ပါကြောင်း။

ဝမ်းနည်းကြေကွဲခြင်း

၁၈-၁-၂၀၀၄ရက်တွင် အစ်ကိုကြီး ကိုခိုင်ဇော် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းရပါကြောင်း။ **ညီမလေးမိသားစု၊ ကိုရဲမြတ်အောင်၊မယုလေးအောင်၊ တူမလေး မေသုကျော်။**

---

(၃)နှစ်ပြည့်နှင့်(၄)နှစ်မြောက်အလွမ်း

အဖေကြီး ဒုတိယဗိုလ်မှူးကြီးသိန်းထွန်းနှင့် မမကြီးတို့ရေ မေတ္တာတစ်သက် အစဉ်မပျက် လှူဒါန်းလျက်မို့ ရောက်ရာဘုံဘဝမှ သာဓုခေါ်ပါ။ အမျှ-အမျှ-အမျှ-

ဇနီး	-	**ညီမ-မြမြသန်း**
သား	-	**ကျော်ထူး၊ ကိုလင်း၊ ရဲထွဋ်၊ အောင်သူရ**
သမီး	-	**မို့မို့အေး၊ ချယ်ရီမေ**
မြေး	-	**ကောင်းစိုးလင်း**

---

(၂)နှစ်ပြည့်အလွမ်း (၂၅-၁-၂၀၀၄)
ဒေါက်တာ ခင်လှဝင်း

ကျိုစံ တို့တွေနဲ့ ခွဲခွာသွားတာ နှစ်နှစ်ပြည့်ခဲ့ပြီ။ တို့မိသားစုတွေရဲ့ ရင်ထဲမှာ ကျိုစံရှိနေတုန်းပါပဲ။

ဦးဝင်းမောင်-ဒေါ်ခင်မြင့် (ပဲခူး) မိသားစု။

အမည်ပြောင်း

ဦးအောင်၏သား ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း(TTC) သူငယ်တန်း(H) မှ မောင်ညီညီအောင်အား မောင်ညီမျိုးထွန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

ဒေါ်ကြည်ကြည်
အသက်(၈၁)နှစ်

မြင်းခြံမြို့နေ (ဦးရွှေချင့်–ဒေါ်ယဉ်မေ)တို့၏ သမီး၊ (ဗိုလ်မှူးစောလှ)၏ဇနီး၊ ဦးကျော်တင့် ၏အစ်မ၊ အမှတ်၁/၁၆၊ ၆၀/၅၈ကြား၊ ၂၆ဘီ လမ်း၊ မဟာနန္ဒီလမ်း၊ မန္တလေးမြို့နေ ဒေါက်တာဦးသန်းဝင်း–ဒေါ်ဘေဘီစောလှ၊ (ချိုချိုစောလှ)၊ ဦးမိုးဟိန်း–ဒေါ်ကြည်ကြည်မြ (တိုင်းသစ်တော၊မန္တလေး)၊ (ဦးခိုင်လှ)–ဒေါ်ဥမ္မာ (ညောင်ဦး၊သစ်တော)၊ ဦးမောင်မောင်အောင်(ပျဉ်းမနား၊သစ်တော)တို့၏မိခင်၊ မြေးလေးယောက်တို့၏အဘွားသည် ၂၂–၁–၂၀၀၄ ရက် (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄–၁–၂၀၀၄ရက်(စနေနေ့) မွန်းလွဲ ၁ နာရီတွင် ကြာနီကန်သုသာန်တွင် ဂူသွင်းသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေများအား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးအောင်ကြည်
စာရင်းစစ်(ငြိမ်း)
(ကျောက်ပန်းတောင်း)
အသက်(၇၃)နှစ်

မန္တလေးတိုင်း၊ ညောင်ဦးမြို့နယ်၊ ဝက်ကြီးအင်းကျေးရွာနေ(ဦးဖိုးဦး–ဒေါ်ဒေါင်း)တို့၏ သား၊ ကျောက်ပန်းတောင်းမြို့၊ လယ်ယား (တောင်)ရွာနေ ဒေါ်ခင်ထွေး၏ ခင်ပွန်း၊ ဒေါ်လှမြင့်၊ ဒေါ်မြစိန်၊ ဒေါ်မြရှိန်တို့၏ အစ်ကိုကြီး၊ ကိုသန်းထွန်းအောင်(မြိတ်)၊ ကိုသော်တာ (စက်မှုလယ်ယာ)၊ မဥမ္မာကြည်(ရေနံ)၊ ကိုဖြိုးဝေအောင်(နယ်စပ်/စည်ပင်)၊ မစောဥမ္မာ၊ မသူဇာအောင်တို့ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၂၃–၁–၂၀၀၄ရက် မွန်းလွဲ ၁၂:၁၅ နာရီတွင် ကျောက်ပန်းတောင်းမြို့နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၄–၁–၂၀၀၄ရက်(စနေနေ့)တွင် ကျောက်ပန်းတောင်း အမှတ်(၂)သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာ(သဲအင်းယောဂီ)
ဦးတင်လှိုင်
(ဟသ်ာတ)
အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၄၆လမ်း၊အမှတ်၁၅၁နေ(ဒေါ်ခင်သောင်း)၏ ခင်ပွန်း၊ (ဦးဟန်ကြည်)(ဒေါ်တင်မြင့်)တို့၏ မောင်၊(ဦးစိန်ဝင်း)(ဒေါ်ကြည်ကြည်)၊ ဦးစိန်ထွန်း–ဒေါ်ခင်ညိမ်း (ဟသ်ာတ) တို့၏ အစ်ကို၊ ဦးကျော်–ဒေါ်နီနီတိုးတို့၏ဖခင်၊ မောင်ထူးကျော်လှိုင် (IAD-KMD)၊ မထည်ဝါကျော် (ပထမနှစ်–ကုန်ထုတ်ဓာတုဗေဒ)၊ မောင်တိုးအောင်လှိုင်(VI-C အထက–၅၊ဗိုလ်တထောင်) တို့၏ အဘိုးသည် ၂၄–၁–၂၀၀၄ရက် (စနေနေ့)နံနက် ၅နာရီတွင်အာရှတော်ဝင် နှလုံးအထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၂၆–၁–၂၀၀၄ရက်(တနင်္လာနေ့)မွန်းတည့် ၁၂နာရီတွင်ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။(အမှတ်၁၅၁၊၄၆လမ်း၊ ဗိုလ်တထောင် မြို့နယ်မှကားများနံနက် ၁၀:၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးအေးမောင်
ကုန်သွယ်/လယ်ယာ(ငြိမ်း)
အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကလေးရိပ်သာ၊ ၉လမ်း၊ အမှတ် ၂၆နေ ဒေါ်ငွေကျင်၏ခင်ပွန်း၊ (ဦးတိုး–ဒေါ်ငြိမ်း) တို့၏ သား၊ ဦးသက်နိုင်–မတင်တင်အေး၊ ဒေါ်သင်းသင်းကြူ–ဦးစိုးမြင့်၊ ဦးမျိုးလှိုင်–ဒေါ်ဖြူဖြူစိုး၊ ဦးသန်းနိုင်၊ ဦးသန်းထွေးတို့၏ ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၄–၁–၂၀၀၄ရက် နံနက် ၁၀:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆–၁–၂၀၀၄ ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဒေါ်သန်းရွှေ
(ထားဝယ်)
အသက်(၈၅)နှစ်

ထားဝယ်မြို့၊မြောက်ရွာရပ်နေ သိက္ခာတော်ရဆရာကြီး[ဦးငြိမ်းဖေ–ဆရာမ(ဒေါ်ဝါ)] တို့၏သမီးကြီး၊ မန္တလေးမြို့နေ (ဦးဝိ–ဒေါ်စီ) တို့၏ သမီးချွေးမ၊ (ဦးဝင်းမောင်)(ဂျာမန်ဟိုမီယိုပက်သီ)ဆေးဆရာကြီး၏ဇနီး၊(ဦးကိုကို)၏ညီမ၊ ဒေါ်သန်းတင်၊ ဒေါ်ငြိမ်းတင်၊ (ဦးမောင်သန်း)၊ ဒေါ်မေသိန်း (ကန်သာယာဆေးရုံ)၊ (ဦးမောင်မောင်ခင်)၊ ဒေါ်လှလှသိန်းတို့၏အစ်မကြီးသည်၂၃–၁–၂၀၀၄ရက် ည၁၁နာရီတွင် အမှတ် ဘီ–၆ (ပ) ထပ်၊၈၇လမ်း၊၃၃လမ်းနှင့်၃၄လမ်း ကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့နေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၅–၁–၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် စိန်မိုက်ကယ်ဘုရားရှိခိုးကျောင်းတွင် ဝတ်ပြုပြီး မန္တလေးမြို့ ခရစ်ယာန်သချိုင်းတွင် သဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမောင်နှမတစ်စု။

ရဟန်းဒါယိကာမကြီး
ဒေါ်ခင်စန်းမြင့်
အပတ်စဉ်(၇)
စစ်သူနာပြု(ငြိမ်း)
(စီးကုန်း)
အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ ယုဇနဥယျာဉ်မြို့တော်၊ ၇ လမ်း၊ (A)၊ တိုက် ၁၀၊ အခန်း ၀၀၂ နေ (ဦးထွန်းသိန်း–ဒေါ်ရီ)တို့၏သမီး၊ (ဦးသန်းမောင်)–ဒေါ်ခင်ညိုညိုတို့၏ သမီးချွေးမ၊ ဒေါ်သန်းခင်၊ ဒေါ်ခင်ချစ်၊ ဦးခင်မောင်–ဒေါ်အေးသိန်း၊ တကကစံပေါ်–ဒေါ်ခင်မြင့်တို့၏ညီမ၊ ဦးဝင်းကို (ဦးစီးအရာရှိ၊ အောင်ဘာလေသိန်းဆုဌာနခွဲ)–ဒေါ်လှလှသန်းတို့၏ အစ်မ၊ ဦးထွန်းလှအောင်(တပ်မတော်၊ ငြိမ်း၊ ကောင်းစေဆေးဆိုင်)၏ဇနီး၊ မခင်သူဇာထွန်း (M.Sc,S/2,Eng; Chemistry)၊ မောင်ဘိုဘိုသီဟအောင် (KBZ)၊ မဝင်းပပထွန်း (KBZ)တို့၏ မိခင်သည် ၂၄–၁–၂၀၀၄ ရက်(စနေနေ့) နံနက် ၂:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆–၁– ၂၀၀၄ ရက်(တနင်္လာနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

အင်းခွေးရောင်းရန်

အင်းခွေးပေါက်ကလေးများ ရောင်းရန် ရှိပါသည်။

၁၄၁၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်။

ဦးကျော် (မြင်းခြံ)
(အထက–၂၊ ရန်ကင်း)
(အထက–၂၊ မင်္ဂလာဒုံ)
(အောင်ဆန်းသူရိယလှသောင်းကျောင်း)
(အထက–၂၊ ရေဦး)
မြို့နယ်ပညာရေးမှူး(မင်္ဂလာဒုံ)
အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ ၁ လမ်း၊ အမှတ် ၅၄၁ (က)နေ ဒေါ်ယဉ်ကျေး (အငြိမ်းစားကျောင်းအုပ်ကြီး၊ အထက၊ထန်းတပင်)၏ခင်ပွန်း၊ (ဦးမြဒင်–ဒေါ်စိန်တင်)တို့၏ သား၊ (ဦးငွေစိုး)–ဒေါ်ဝံသ(မြင်းခြံ)တို့၏ မောင်၊ ဒေါ်ခင်အေးမြင့်(သတ္တဗေဒဌာန၊ ဆေးတက္ကသိုလ်၊ မန္တလေး)၏အစ်ကို၊ ဦးနွယ်အေး–ဒေါ်သင်းစပယ်(ရေအရင်းအမြစ်)၊ ဦးအောင်ဇေယျ(Chief Officer, Golden Eagle Co.,Ltd.)-ဒေါက်တာမိုးသူဇာ(Plastic, Maxillofacial & Oral Surg, YGH)၊ ဗိုလ်မှူးသက်အောင်(ယာယီတပ်ရင်းမှူး)–ဒေါ်ခင်မိုးဝေ၊ဒေါ်သီတာမွန်(Tongtah Co., Ltd.)၊ ဒေါက်တာထွန်းနေအောင် (1st Yr, Rehabilitation Medicine, IM-1)– ဒေါ်ခင်ဝါဝါကျော်တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၂၂–၁–၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁၂:၅၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆–၁–၂၀၀၄ရက်(တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်လီငြိမ်းကြည်
အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၈)ရပ်ကွက်၊ ၃၉လမ်း၊ အိမ်အမှတ် ၂၃၄(မြေညီ/ယာ)နေ(ဦးမောင်တင်)၏ ဇနီး၊ ဦးသောင်းထိုက်–ဒေါ်ခင်ကေသီမြင့်၊ ဒေါ်ဖောင်ရိတ်ချိန်– ဦးကြူးကြီးခွန်၊ ဦးဖောင်ဝိန်ဖတ်၊ ဒေါ်ဖောင် မွန်းကင်(ခ)မကျင်ကျင်–ဦးရှူရွမ်ရွမ်တို့၏မိခင်၊ မြေးလေးယောက်တို့၏ အဘွားသည် ၂၄–၁–၂၀၀၄ရက်နံနက်၆နာရီတွင် ကွယ်လွန်သွားပါ သဖြင့် ၂၆–၁–၂၀၀၄ ရက်နံနက်၁၀နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၈:၄၅နာရီတွင် ထွက်ခွာပါ မည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာ (သဲအင်းယောဂီ)
ဦးတင်လှိုင်
(ဟသ်ာတ)
အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၄၆လမ်း၊အမှတ်၁၅၁နေ(ဒေါ်ခင်သောင်း)၏ ခင်ပွန်း၊(ဦးဟန်ကြည်)(ဒေါ်တင်မြင့်)တို့၏ မောင်၊ (ဦးစိန်ဝင်း)(ဒေါ်ကြည်ကြည်)၊ ဦးစိန်ထွန်း–ဒေါ်ခင်ညိမ်း (ဟသ်ာတ)တို့၏အစ်ကို၊ ဦးဝင်းမြင့်အောင်၊ ဦးသန်းထွဋ်–ဒေါ်ဝါဝါဝင်း ရွှေ၊ ဦးကျော်စိန်–ဒေါ်ခင်မာမြင့်(Pepsi Shop) စားတော်ဆက်၊ (ဦးလှမောင်)–ဒေါ်ခင်ခင်၊ ဦးမောင်မောင်–ဒေါ်သန်းသန်းတိုး (ရတနာထွန်း စတိုး)၊ ဦးဝင်းတင်–ဒေါ်ကြွယ်ကြွယ်၊ (ဦးခင်မောင်စံ)–ဒေါ်သန်းသန်းဝင်း၊ ဦးအောင်ဝင်း–ဒေါ်ခင်ဆွေဝင်း၊ ဒေါ်ဝါဝါဝင်း၊ ဒေါ်မာလာဝင်း၊ ဒေါ်သီတာဝင်း၊ ဒေါ်ခင်သန်းဝင်း၊ ဦးကျော်ဇောမောင်၊ ဒေါ်ခင်မာရီ၊ ဒေါ်လှလှခိုင်တို့၏ဦးလေးသည် ၂၄–၁–၂၀၀၄ရက်(စနေနေ့)နံနက်၅နာရီတွင် အာရှတော်ဝင် နှလုံးအထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၂၆–၁–၂၀၀၄ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီ တွင်ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(အမှတ်၁၅၁၊၄၆လမ်း၊ ဗိုလ်တထောင်မြို့နယ်မှ ကားများ နံနက် ၁၀:၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်းဒါယကာကြီး
ဦးဖောင်သာအောင်
(စစ်တွေမြို့)
အသက် (၈၆) နှစ်

စစ်တွေမြို့၊ မောလိပ်ရပ်ကွက်၊ ဈေးလမ်း၊ အမှတ်၂၀၀နေ ဒေါ်စောမြစိန်၏ ခင်ပွန်း၊ ဦးစောလှဖြူ–ဒေါ်ခင်ခင်ရွှေ၊ ခင်စိန်လှိုင်၊ ဦးမျိုးလှိုင်ထွန်း(သချာဌာန)–ဒေါ်လှလှသန်း (ပညာရေးသဘောတရားဌာန ဖွံ့ဖြိုးရေးတက္ကသိုလ် စစ်ကိုင်းတိုင်း)တို့၏ ဖခင်၊ ဦးသိန်းစိုးဖြူ–ဒေါ်မေမူတို့၏ ဦးရီး၊ နွယ်နီစိုး၊ ကျော်ကျော်စိုး၊ အောင်အောင်စိုး(B.Sc Phy)၊ နီလာစိုး၊ နိုင်နိုင်စိုး၊ နိုင်လင်းစိုး၊ ပြည့်ဖြိုးလှိုင်(ပ–နှစ် သချာ)၊ ဖြိုးအောင်၊ ဖြိုးကျော်၊ ခင်ဇာလီဖြိုး၊ ယုဇာလီဖြိုးတို့၏ အဘိုးရင်သည် ၂၃–၁–၂၀၀၄ ရက်(သောကြာနေ့)နံနက်၄:၅၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄–၁–၂၀၀၄ရက် (စနေနေ့) မွန်းလွဲ၂နာရီတွင် စစ်တွေမြို့ အာကျိုက်တော်ကုန်းသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးလှမောင်
(ဒု–ဌာနခွဲ၊ အင်/ယာ)
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ငြိမ်း)
ရေနံ့ချောင်း
အသက်(၇၃)နှစ်

ရေနံ့ချောင်းမြို့၊ ရွှေကြာငုံရပ်နေ (ဦးရွှေကူ–ဒေါ်ထားရှင်)တို့၏သားကြီး၊ (ဦးချန်ထွန်း–ဒေါ်အေးတင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ တိုက် ၇၊ အခန်း၅၊ မာဃလမ်း၊လှိုင်မြင့်မိုရ်အိမ်ရာနေ ဒေါ်ခင်ရွှေရွှေ (စက်မှု–၁၊ ငြိမ်း)၏ ခင်ပွန်း၊ (ဦးစန်–မွေး/ရေ) – ဒေါ်တင်တင်လှ၊ (ဦးတင်မြင့်–တိုင်းအင်/ယာ)–ဒေါ်ခင်ထွေးဝင့်၊ (ဦးတင်ထူး–ကကငွေ)တို့၏ အစ်ကိုကြီး၊ (ဦးစန်းလွင်ဦး)၊ ဒေါ်ငွေငွေမာ(သရုပ်ပြ၊ သတ္တဗေဒဌာန–ရန်ကုန် အနောက်ပိုင်းတက္ကသိုလ်)၊ ဦးဝင်းမိုး (GM, Central Marketing Co.,Ltd.) တို့၏ဖခင်၊ တူ၊တူမငါးယောက်တို့၏ ဘကြီးသည် ၂၄–၁–၂၀၀၄ရက်(စနေနေ့) ၀၀:၃၀ နာရီတွင် ရွှေဂုံတိုင် အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၆–၁–၂၀၀၄ရက်(တနင်္လာနေ့)နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီး သဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ နံနက်၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်မမလေး
အသက်(၉၂)နှစ်

မန္တလေးမြို့နေ(ဦးကွန်း–ဒေါ်ထွေး)တို့၏သမီး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ် ကျိုက္ကဆံရပ်ကွက်၊ ကနကမာလမ်း၊ အမှတ် ၇နေ(ဦးကိုကြီး)၏ဇနီး၊ ဒေါ်တင်အေး၏ မိခင်၊ ကိုအေးကိုကို (Bagan Cybartech)၏အဘွား၊မန္တလေးမြို့နေ ဦးလှစိန်(ညွှန်ကြားရေးမှူး၊ငြိမ်း၊ စက်မှု/စားကုန်၊ စက်မှု(၁)–(ဒေါ်ကြည်ကြည်)တို့၏ အဒေါ်၊ ကိုအောင်ခိုင်–မဆွေဆွေလှ၊ ကိုဇော်လွင်–မစန်းစန်းလှတို့၏ အဘွား၊ မြစ်လေးယောက်တို့၏ ဘွားဘွားကြီးသည် ၂၃–၁–၂၀၀၄ ရက် (သောကြာနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားပါ၍ ၂၅–၁–၂၀၀၄ ရက် (တနင်္ဂနွေနေ့)ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်ဒါယိကာမကြီး
ဒေါ်တင့်တင့်ထွန်း
(B.A, Diped)
[အထပြ(ငြိမ်း)၊ မုံရွာ]
အသက်(၆၃)နှစ်

ရေဦးမြို့နေ (ဦးဘိုထွန်း–ဒေါ်စောတင်)တို့၏သမီးထွေး၊ မုံရွာမြို့နေ ဦးသာငွေး(အငြိမ်းစားကျောင်းဆရာကြီး)၏ ဇနီး၊ ကုန်သည်ဦးစိုးသန်း–ဒေါ်လွင်လွင်ငွေး(မုံရွာမြို့)၊ ဗိုလ်မှူးကျော်စိုး–ဒေါ်စိုးစိုးငွေး(အင်းတိုင်)၊ ဗိုလ်မှူးခင်မောင်လတ်–ဒေါ်ကေခိုင်ငွေး(မြိတ်)တို့၏မိခင်ကြီး၊ မောင်ငြိမ်းချမ်းစိုး၊ မမေစပယ်စိုး၊ မအေးသပြေလတ်၊ မသဇင်စိုး၊ မဇွန် မာလာလတ်၊မောင်အာကာကျော်စိုးတို့၏ အဘွားသည် ၂၃–၁–၂၀၀၄ရက် ည ၉နာရီတွင် လှည်းကူးမြို့နယ် အင်းတိုင်၌ ကွယ်လွန်သွားပါသဖြင့် ၂၅–၁–၂၀၀၄ ရက် (တနင်္ဂနွေနေ့)မွန်းလွဲ၁နာရီတွင် မင်းလွင်ကုန်းသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးဝင်းငွေး
P.T.T Co.,Ltd.
B.Sc (Maths)
(သစ်ရာကောက်၊မကွေးမြို့နယ်)
အသက်(၃၇)နှစ်

မကွေးမြို့နယ်၊ သစ်ရာကောက်ရွာနေ ဦးညီသန့်–ဒေါ်လန်းတို့၏သား၊ အင်းစိန်မြို့နယ်၊ရွာမအရှေ့၊သီရိမင်္ဂလာ ၁ လမ်း၊ အမှတ် ၁၃၀နေ(ဦးချစ်လှ)–ဒေါ်သန္တာနတို့၏ သားသမက်၊ ဦးမောင်ဝင်း–ဒေါ်တင်နွဲ့၊ ဦးအောင်ဝင်း–ဒေါ်ခင်နွဲ့၊ ဦးကျော်မြင့်–ဒေါ်ကြည်မြင့်၊ ဦးဇော်ဝင်း–ဒေါ်အမာရီ၊ ဦးရဲကြည်–ဒေါ်အေးမူ၊ ဦးစိုးမြင့်–ဒေါ်ဝမ်းပုံ၊ (ဦးခင်မောင်ဇင်)–ဒေါ်အေးအေးတို့၏ညီ/မောင်၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ် ၁၅၈ နေ မမြင့်မြင့်စန်း၏ခင်ပွန်း၊ မဖြူယမင်းသန့်၏ဖခင်သည် ၂၃–၁–၂၀၀၄ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၅–၁–၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

မစမ်းဝင်းမော်
အသက်(၃၅)နှစ်

ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊အမှတ် ၂၀၉၊ဗဟိုလမ်းနေ (ဦးအိလူး) ဦးဘကြူး၊ ဒေါ်နှင်းမေတို့၏သမီး၊ ဦးကျော်လင်း–ဒေါ်လှလှငွေး (အလက–၃၊စမ်းချောင်း)၊ ဦး ကျော်ထူးအောင်–မအေးအေးကြည်တို့၏ ညီမ၊ မခင်မာဝင်း(Grand Phamacy)တို့၏အစ်မသည် ၂၄–၁–၂၀၀၄ရက်(စနေနေ့) နံနက် ၁:၄၅နာရီတွင်ကွယ်လွန်ပါ၍ ၂၆–၁–၂၀၀၄ ရက် (တနင်္လာနေ့)မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ မွန်းတည့်၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မနန်းဦးထိုက်
Final (Eco)
(အရှေ့ပိုင်းတက္ကသိုလ်)
အသက်(၂၄)နှစ်

(ဦးစိန်မောင်)–ဒေါ်ကျင်ရွှေ၊(ဦးချွေး–ဒေါ်အေးချမ်း)တို့၏မြေး၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၂)မြောက်ရပ်ကွက်၊ ဇင်မလမ်း၊ အမှတ် ၅၂ နေ ဦးညွှန့်ဝေ–ဒေါ်ဝင်းရီ(ခ) ဒေါ်ရီရီဝင်းတို့၏ သမီးငယ်၊ ကိုဝင်းမင်းထွန်း–မသီင်္ဂလွင်၊ ဗိုလ်ကြီးဇေယျာထွန်းတို့၏ညီမ၊ မောင်မိုးဟိန်းကျော်၊မောင်ညီလင်းထက် တို့၏ အဒေါ်သည် ၂၄–၁–၂၀၀၄ရက် (စနေနေ့) နံနက်၀၀:၄၀နာရီတွင် ဗဟိုရ်စည် အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၆–၁–၂၀၀၄ရက် (တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမောင်ဝင်း(ခ)
ချီချက်မိန်
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဝါးတန်း လမ်း၊ အမှတ်၉၇/ A၊ တတိယလွှာနေ (ဦးနီရုံ–ဒေါ်ယဉ်မြိုင်)တို့၏သား၊ ဒေါ်ကျင်(ခ)ချင်ငုတ်ကျင်၏ ခင်ပွန်း၊ ကိုမျိုးအောင်–မစန်းမြင့်၊ မစန်းအေး၊ (မစန်းရီ)၊ ကိုမြင့်သန်း–မစန်းကြည်၊ မောင်တိုးမောင်၊ မစန်းဝင်း၊ မောင်တိုးအောင်တို့၏ ဖခင်၊ မအိဟန်နီမျိုး (အထက–၁၊ဒဂုံ)၊ မမြတ်မိုမိုအောင် (အထက–၁၊ဒဂုံ)၊ မယဉ်မျိုးမျိုးနိုင် (အလက–၁၊ဒဂုံ)၊ မောင်ဇော်ဇော်အောင်၊ မိုက်လိယွမ်တို့၏အဘိုးသည် ၂၂–၁–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၂၆–၁–၂၀၀၄ ရက် နံနက် ၁၁နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ရေဝေးကောင်းတံ တရုတ်သုသာန်သို့ ပို့ဆောင်မြေမြှုပ်သဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက်၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်း၊ဇရပ် ဒါယိကာမကြီး
ဒေါ်မြင့်ခင်(ခ)အန်းမကြီး
ဆက်သွယ်ရေး(ငြိမ်း)
အောင်ကြီးစတိုး(သုဝဏ္ဏ)
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ၁၆၅/၁၊ သံသုမာလမ်း၊ သုဝဏ္ဏမြို့နေ [အင်ဟွာခင်း(ခ)ဦးခင်မောင်ဒီ]၏ဇနီး၊ (ဦးချွန်း–ဒေါ်ထိန်)တို့၏သမီး၊ (အင်ဖင်တင်း–ဒေါ်ကျင်စိန်)တို့၏သမီးချွေးမ၊ (ဦးတင်ဝင်း)၏ ညီမ၊ ဦးအောင်မြင့်–ဒေါ်ခင်ခင်စု၊ (ဦးရင်မောင်)တို့၏အစ်မ၊ ရှီးကြည့်စံ–ဒေါ်ခင်မာကြည်(ခ)မီးမီး၊ (ဦးကျော်စိုး)–ဒေါ်ခင်မာရီ(ခ)ပဲပဲတို့၏မိခင်ကြီး၊ မောင်အောင်စိုးမိုး၊ မောင်ဝေဖြိုးနိုင်၊ မောင်ကျော်စိုးမိုး (ရေကြောင်းသိပ္ပံ)၊ မောင်ကျော်စိုးနောင် (အထက–၂၊ ကမာရွတ်)တို့၏အဘွားသည် ၂၂–၁–၂၀၀၄ရက် (ကြာသပတေးနေ့)ည ၁၀:၅၀ နာရီတွင် သျှင်ပါကူဆေးခန်း၌ကွယ်လွန်သွားပါ၍ ၂၆–၁–၂၀၀၄ရက်(တနင်္လာနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
Pa Ral Bik°
(ခ)ဦးတင်သိန်း
အသက်(၅၄)နှစ်

ဒဂုံ(အရှေ့ပိုင်း)မြို့နယ်၊၆/၂၁၅၊ ကြယ်တံခွန်လမ်းနေ Pa Cong Ci Le Nu- DonVangတို့၏ ဒုတိယမြောက် သား၊ Rev. Zung Hmung°၏ညီ၊ Rev. No Hmung, Nu. Khuang Sung, Nu. Phun Zing, Pa. Khaw Za Thang တို့၏အစ်ကို၊ Saya Ngun Khaw Zam, Bawi Hlawn Sang, No Men Par, Van Khaw Lian နှင့် Saw Nai တို့၏ဖခင်၊ Bawi Lian Thang၏ အဘိုး၊ Nu Sai Vel°၏ ခင်ပွန်း၊ Pa Ral Bik°(ခ) ဦးတင်သိန်း(Southern Metal Industry Co., Ltd.) သည် ၂၃– ၁–၂၀၀၄ရက် (သောကြာနေ့)မွန်းလွဲ ၁၂:၃၀ နာရီတွင် ခရစ်တော်၌အိပ်ပျော် သွားပါသဖြင့် ၂၄–၁–၂၀၀၄ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် ဂူသွင်းသဂြိုဟ်ပြီး ဖြစ်ကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ယူတင်အေး(ခ)ကော့ဝှါ
အသက်(၄၇)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ရွှေတောင်တန်းလမ်း၊အမှတ်၁၀၄၊ ပထမထပ်နေ [ယူဟုန်စိန်–ဒေါ်အေးစိန် (ခ) အင်ရောက်လန်း]တို့၏ သားငယ်၊ ယူအိုက်တင်၊ ယူတင်တင်၊ယူတင်ကြည်၊ ယူစိန်ထွန်းတို့၏ ညီ မောင်သည် ၂၃–၁–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၅–၁–၂၀၀၄ရက် နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ
နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်
ဘဒ္ဒန္တ သာသနမဟာထေရ်
သက်တော်(၉၀)၊ သိက္ခာတော်(၇၀)

ရန်ကုန်တိုင်း၊ တောင်ပိုင်းခရိုင်၊ သုံးခွမြို့၊ သုံးဿန်ကျောင်း(သဲအင်းဂူ သာသနာ့အောင်ဗိမာန်ကျောင်းတိုက်၊ ဝိဇ္ဇောဒယ ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းတိုက်ကြီးတို့၏ ဦးစီးပဓာနမဟာနာယက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသာသနမဟာထေရ်သည် ၁၃၆၅ခုနှစ် ပြာသိုလကွယ်နေ့(၂၁–၁–၂၀၀၄ရက်)ဗုဒ္ဓဟူးနေ့ နံနက် ၁၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၅ခုနှစ် တပို့တွဲလဆန်း ၆ ရက် (၂၇–၁–၂၀၀၄ရက်) မွန်းလွဲ ၁ နာရီတွင် အန္တိမအဂ္ဂိဈာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်းတပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဆရာတော်ဘဒ္ဒန္တ ကုမာရနှင့်ဈာပနကျင်းပရေးကော်မတီ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဆရာတော် ဘဒ္ဒန္တ စန္ဒောဘာသ
(ရေစကြို/မြိုင်)
သက်တော်(၈၉)နှစ်၊ သိက္ခာတော်(၆၉)ဝါ

မကွေးတိုင်း၊ ရေစကြိုမြို့နယ်၊ မြိုင်မြို့နယ်၊ နိပဆေးတော၊ ပြည်တော်အေး၊ အောင်ချမ်းသာရွာ၊ ဆုတောင်းပြည့်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဖြစ်တော်မူသော ဘဒ္ဒန္တ စန္ဒောဘာသ သက်တော်ရှည် ဆရာတော်ဘုရားကြီးသည် ၁၃၆၅ ခုနှစ် ပြာသိုလဆန်း ၇ ရက် (၂၉–၁၂–၂၀၀၃)ရက်နေ့ ည ၁၂:၄၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ၁၃၆၅ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၁၊ ၁၂ ရက်၊ (၂၀၀၄ခုနှစ် ဖေဖော်ဝါရီလ ၁၆၊ ၁၇)နေ့များတွင် အန္တိမဈာပန သာဓုကီဠနသဘင် ဆင်ယဉ်ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း တပည့်သံဃာတော်များနှင့် တပည့်ဒါယက ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ၊ ရေစကြိုမြို့နယ် နိပဆေးတောရွာနှင့်၊ မြိုင်မြို့နယ်၊ ပြည်တော်အေးရွာ၊ အောင်ချမ်းသာရွာ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
နတ်မောက်မြို့နယ် မကျီးတောကျောင်းဆရာတော်
ဘဒ္ဒန္တ ဇောတိကမဟာထေရ်
သက်တော် (၈၆)နှစ်၊ သိက္ခာတော် (၆၆)ဝါ

မကွေးတိုင်း၊ နတ်မောက်မြို့နယ်၊ ကန်ကြီးရပ်၊ ရန်အောင်မြင်မကျီးတောကျောင်းတိုက်၏ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တ ဇောတိကမဟာထေရ်သည် ၁၃၆၅ခုနှစ် ပြာသိုလပြည့်ကျော် ၈ရက် (၁၄–၁–၂၀၀၄) ရက်ဗုဒ္ဓဟူးနေ့ နံနက် ၄:၅၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ၁၃၆၅ခုနှစ် တပို့တွဲ လပြည့်ကျော် ၁၃၊၁၄ရက်(၁၈၊၁၉–၂–၂၀၀၄)ရက်ဗုဒ္ဓဟူး၊ ကြာသပတေးနေ့များတွင် အန္တိမအဂ္ဂိဈာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့် သံဃာတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ ဈာပနကျင်းပရေးကော်မတီ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ပဏ္ဍိတမဟာထေရ်
(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) အောင်ဇမ္ဗူပရိယတ္တိစာသင်တိုက်
ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ
ပဓာနနာယကဆရာတော်
သက်တော်(၈၀)၊ သိက္ခာတော်(၄၅)ဝါ

ရန်ကုန်တိုင်း၊ ကော့မှူးမြို့နယ်၊ ဆင်ခြံကျေးရွာ၊ အောင်ဇမ္ဗူ ပရိယတ္တိစာသင်တိုက်၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့်လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ၏ ပဓာနနာယကဆရာတော်ဘဒ္ဒန္တပဏ္ဍိတမဟာထေရ်သည် ၁၃၆၅ခုနှစ် ပြာသိုလကွယ်နေ့ (၂၁–၁–၂၀၀၄)ရက် ဗုဒ္ဓဟူးနေ့နံနက် ၉:၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသည်ဖြစ်ပါသဖြင့် ဆရာတော်ကြီး၏ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၅ခုနှစ် တပေါင်းလပြည့်ကျော် ၂ရက် (၇–၂–၂၀၀၄)ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် သာဓုကီဠနအန္တိမအဂ္ဂိ ဈာပနသဘင် ဆင်ယင်ကျင်းပပူဇော်မည် ဖြစ်ပါကြောင်းတပည့် သံဃာ၊ ဒါယကာ၊ ဒါယိကာမ အပေါင်းအား အကြောင်းကြားသိစေအပ်ပါသည်။

ဆရာတော်ဦးကေတုမာလာနှင့် တပည့်သံဃာ၊ဒါယကာ၊ ဒါယိကာမများ။

အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူခြင်း
ဗိုလ်ကြီး ဘကြည် (ငြိမ်း)
(ဗိုလ်သင်တန်း အပတ်စဉ်–၁၈)
မထသဌာနခွဲ(၈)ဌာနခွဲမှူးဟောင်း
အသက်(၈၃)နှစ်

ကသာမြို့နေ(အငြိမ်းစား ကျောင်းအုပ်ဆရာကြီး ဟာဂျီ ဦးယူစွတ်–ဒေါ်မမလေး)တို့၏သား၊ ရန်ကုန်မြို့၊ ၁၁၂၊ မဟာဗန္ဓုလ လမ်း၊ပုဇွန်တောင်မြို့နယ်နေ (ဒေါ်ခင်ရီ) ဒေါ်ကြည်တို့၏ ခင်ပွန်း၊ တပ်ကြပ်ကြီး ဇော်ဝင်း (မင်္ဂလာဒုံ)(ဒေါ်ခင်စန်းမြင့်)၊ဒေါက်တာသန်းဖေ(မြစ်ကြီးနားဆေးရုံအုပ်ကြီး၊ ငြိမ်း) ဒေါ်နီနီဝင်း၊ ဦးသန်းထွန်း (Director Geo Team) ဒေါ်ဖြူဖြူဝင်း (ဘူမိဗေဒအရာရှိ၊ ဘဓရ) ဦးမင်းစိန်(အင်ဂျင်နီယာ) ဒေါ်ကြူကြူဝင်း(အင်ဂျင်နီယာ)၊ ဒေါ်မူမူဝင်း (ဆေးသုတေသန ဦးစီးဌာန)တို့၏ ဖခင်၊ မြေး ခြောက်ယောက်တို့၏ အဘိုးသည် ၂၀–၁–၂၀၀၄ ရက် (အင်္ဂါနေ့) နံနက် ၆:၃၀ နာရီတွင် အလ္လာဟ်အရှင်မြတ်အမိန့်ခံယူသွားပါသဖြင့် ၎င်းနေ့ ဇဟိုရ်နမားဇ်အပြီးတွင် ရေဝေးကဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးကျော်ဇော(ခ)ဦးကျော်သိန်း
(မြင်းခြံ)
စား/ထွေ မန်နေဂျာ(အငြိမ်းစား)
အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ (ဦးဘဒင်–ဒေါ်ရွှေညွှန့်)တို့၏ သားကြီး၊ ဒေါ်တင်တင်ဦး၊ ဒေါ်ရင်ရင်မြင့်တို့၏မောင်၊ (ဦးမောင်မောင်ညွှန့်)၊ ဗိုလ်မှူးအောင်ချစ်(ငြိမ်း)–ဒေါ်ခင်နွဲ့၊ ဗိုလ်မှူးစန်းအောင်(ငြိမ်း)–ဒေါ်သန်းသန်းစိန်တို့၏ အစ်ကိုကြီး၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ အမှတ် ၄၉ နေ ဒေါ်ခင်မြ၏ခင်ပွန်း၊ (ဦးမြတ်ဆွေ၊ ဒုအကောက်ခွန်မှူး)–ဒေါ်စန်းစန်းဝင်း၊ ဦးစန်းကြည် (Lizstar)–ဒေါ်တင်တင်အေး၊ဦးထွန်းအောင်(ရွှေပင်လယ်ဗီဒီယို)–ဒေါ်စန္ဒာဇော်(အထက–၂၊ တာမွေ)၊ ဦးကျော်ကျော်(၇) (ဒုအကောက်ခွန်မှူး) – ဒေါ်မိုးမိုးမြင့် (အကောက်ခွန်ဦးစီးဌာန)တို့၏ ဖခင်၊ မြေး ရှစ်ယောက်တို့၏အဘိုးသည် ၂၃–၁–၂၀၀၄ရက် ညနေ ၆:၃၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၅–၁–၂၀၀၄ရက်(တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ R. 488

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ငမိုးရိပ်ချောင်းရေထိန်းတံခါးတည်ဆောက်ရေးစစ်ဆေး ငမိုးရိပ်ချောင်းရေထိန်းတံခါးပြီးစီးပါက နွေစပါးဧက ၅၀၀၀ အကျိုးပြုမည်

ရန်ကုန် ဇန်နဝါရီ ၂၄

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်နှင့် လှည်းကူးမြို့နယ်တို့သို့သွားရောက်၍ နွေစပါးစိုက်ပျိုးထားရှိမှုအခြေအနေများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်ချက်များမှာကြားဖြည့်ဆည်းပေးသည်။ **(အောက်ပုံ)**

စာမျက်နှာ ၇ ကော်လံ ၁ ✡

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ယနေ့ထုတ်စောင်ရေ ၂၀ ၂၀၀၈

MCC နှင့် NCC တို့ ပူးပေါင်း စီစဉ်သော BCIS, IADCS နှင့် IDCSသင်တန်းများ၏ ၂၀၀၃ ခုနှစ် စာသင်နှစ်အတွက် ကွန်ပျူတာ ဒီပလိုမာ အပ်နှင်းပွဲတွင် အာရှဒေသတွင်း အမြင့်ဆုံး ထူးချွန်ဆုရရှိသူ မသန္တာဖြူ။

ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

အနာဂတ်မြန်မာ့နည်းပညာကမ္ဘာကိုဖန်တီးမည့် ဖန်တီးရှင်လူငယ်များမကြာမီပေါ်ထွန်းတော့မည်

သတင်းဆောင်းပါး–မောင်မောင်စိုး၊ ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၂၄

ယနေ့ မြန်မာလူငယ်လူရွယ် အတော်များများသည် ဉာဏ်ရည် ဉာဏ်သွေး ထက်မြက်ကြသူများဖြစ်ကြသည်။ အိုင်စီတီနည်းပညာနယ်ပယ်တွင် အဆင့်မီမီ လေ့လာဆည်းပူးနိုင်ကြသည်။ မကြာသေးမီ ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၇ ရက်က ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သော အာရှ– ပစိဖိတ်ဒေသဆိုင်ရာ Asia-Pacific ICT Awards (APICTA) ပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ ငါးဦး သွားရောက်ယှဉ်ပြိုင်ခဲ့ရာ MCC မှ ကိုပြည့်စုံက e-Government Category ၌ GMIS ဆော့ဖ်ဝဲဖြင့် ဂုဏ်ပြု အထူးဆု ရရှိခဲ့သည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

"နိုင်ငံခြား သွားသင်စရာမလိုအောင် မြန်မာနိုင်ငံမှာပဲ ငွေကုန်ကြေးကျ သက်သက်သာသာနဲ့ နိုင်ငံတကာအသိအမှတ်ပြုလက်မှတ် ရရှိနိုင်ပါတယ်" ဆရာဦးကျော်ထင်

ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)

မြန်မာ့အိုင်စီတီနည်းပညာဖွံ့ဖြိုးတိုးတက်မှုများ မျက်ဝါးထင်ထင်တွေ့မြင်ရသည့် မြန်မာအိုင်စီတီပြပွဲ

သတင်းဆောင်းပါး–မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၂၄

မြန်မာနိုင်ငံတွင် အိုင်စီတီနည်းပညာ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊ တစ်ကမ္ဘာလုံးတွင် တိုးတက်လျက်ရှိသော အိုင်စီတီနည်းပညာရပ်များကို ပြည်သူများလက်တွေ့သိရှိပြီး အသုံးချနိုင်စေရန်၊ပြည်တွင်း၌ အိုင်စီတီ ကျွမ်းကျင်သူများ၏ အရည်အသွေး ပိုမိုမြင့်မားလာစေရန် နိုင်ငံတော်က အားသွန်ခွန်စိုက် ကူညီပံ့ပိုးပေးလျက်ရှိသည့်နည်းတူ မြန်မာအိုင်စီတီ ရက်သတ္တပတ်ပြပွဲများလည်း စဉ်ဆက်မပြတ်ပြုလုပ်ပေးခဲ့သည်။ *စာမျက်နှာ ၉ ကော်လံ ၁* ●

တတိယအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ် ၂၀၀၄ ပြပွဲတွင် ပြသထားသော Computer Marketing ပြခန်း၌ ပြည်သူများ စိတ်ဝင်တစား လေ့လာကြည့်ရှုနေကြစဉ်။ ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)

ကမ္ဘာတစ်လွှားထူးထူးခြားခြား

ငါးပေါသည့်ဆူလူ–ဆူလာဝီစီဒေသ



မလေးရှားနိုင်ငံ လင်ကာယမ်ကျွန်းအနီး ရေမငါးအုပ်ကြီးတစ်အုပ် ကူးခတ်နေသည်ကို တွေ့ရစဉ်။

အဆိုပါဒေသသည် ဆူလူ–ဆူလာဝီစီ ပင်လယ်ပြင် စီးပွားရေးဒေသဖြစ်ပြီး ငါး အလွန်ပေါများသည်။

၎င်းဆူလူ–ဆူလာဝီစီ ပင်လယ်ပြင် စီးပွားရေးဒေသသည် အင်ဒိုနီးရှား၊ မလေးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့ ထိစပ်လျက်ရှိသော နယ်နိမိတ်ဒေသဖြစ်သည်။ ၎င်းဒေသသည် ရေသတ္တဝါ ၄၅ သန်းကျော်မျှ ပေါကြွယ်ဝသော ဒေသဖြစ်ပြီး ကမ္ဘာ့ပင်လယ် သတ္တဝါများ ကျက်စားလျက်ရှိသည်။ **(ရိုက်တာ)**

ရွက်လှေပြိုင်ပွဲကြီး

ဇန်နဝါရီ ၂၂ ရက်က ဖလော်ရီဒါပြည်နယ် ကီးဝက်စ်၌ ဆဋ္ဌမကြိမ်မြောက် တာရာနိုဗာထရိတ်ဒင်းကီးဝက်စ် ရွက်လှေပြိုင်ပွဲကို စတင်ကျင်းပသည်။

အဆိုပါ ရွက်လှေပြိုင်ပွဲကို နိုင်ငံပေါင်း၁၈နိုင်ငံမှ ရွက်လှေ၃၀၁စင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲအမျိုးအစား ၂၁ မျိုး ခွဲခြားယှဉ်ပြိုင်ကြသည်။ **(အောက်ပုံ)** **(ရိုက်တာ)**

ကျေးငှက်နှင့် မုဆိုးပြိုင်ပွဲ

ဇန်နဝါရီ ၂၃ ရက်က ကာဇက်စတန်နိုင်ငံ အယ်မတ်တီမြို့ မြောက်ဘက် မိုင် ၂၇၀ အကွာရှိ တယ်ရီကိုဂန်ဒေသ၌ ငှက်များဖြင့် မုဆိုးများ ပြိုင်ပွဲကျင်းပရာတွင် ပြိုင်ပွဲဝင်သူ ကာဇက်အမျိုးသမီး မုဆိုးတစ်ဦးက သူမ၏သိမ်းငှက်ကြီးကိုလွှတ်၍ ပြိုင်ပွဲဝင်နေစဉ်။ **(အပေါ်ပုံ)**

အဆိုပါ ပြိုင်ပွဲမှာ ရှေးဟောင်းရိုးရာဓလေ့ပြိုင်ပွဲတစ်ရပ်ဖြစ်ပြီး နိုင်ငံတစ်ဝန်းမှ လေ့ကျင့်သင်ကြားပေးထားသော ကျေးငှက်များနှင့်အတူ မုဆိုးအကျော်အမော်များ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ **(ရိုက်တာ)**